www.burmeseclassic.com

ဦးပုည

# ရေသည်ပြဇာတ်

BURMESE CLASSIC .com

သုဓမ္မဝတီစာပုံနှိပ်တိုက်။
တိုက်နံပါတ် ၅၅ - ၅၆။ စစ်ကဲမောင်နိုင်လမ်း။ ရန်ကုန်မြို့။
၁၉၄၉။

www.burmeseclassic.com

www.burmeseclassic.com

# စလေ ဦးပုည အတ္ထုပ္ပတ္တိ

နှင့်

ဂင်္ဂါမာလ ဇာတ်တော်

# ရေသည်ပြဇာတ်။

စီရင်သော

အမျိုးသား ပညာဝန် ဦးဖိုးကျား။

သုဓမ္မဝတီစာပုံနှိပ်တိုက်။
တိုက်နံပါတ် ၅၅ - ၅၆။ စစ်ကဲမောင်နှိုင်လမ်း။ ရန်ကုန်မြို့။
၁၉၄၆။

www.burmeseclassic.com

www.burmeseclassic.com

# စလေ ဦးပုည အတ္ထုပ္ပတ္တိ

နှင့်

# ရေသည်ပြဇာတ်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ပဏာမနှင့် နိဒါန်း။**

---

အကျွန်ုပ်သည်၊ဘုရား,တရား,သံဃာ,ရတနာမြတ်သုံးပါး၊ ဆရာသမားတို့အား၊ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ရှိခိုးပါ၏။ ရှိခိုးပြီးသော်၊ စလေဆရာကြီး ဦးပုညသည် ရေးသားအပ်သည့်၊ ဂင်္ဂါမာလဇာတ်မည်သော ရေသည် ပြဇာတ်ကို၊ ကြီးကြပ်ပြင်ဆင်၊ အဓိပ္ပါယ်ထွင်လျက်၊ စီရင်ရေးထုတ်ပါအံ့။ သို့မရေးထုတ်မီ၊ ထိုစလေဆရာကြီး၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကိုလည်း၊ သိတန်ကောင်းမျှ၊ မဆွဦးစွာ၊ ရေးပြပါလေအံ့။

---

**စလေဆရာကြီး ဦးပုညအကြောင်း။**

၁၂၈၄-ခု၊ ပြာသိုလထုတ်-သူရိယမဂ္ဂဇင်းတွင်၊ ရေးသူအမည်မပါဘဲ၊ စလေဦးပုည အကြောင်း အနည်းငယ် ပါလေသည်။ ထို့နောက်၊ ၁၂၈၈-ခု ပြာသိုလထုတ်-သူရိယမဂ္ဂဇင်းတွင်ပင်၊ကျောက်ဆည်မြို့၊ဂန္ထတ္တိရ ဗဟုသုတအသင်း၊ အကျိုးဆောင် ဆရာကြီး-စာပြင်ဆရာ-ဆရာအိုအမည်နှင့်၊အတန်ပြည့်စုံစွာ တကြိမ်ထပ်၍ ပါပြန်လေသည်။*

---

* ထိုသို့ ၂-ကြိမ်ပါသည့်မှာ၊ ၁၉၂၅-ခု၊ဩဂုတ်လထုတ်၊မြန်မာပြည် သုတေသနအသင်းဂျာနယ်တွင်၊ဦးဘသိန်းရေးသားချက်မှုရင်း၊ ၁၉၂၆-ခု၊ဩဂုတ်လထုတ်၊ဦးဇိုရေးသားချက်မှုရင်း၊အသီးသီး တဆင့်ရရှိကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆရာအိုမှာ၊ လယ်ဝန်သံတော်ဆင့်မင်း-ဆောမြို့စား စေဥ္စကူး မြို့ဝန်မင်းဦးစိ၏ တူအရင်းဖြစ်၍၊ ၎င်းဦးစိထံမှ ဦးပုည၏အကြောင်းကို ပထမအရင်းကစ၍ မန္တလေးမြို့တည်သည့်တိုင်အောင်၊ ပြောဆိုရေးသားချက် မှတ်တမ်းများကိုဎင်း၊ ၁၂၃၀-ခုနှစ်၊ မင်းတုန်းမင်းတရားကြီး လက်ထက်၊ စာရေးတော်ခေါင်း-ဦးသာအောင် ထံတွင် ပညာ သင်ကြားနေစဉ်၊ နိုင်ငံခြားဝန်ထောက်-မြောင်လှ မြို့စားမင်း ပြောဆိုချက် တို့ကိုဎင်း၊ ကိုယ်တိုင်မှတ်သား, ရမိလိုက်၏ ဟု-ဆိုသည်။

ထိုဆရာကြီး ရေးသားချက်တို့ကိုဎင်း၊ ရန်ကုန်ကောလိပ်မြန်မာဆရာကြီး ဆရာပွါး၏ မှတ်သားချက် တို့ကိုဎင်း၊ အရင်းအမတည့်ပြီးလျှင်၊ သူရိယမဂ္ဂဇင်းမှ ရအပ်သော အချက်အလက်တို့နှင့်၊ မိမိကိုယ်တိုင် ရှာဖွေ၍ ရအပ်သော အချက်အလက်တို့ကိုပါ၊ ရောစွက်ရေးသား ပေါ်ပြပါအံ့။

## အမျိုးအမည်ဇာတိ။

စလေဦးပုညမှာ စလေဇာတိဖြစ်၏။ စလေမြို့သူကြီး နှစ်မျိုးတွင်၊ မဟာသမန်းရိုး(မင်းမျိုး)မဟုတ်။ ပုညသမန်းရိုး(မြို့စားရွာစားမျိုး)ဖြစ်သော အဖ ဦးမြတ်စံမှာ၊ (သရက်မင်း,သာယာဝတီမင်း, ကုန်းဘောင်မင်း-ဟုလည်း တွင်သော) ရွှေဘို မင်းတရားကြီး၏ မင်္ဂလာ အိမ်တော်၌၊ အကြီးတော်အဖြစ်ဖြင့် ရေးသားထမ်းရွက်ရသည်။ အမိမှာ၊ စလေ-ပုခန်းငယ်၊ မြို့သူကြီးသမီး-ဒေါ်လှရင်ဖြစ်လေသည်။

(ဤ ဦးမြတ်စံ၊ ဒေါ်လှရင်ဟူသော ဖ မိအမည်မှာ၊ ဦးအို၏ရေးသားချက်အရ ဖြစ်သည်။ နော်ရထာသိရီ၏ မှတ်ချက်တွင်၊ ဦးဖိုးကြီး မမင်းလှဟု ဆိုသည်။ ဆရာပွါး၏ မှတ်ချက်အရသော်ကား။ ဦးမြတ်ထွား၊ (နှစ်မတာဝမ်းကွဲတော်သူ) ဒေါ်ဆုံဟူ၍ ဖြစ်သည်။ သုတေသနဂျာနယ် ဦးဘသိန်းအဆိုကား။ ဦးမြတ်ထွား-ဒေါ်မိန်းခလေးဟူ၍ ဖြစ်သည်။ အမည်မျှသာဖြစ်၍၊ ဆုံးဖြတ်ရန် မလွယ်ကူလေ။ နောက်ကြာမှ နာမည်မှန်များ ထွက်ပေါ်လာလိမ့်မည်ဟု မြော်လင့်ပါ၏။)

www.burmeseclassic.com



### မွေးဖွားခြင်း။

ဦးပုညကို၊ စလေမြို့တိုက်ရရပ်၌။ ၁၁၇၄–ခု၊ ကဆုန်လဆန်း ၁၃–ရက်၊ ၅–တေးနေ့ မွန်းတည့်အချိန်တွင် ဖွားသည်။ မောင်လှိုင်းမည်သော ညီတယောက်လည်းရှိ၏။ (ဤဖွားသက္ကရာဇ်နှင့် ပတ်သက်၍လည်း၊ ၁၁၆၉၊ ၁၁၇၃၊ ၁၁၇၄၊ ၁၁၇၈–ဟူ၍၊ ၄-မျိုးပင် တွေ့ရလေသည်။)

ထို ဖွားမြင်သော နေ့၌၊ ဒုတိယ ကြက်သွန်ခင်း ဆရာတော်နှင့် (၁၁၈၁–ခုမှ တံဆိပ်ရသော) မုံရွေးဆရာတော်တို့သည်၊ ဆွမ်းစက်တော်ကအပြန်တွင်၊ အိမ်သို့ ကြွဝင်လာသည့်နှင့် ကြုံ၍၊ ဆရာတော်တို့က၊လက္ခဏာသွင်ပြင်ကို ကြည့်ပြီးလျှင်၊ မောင်မြတ်စံ၏သားသည် ပညာရှိ ဖြစ်လိမ့်မည်။ လောကီရေးတွင် ကျော်စော ထင်ရှားလိမ့်မည်။သို့ရာတွင်၊ ဗေဒင်အလို၊ နိစ်–ဖြတ်တို့သည် နံဂြိုဟ်ပေါ်၌စီး၍ နေကြသောကြောင့်၊ဥပနိဿဒကကံ မကင်းတတ်။ လောကီကျိုး–လောကုတ္တရာကျိုးပြီးအောင်၊ ရဟန်းပြုရာ၏ဟု ဟောပြောကြပြီးနောက်၊ အတန်ကြာသော် ကြွသွားတော်မူကြလေ၏။

### အမည်ပေးခေါ်။

နှစ်နှစ်သားအရွယ်သို့ ရောက်သောအခါ၊အဖအမိတို့သည် စလေမှ၊အမရပူရမြို့၊သာယာဝတီမင်း (ရွှေဘိုမင်း) အိမ်တော်သို့ အခစားလာရောက်သောအခါ၊ထိုသားငယ်ပါလာ၍၊စည်တော်ရုံတွင် ခေတ္တမျှ ကြည့်ရှုနေကြရာ၊ ထိုသူငယ်သည်၊ စည်ကြီးများကို ပုတ်ခတ်ကစားလေ၏။

ထိုအခါ၊သာယာဝတီမင်းက၊ အဖအား၊သားငယ်ကို အမည်ပေးပြီးပြီလောဟု မေး၍၊မပေးရသေးကြောင်း လျှောက်ရာ၊သို့ဖြစ်လျှင်၊ ငါကပင်အမည်ပေးအံ့။ စည်များကိုပုတ်ခတ်တီးခြင်းမှာ၊ ဤသူငယ်ကြီးသောအခါ၊ကဗျာလင်္ကာမှစ၍၊ ပညာအလုံးစုံ တတ်မြောက်မည့် နိမိတ်ဖြစ်သည်။သို့ကြောင့်၊ မောင်ပုတ်စည် တွင်စေဟု၊အမည်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင်။ရွှေဒေါင်းခွက် ၅-သား၊ငွေခြေကျင်း ခေါင်းပွကြီး တရံတဆယ်သားကို သနားတော်မူသည်။

မှတ်ချက်။ ။ဤအမည် ပေးပုံကို၊ ဦးအို၏ စာတွင် တွေ့ရသည်။ စဉ်းစားရန်ရှိသည်ကား၊ ။မြန်မာစကားအသွားအလာမှာ၊နာမ်၏ နောက်က၊ ကြိယာသာမြဲဖြစ်သည်။သို့ကြောင့်၊မောင် ''စည်ပုတ်''သာ၊ဖြစ်လျှင်ဖြစ်နိုင်မည်၊မောင် ''ပုတ်စည်'' ဖြစ်နိုင်မည် မထင်။ ပုတ်ကလေး'စည်ကလေးနှင့်တူ၍ ''ပုတ်စည်'' ဟုကြံနိုင်ရာ၏။ တနည်းကား၊ ဦးပုညမှာ၊ ကြာသပတေးသားဖြစ်၍၊ စိန်ပန်းဓာတ်ကျအောင်၊ ၅-တေးနံနှင့် ၃-ဂ်ါနံ၊''ပုတ်''နှင့် ''စည်''ကိုတွဲ၍ မှည့်လေသလောဟုလည်း၊ တွေးရန်ရှိလေသည်။

## ကျောင်းသို့ပို့ခန်း စာသင်ခန်း။

အစဉ်အတိုင်းကြီးပြင်းလာ၍၊ ၆-နှစ်ရွယ်သို့ ရောက်သောအခါ။ စလေမြို့၊ တူမောင်းဆရာတော် ဦးဒိပ်ထံ၌ အပ်နှံကြလေသည်။ ထိုကစ၍ ပညာသင်ကြားရာ၊ နမောဗုဒ္ဓါယ-ကို ၁၅-ခေါက်နှင့်ရသည်။ ကကြီးခခွေးကို အခေါက် ၃၀-နှင့်ရသည်။ ကကြီးရေး ကာ၊စသောသင်ပုန်းကြီးကို ၁၀-ရက်နှင့်ကုန်သည်။ ဤသို့လျှင်၊ သင်ပုန်းကြီးစာများကို၊တလနှင့် အလုံးစုံ အလွတ်ရေးနိုင်လေသည်။

မင်္ဂလသုတ်ပါဠိနှင့် အနက်ကို ၁၀-ရက်နှင့်ပြီးငြိမ်းသည်။ အောင်ခြင်းရှစ်ပါး၊ ရတနာရွှေချိုင့်၊နမက္ကာရပါဠ်အနက်တို့ကို၊တလအတွင်း အလုံးစုံရလေသည်။နောက်ဆက်၍၊ပရိတ်ကြီးပါဠ် အနက်ကို တလအတွင်း နှုတ်တက်ရလေသည်။

## သာယာဝတီမင်းထံသို့ ဝင်ခန်း။

ထိုအခါ အမိ အဖ တို့သည်၊ ဆရာတော်ထံ ၇-ရက်မျှခွင့်ပန်၍၊ မောင်ပုတ်စည်ကိုသာယာဝတီမင်းထံသို့၊ဒုတိယအကြိမ်ခေါ်ဆောင်သွားကြရာ၊သာယာဝတီမင်းက၊မောင်ပုတ်စည်အား၊ သင်ပြီးစာများကိုမေး၍၊ နမက္ကာရပါဠ်အနက်နှင့် ပရိတ်ကြီး ဓဇဂ်သုတ်ပါဠ်အနက်ကို အပြန်ခိုင်းလေသည်။ မြင်းကောင်း စိုင်းသကဲ့သို့၊ အထစ်အငေါ့မရှိ၊ ကောင်းစွာ ပြန်ဆိုနိုင်လေ၏။

ထိုအခါသာယာဝတီမင်းသည် အလွန်ဝမ်းမြောက်လျက် ယနေ့ငါ၏ မင်္ဂလာအိမ်တော်သည်၊ စာပြန် သုဓမ္မာစရပ်နှင့် တူပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ပုတ်စည်သည် ဓဇဂ်သုတ်ကို မထွေးမလုံးပြန်နိုင်သည်။ ငါတို့ငယ်စဉ်က၊ အလွန်အပြန်ခက်သော သုတ်ဖြစ်သည်။ မောင်ပုတ်စည်ကြီးလျှင်ပညာရှိဖြစ်လိမ့်မည်။ သို့ကြောင့်၊ စာများကြိုးစား၍ သင်ရမည်။ဇာတ်ကြီးဆယ်စောင် ကုန်အောင်သင်ပါလေ။ကုန်လျှင်၊ ငါကဆုတော်ငွေ များစွာပေးသနားတော်မူမည်–ဟုမိန့်တော်မူပြီးလျှင်၊ငွေ တဝိသာနှင့် အချိတ်ပုဆိုးတထည်၊ ကတ္တီပါအင်္ကျီတထည်၊ သနားတော်မူလိုက်၏။

## ပညာဆက်လက် သင်ခြင်း။

စလေသို့ပြန်ရောက်၍၊ တူမောင်း ဆရာတော်ကြီးအား အလုံးစုံလျှောက်သောအခါ၊ ဆရာတော်က၊ ဇာတ်ကြီးဆယ်စောင်သည်လိုရင်းမဟုတ်သေး။ သဒ္ဒါသာလိုရင်းဖြစ်သည်။ သို့ရာတွင်ဇာတ်တော်များကို နံနက်စာစားပြီးလျှင်၊ တဝါတက်ရမည်။ သဒ္ဒါသုတ်စဉ်ကို ၁၀–ရက်နှင့် အကုန်နှုတ်တက်ရအောင် တက်ရမည်ဟု မိန့်တော်မူ၏။

ဤသို့လျှင်၊ ခုနစ်နှစ်သား – ရှစ်နှစ်သားအရွယ်၌၊ သဒ္ဒါကျမ်းများ၊ အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းများကို သင်ကြားရလေ၏။

## သာယာဝတီမင်းထံသို့ တတိယအကြိမ်ဝင်ရောက်ခြင်း။

ထိုအခါ၊ တူမောင်း ဆရာတော် ပြန်လွှန်တော်မူသဖြင့်၊ ရှစ်လမျှ စာသင်ပျက်လေ၏။ထို့နောက် အဖဦးမြတ်စံက၊သာယာဝတီမင်းထံသို့ ခေါ်ဆောင်သွားပြန်၏။ထိုအခါ၊ သာယာဝတီမင်းက၊ မောင်ပုတ်စည်၊ ဆရာတော်ကြီး ပြန်လွှန်တော်မူသဖြင့်၊ စာသင်ပျက်ကြောင်း ငါကြားသိရ၏။ ဇာတ်ကြီးဆယ်စောင်ကို ရပါ၏လောဟုမေးတော်မူ၏။ ဇာတ်ကြီးဆယ်စောင်မျှမက သဒ္ဒါ,သင်္ဂြိုဟ်,စသည်များကိုပင် ရပါကြောင်းလျှောက်သော်။ သာယာဝတီမင်းသည်၊ အလွန် ဝမ်းမြောက်ကြည်ညိုလျက်၊ အထက်မိန့်ရင်းအတိုင်း၊ ဆုတော်ငွေများစွာ သနားတော်မူသည့် အပြင်၊ အချိတ် ပုဆိုးနှစ်ထည်၊ အင်္ကျီချုပ်ရန်ကတ္တီပါ အတောင်နှစ်ဆယ်၊ သုံးရတီရှိသော စိန်လက်စွပ်တကွင်း၊ ထပ်မံ၍ သနားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



စလေမြို့မ၊ ခင်ကြီးစ–သည်လည်း၊ ငယ်ဆရာတပါးဖြစ်လေသည်။ ဎင်းခင်ကြီးစ၏ ကျောင်းတိုက်မှာ၊ ဦးပုညမွေးဖွားရာ တိုက်ဗုရပ်၏ အရှေ့တောင်အရပ်တွင်ရှိသည်။

ကြီးဆရာများမှာ၊ ယခုပြလတ္တံ့သော ဗန်းမော် ဆရာတော် အပြင်၊ စလေခင်ကြီးသာ၊ ပုဂံရွှေကျောင်းနေ–ဒလခင်ကြီးတို့ ဖြစ်လေသည်။

## ဗန်းမော်ဆရာတော်ထံ၌ရှင်ပြုခဏ်း၊ ဆက်လက်၍ ပညာသင်ခဏ်း။

ထို့နောက်၊ သာယာဝတီမင်းက၊ ဦးမြတ်စံအား၊ တျှမောင်း ဆရာတော်ကြီးပြန်လွန်တော်မူပြီ။ သို့ကြောင့်၊ စာပေကျမ်းဂန်တတ်ကျွမ်း ရှုးရှလျက်၊ အထူးသဖြင့် ဗျာကရိုဏ်းကျမ်းကြီးကို၊ ကောင်းစွာ တတ် မြောက်တော်မူသော ဗန်းမော် ဆရာတော်ထံ၌၊ ငါက လွှတ်လိုက် သည့်အနေနှင့်၊ မောင်ပုတ်စည်ကို အပ်လေလော့ဟု မိန့်တော်မူ၏။

ရောက်သော်၊ ဗန်းမော်ဆရာတော်က၊ မောင်ပုတ်စည်၏ ဇာတာ စန်းလဂ်၊ လက္ခဏာသွင်ပြင်များကို ကြည့်၍၊ ဒါယကာ မောင်မြတ်စံ၊ သင်၏သားသည်၊ ပညာဖက်၌ ထက်သန်၍၊ လျင်မြန်သော ဉာဏ်နှင့် ပြည့်စုံပြီးလျှင်၊ နိုင်ငံတော်၌ ကျော်စောထင်ရှားလတ္တံ့။ သို့ရာတွင်မင်း ဖြစ်မင်းဒဏ်သင့်တတ်သည်။ သို့ကြောင့်၊ လူ့အဖြစ်နှင့် နေလျှင်၊ မင်း ခစား မပြုအပ်။ ကုန်သည်ပြုလုပ်စေရာ၏။ အထူးကား။ ရဟန်းဝတ် နှင့်နေလျှင်မူကား၊ ဖုန်းတန်းကြီးမား၊ အသက်ရှည်လတ္တံ့ဟု မိန့်တော် မူ၏။

ထိုအခါ၊ ဦးမြတ်စံက၊ ရဟန်းအဖြစ်သို့ ရောက်အောင်ပင် ချီး မြှောက်တော်မူပါ ဘုရားဟု လျှောက်လေ၏။ အသက်လည်း ရှစ် နှစ်ရှိပြီ ဖြစ်၍၊ စလေတွင် ရှင်ပြုရာ၊ သာယာဝတီမင်းက၊ ငွေငါးပိဿာ နှင့် မြင်းကောင်းတစီး လက်ဖွဲ့တော်မူ၏။

ရှင်ပြုပြီးလျှင်၊ ဗန်းမော်ဆရာတော်က၊ ရှင်ပုညဟု ဘွဲ့ပေးတော်မူ ၍၊ "မင်းခစားလုပ်လျှင် မင်းဘေးသင့်ရန် ငါမြင်သည်။ ရဟန်းဘဝ၌ နေသော်ကား၊ အသက်ရှည်၍ ချမ်းသာအံ့ဟု၊ ဖြောင်းဖြဆုံးမပြီးလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုသာမဏေဘဝ၌၊ သုတ်, ဝိနည်း, အဘိဓမ္မာကျမ်းများကို ပေါက်မြောက်အောင် သင်ကြားပေးလေသတည်း။

**အမိအဖများပျက်စီး၍၊သာယာဝတီမင်းက ချီးမြှောက်ပုံ။**

သာယာဝတီမင်း၏နောင်တော်-စစ်ကိုင်းမင်း-ဘကြီးတော်သည်၊ ၁၁၈၁-ခုတွင်၊အမရပူရ၌ နန်းတက်ပြီးလျှင်၊ ၁၁၈၃-ခုတွင်၊အင်းဝမြို့ကိုချဲ့ထွင်ပြုပြင်၍၊ ၁၁၈၅-ခုတွင် ပြောင်းရွှေ့စံတော်မူသည်။ အိမ်ရှေ့မင်း ဖြစ်သော-ညီတော် သာယာဝတီမင်းလည်း၊ လိုက်၍ စံနေရသည်။

စလေရှင်ပုညသည်ကား၊ ဗန်းမော် ဆရာတော်ကြီးထံ၌ပင်၊ ဝိဒူကတ်, ဗေဒင်,ကဗျာ,လင်္ကာရေး, တောသားရေးများကို ထပ်မံသင်ကြား၊ကျွမ်းကျင်တတ်မြောက်လေ၏။

ဤအတောအတွင်း၊ ၁၁၉၈-ခု၌၊ ညီတော်နောင်တော်နှစ်ပါး၊ မသင့်မမြတ်ဖြစ်ကြသဖြင့်၊ ညီတော်သာယာဝတီမင်းသည်၊ ရွှေဘိုသို့ထွက်သောအခါ၊ ရှင်ပုည၏ အဖ ဦးမြတ်စံလည်း၊ နောက်တော်ကပါလေ၏။အမိဒေါ်လှရင်ကား၊စလေသို့ပြန်ရောက်နေထိုင်၏။ ရှင်ပုညကိုယ်တိုင်လည်း အမိနှင့် လိုက်သွား၍၊ တူမောင်းဆရာတော်၏ တပည့်တပန်းတို့နှင့် နေထိုင်လေ၏။

ဦးမြတ်စံမှာ၊လမ်းတွင် အတိုက်အခိုက်တွေ့သည်နှင့် လက်နက်ထိ၍ သရိုင်နယ်တွင် သေဆုံးလေ၏။ ဒေါ်လှရင်မှာလည်း၊ စလေသို့ရောက်၍ ၅-လခန့်ကြာသော်၊အနိစ္စရောက်လေ၏။

သာယာဝတီ မင်းသည်၊ ရွှေဘိုမှနေ၍ ထီးနန်းကို လုပ်ကြံရာ၊ အောင်မြင်သဖြင့်၊ရွှေဘိုမင်းအမည်နှင့်၊ ၁၁၉၉-ခုတွင် နန်းတက်လေ၏၊ထိုအခါ ရွှေဘိုမင်းသည်၊စလေမှ ရှင်ပုညကိုပင့်၍၊ ဖခင်-ဦးမြတ်စံကို၊စလေ-ပုခန်းငယ်နှစ်မြို့ဝန်ရာထူးဖြင့် ချီးမြှောက်မည်ဟု စိတ်ထားရင်းရှိသည်။ လမ်းတွင်အနိစ္စရောက်၍၊ မချီးမြှောက်လိုက်ရ။ ယခုသော်၊ရှင်ပုညသည်၊သာသနာဘောင်၌ မပျော်လျှင်၊ ဒါယကာတော်က၊လူကောင်းပြု၍ ချီးမြှောက်ထားမည့်အကြောင်းမိန့်တော်မူသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၊ ရှင်ပုညက၊ မင်းခစားပြုလျှင် ဘေးဒဏ်မြင်ကြောင်း ဗန်းမော်ဆရာတော်ဘုရားက မိန့်မှာဆုံးမ ထားသဖြင့်၊ သာသနာတော်၌သာ ထမ်းရွက်နေပါတော့မည်ဟု ပြန်ကြား၏။ ရွှေဘိုမင်းလည်း၊ သာရခေါ်၍ တလလျှင် ဆန်ဆယ်တင်းနှင့် သက်နိုးတရုံ၊ အမြဲဝတ်ပြု၍ လှူဒါန်းလေ၏။

ရှင်ပုညလည်း၊ အမရပူရမြို့ ဗန်းမော်တိုက်သို့ ကြွ၍နေလေ၏။

**ရဟန်းဘာဝသို့ ရောက်ခြင်း။**

ဤသို့ရှင်ပုညသည်၊ ပိဋကတ်,ဗေဒင်,ကဗျာ,လင်္ကာ အရပ်ရပ်တို့၌ တတ်မြောက်ကျော်စောလျက်ရှိစဉ်၊ စလေ-ပခန်းငယ်နှစ်မြို့အုပ်က ရဟန်းဒါယကာခံ၍၊ ရဟန်းပြုလေ၏။ ဤသို့ ရဟန်းပြုပြီးနောက် သုံးဝါရတွင်၊ ကျောင်းထိုင်လေ၏။

ဦးအိုး၏စာ၌၊ အသက် ၂၀—အပြည့်တွင် ရဟန်းခံသည်ဟု ဆိုသည်။ သို့ရာတွင်၊ ရွှေဘိုဘုရင်နန်းတက်ပြီးမှ၊ ရဟန်းပြုသည်ကိုလည်း ပြထားသည်၊ သို့ဖြစ်သော်၊ ၁၁၉၉—ခု၊ ၁၂၀၀—ပြည့်သောက်တွင်ဖြစ်သဖြင့်။ အသက် ၂၅—၂၆—လောက်တွင်မှ ရဟန်းခံဖြစ်ပုံရသည်။ တနည်းအားဖြင့်လည်း၊ ဖွါးသက္ကရာဇ် ၄—မျိုးတွေ့ရသည်တွင်၊ ၁၁၇၈—ခုက၊ ရဟန်းခံသောအသက်နှင့် အနီးဆုံးဖြစ်လေသည်။

နော်ရထာသီရိ၏မှတ်ချက်တွင်၊ ၁၁၉၄—ခု၊ ဝါဆိုလဆန်း ၈—ရက်နေ့တွင် ပဉ္စင်းခံကြောင်း အသေအချာဆိုသည်။ ဤအရကား အသက် ၂၀—ရွှေဘိုမင်း နန်းမတက်မီ ရဟန်းပြုဟန်ရှိသည်၊ ယုတ္တိလည်းရှိသည်။

ဦးပုညသည်၊ ရဟန်းခံ ဖြစ်သည်—မခံဖြစ်သည်။ ယုံမှားရှိနေကြရာ၌၊ ဦးဘသိန်း ရေးသားချက်အရ၊ သာမဏေသာ ဖြစ်ဖူးသည်။ အချို့သောဆရာကြီးတို့ကလည်း သာမဏေသာ ဖြစ်သည်ဟု မိန့်မှာသည်။ သို့ရာတွင်၊ နော်ရထာသီရိ၏မှတ်ချက်တွင် "၁၁၉၄—ခု၊ ဝါဆိုလဆန်း ၈—ရက်နေ့၊ ဗန်းမော်တိုက်သိမ်တွင်၊ ဗန်းမော်ဆရာတော် ဦးပဏ္ဍိုကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံရာ။ တောင်လေးလုံးဆရာတော် ဦးဇေယျန္တဝဒ၊ သရက်တောမြောက်တပယင်း ဆရာတော်--ဦးဥတ္တမတို့က၊ ပထမကမ္မဝါဆရာ။ ဂူကြီးတိုက်နေ တပယင်း ဆရာတော် ဦးသူရိယ၊ မြို့သိန်းတန်တိုက်နေ တပယင်းဆရာ—ဦးသီရိတို့က၊ ဒုတိယကမ္မဝါဆရာပြု၍။ ရှင်ပုညကို ရဟန်းပဉ္စင်းအဖြစ်သို့၊ သိက္ခာတင်ပေးကြလေသည်" ဟူ၍ ဆိုသဖြင့်၎င်း၊ ဦးပုညကိုယ်တိုင်ရေးသော "သမ္ဗေသတ္တာ၊ ဒုက္ခာ မုဉ္စန္တု"—အစရှိ မေတ္တာစာ၌၊ "မကြားကောင်းမခံသီး၊ ဖုန်းကြီးတန်မဲ့၊ လူပျိုလှဲသည်ဟု၊ တကဲ့အပုတ်၊ သင်းအမှုလုပ်သောကြောင့်၊" ဟု ပါလေသဖြင့်၎င်း၊ ဖုန်းကြီးလုပ်ဖူးသည်ဟု ယူရန်ရှိသည် ထင်မိပါ၏။

www.burmeseclassic.com



## သိက္ခာချပြီးနောက် ရှင်သာမဏေ ပြုပြန်ခြင်း။

၁၂၀၃-ခုတွင်၊ ရွှေဘိုမင်းသည်၊ ရန်ကုန်မြို့သို့ ရန်ဆင်း၍ စံနေတော်မူရာ။ စလေဦးပုညလည်း လိုက်မည်အပြုတွင် ကျောင်း၌ ဒါယိကာမများ အလာအရောက် အလှူအတန်း များသောကြောင့်၊ ပဥ္စင်း ဒါယကာမြို့အုပ်မင်းက မသက်ာ အကြည်ညိုပျက်သည်နှင့်၊လူထွက်ပြီးလျှင်၊ရန်ကုန်သို့ လိုက်လာလေ၏။ရောက်လျှင်၊ ဗဟန်းတောရ အရပ်၌ တဖန် သာမဏေပြုလုပ် နေပြန်လေ၏။

ဤသို့ မိန်းမများနှင့်ပတ်သက်၍ မသက်ာသည့်အချက်ကို ရှင်းလင်းရန်၊ စလေဦးပုညက- "သဗ္ဗေသတ္တာ၊ ဒုက္ခာမုစ္စန္တု၊ ရည်ညွှန်းပြုလျက်" အစရှိသော မေတ္တာစာကို၊ ထိုရဟန်းဒါယကာ မြို့အုပ်မင်းသို့ ပေးလိုက်၏။ ထိုစာသည် အလွန်စကားလုံးပြောင်၍၊ အဓိပ္ပါယ်ကောင်းလှ၏။ဖတ်ရှုရန် ရှေ့တွင်ပြပါလတ္တံ့။

ထိုသို့ ဗဟန်းတွင် နေစဉ်အခါ၊ကန်တော်ကြီး-ဗဟန်းတောလားဘွဲ့များကိုရေးရာ။ထိုအရပ်၌ ရဟန်းတို့နှင့်၎င်း၊ သီလရှင်တို့နှင့်၎င်း၊ မသင့် မတင့်ဖြစ်၍၊ အမရပူရ-ဇန်းမော်တိုက်သို့ ပြန်ရောက် နေထိုင်လေ၏။

## လူထွက်၍၊မင်းခစားပြုခြင်း။

ရွှေဘိုမင်းသည်၊ ရန်ကုန်မှပြန်ရောက်ပြီးနောက်၊ ၁၂၀၈-ခုတွင် နတ်ရွာစံသည်နှင့်၊ သားတော် ပုဂံမင်းသားသည်၊ ၎င်းခုတွင် နန်းတက်တော်မူ၏။

ထိုအခါလောက်တွင်၊ ကိုရှင်ကြီး ဦးပုညသည်၊စလေသို့ သွားရောက်နေထိုင်ပြန်၍၊ တရားစာအမျိုးမျိုး၊ မေတ္တာစာအမျိုးမျိုးတို့ကို ရေးလေသည်။

တဖန် ဇန်းမော်တိုက်သို့ပြန်၍ ဗေဒင်ဟောကိန်း လက်ာများနှင့် တေးထပ်များကို ရေးလေသည်။

ထိုအတောအတွင်းတွင်ပင်၊ သူကြီးဟောင်း မောင်ကြူနှင့် မြို့ရွာကိစ္စအတွက် အငြင်းအခုံ အမှုဖြစ်ကြရာ၊ သာသနာပိုင် ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ပင်၊ ဝင်ရောက် ခုံးဖြတ်ရ၏။ သို့ကြောင့်၊ လှေအလှူခံ မေတ္တာစာ၌ "မြင်းခြံရွာနေ၊ ကျောင်းတကာ ဦးမှုံ၊ ဆရာမှာ၊ ကျောင်းတကာလှေနှင့် ဆန်တက်က ရွှေမြို့တော်သို့ရောက်လျှင်၊ သူကြီးပေါင်း ကြွေ ဆွေမျိုးတပုဘ်နှင့် ကြွတ်နယ်တိုင်ပင်၍၊ အိမ်တော်-နန်းတော်၊ သာသနာပိုင်ဆရာတော်များထံ၊ သေကံထိုက်အောင်၊ တိုက်ခိုက်လျှောက်တင်ကြသည့်အမှုကြောင့်၊ သေလုမျောပါး၊ ငါတကားဟဲ၊ ကြွ၍ကြွတုန်း"-စသည်ဖြင့် ရေးလေသည်။

ဤသို့သာမဏေအဖြင့်ဖြင့်၊ သုံးနှစ်ကျော်လေးနှစ်ခန့်နေပြီးနောက်၊ လူထွက်ပြီးလျှင်၊ ပုဂံမင်း၏ ညီတော်များ ဖြစ်သော မင်းတုန်းမင်းနှင့် ကနောင်မင်းတို့၏ အိမ်တော်တွင် အမှုထမ်း ခစားလေ၏။

နေပြည်တော်၌၊ ဦးပုညသည် မြို့သူကြီး ရိုးရာမပျက်၊ ဆက်လက်ရရှိရန် ကြံစည် အားထုတ်ဆဲတွင်။ မိမိ၏ ဦးကြီးတော်သူ မင်းကြီး ဦးပွါး အနိစ္စရောက်သောကြောင့်၊ ထိုရာထူးကို မရတော့လေ။

**သာမဏေပြုပြန်၍ စာများကိုရေးခြင်း။**

၁၂၁၄-တွင်၊ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့သည်၊ ရွှေဘိုမှနေ၍၊ နောင်တော်ပုဂံမင်းကို လုပ်ကြံ-အောင်နိုင်သည်နှင့်၊ မင်းတုန်းမင်းသည် ဘုရင်ဖြစ်လေ၏။

ဤအတောအတွင်း၊ ဆရာကြီးဦးပုညသည် ဗန်းမော်တိုက်၌ သာမဏေပြုပြန်၍၊ ပုန်းအောင်းနေလေ၏။ ထိုသာမဏေဘဝ၌ရှိစဉ်၊ ဇေဒင်ဟောကိန်း ရကန်များကိုရေးသည်။ နောက်ဗိန္ဒော ဆေးကျမ်းအရာ၌ နိုင်နင်းသော ယွန်းကျောင်း ဖုန်းကြီးများနှင့် မသင့်မတင့်ဖြစ်၍၊ ဆေးကျမ်းလင်္ကာများကို ရေးလေသည်။

**မင်းတုန်းမင်းတရားကြီးနှင့် တွေ့ခြင်း။**

မင်းဖြစ်ပြီးနောက်၊ မန္တလေးအရပ်၌ မြို့တည်ထောင်လိုသောဆန္ဒရှိသဖြင့်၊ မောင်ပုညသည် ဇေဒင် ယတြာများ ကောင်းစွာ နိုင်နင်းတတ်မြောက်လှသည်။ ငါတို့ညီတော်တို့ စစ်ဖြစ်နေသည့် အတွင်း၊ မောင်ပုညပျောက်ကွယ်နေသည်၊ သို့ကြောင့်၊ ညီတော်နှင့် တိုင်ပင်၍၊ မောင်ပုညကို ရှာကြရမည်ဟု မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၊ မောင်ချစ်တီးဆိုသူက၊ ဗန်းမော်တိုက်တွင် ရှင်သာမဏေပြုလုပ်၍ နေပါကြောင်း လျှောက်မှ၊ ရွှေတော်သို့ ပင့်ရလေ၏။ ရောက်လျှင်၊ မင်းတရားကြီးက၊ ရှင်ပုညု၊ ရွှေဘိုသို့ထွက်တော်မူစဉ်က၊မလိုက်ခဲ့ဘဲကို–ဟု မိန့်တော်မူ၏။ ထိုအခါ ရှင်ပုညက၊ ဒါယကာတော် မင်းမြတ်မှာ၊ ဖုန်းတန်းကြီးမားသူဖြစ်၍၊ မုချ အောင်နိုင်မည်ကို သိပါသောကြောင့် မလိုက်ခြင်းဖြစ်ပါသည်။ သို့မလိုက်သော်လည်း၊ ဗန်းမော်တိုက်မှနေ၍၊ အကြံအောင်မြင်ရန်၊မေတ္တာယတြာများ ဆင်ခါ၊ လောကီ ကျမ်းများကို ရေးသား စီရင် နေပါကြောင်းကို လျှောက်၏။

ပြီးမှ၊ မင်းတရားကြီးက ဆက်လက်၍၊ ရှင်ပုညသည်၊ ဗေဒင်ယတြာကျွမ်းကျင်၏။ဒါယကာတော်သည်၊ မန္တလေးတောင်အရပ်၌ မြို့တည်လို၏။အခါတော်များ ဆက်စေလိုပါသည်ဟု မိန့်တော်မူရာ။ ရှင်ပုညက၊ ၁၂၁၈–ခုတွင် မြို့တည်ရန် ကောင်းပါသည်။ နံတော် အင်္ဂါသားဖြစ်၍ငင်း၊ မြတ်စွာဘုရားသည် ညောင်ဗုဒ္ဓဟောတွင်ပွင့်၍ ငင်း၊ အင်္ဂါနံ ညောင်ပင်များကို တံခါးဝတို့၌ငင်း၊ လမ်းဆုံတို့၌ငင်း၊ စိုက်တော်မူပါလျှင်၊ အရာရာခပ်သိမ်းပြီးငြိမ်း အောင်မြင်ပါလိမ့်မည်ဟု လျှောက်လေ၏။

ဤမြို့နန်းတည်ရာတွင်၊ အခါပေးသူစိမ်သူအကြီးအမှူးတို့၏ နာမည်စာရင်းကို၊မဟာရာဇဝင်တော်ကြီး၌ပြထားရာ၊ဦးပုည၏အမည်ကိုမတွေ့ရလေ။သို့ရာတွင်၊မင်းတရားကြီးသည် မြို့နန်းတည်လိုသော ဆန္ဒတော်ရှိနေသဖြင့်၊ ဗေဒင်ကိန်းခန်းတတ်သော ဦးပုညကိုလည်း၊ မေးမြန်းဆွေးနွေးမိလိမ့်မည်ဟု ထင်ရသည်။

မင်းတရားကြီးနှင့် ပထမတွေ့ရပုံကို၊ မန္တလေးမြို့ အငြိမ်းစားဝန်ထောက်မင်း၊ ဦးမောင်မောင်တင်ထံမှ ကြားသိရပုံမှာ၊ အောက်ပါအတိုင်း ဖြစ်သည်။

မင်းတရားကြီးသည်၊တခါသော်၊မြောက်ဥယျာဉ်တော်ထဲ၌ သံဗိုတည်၍၊ အင္ဂိရတ်ထိုးတော်မူသည်။ အင္ဂိရတ် ဝါသနာပါသူ–တတ်ကျွမ်းသူတို့သာဝင်ရောက်ခစားကြရသည်။ထိုအခါ၊မြို့ဝန် ဦးသာအိုးက၊ရှင်ပုညသည်အင္ဂိရတ်ဖက်၌များစွာ ကျွမ်းကျင်ကြောင်းလျှောက်ထားသဖြင့်၊ရွှေတော်သို့ ပင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ရောက်လျှင်၊ အဋ္ဌိရတ်အကြောင်းကို လျှောက်လေသည်မှာ၊ အလွန်ကျယ်ဝန်း–နက်နဲ–အဆစ်အပိုင်းကျနလှသည်နှင့်၊ မင်းတရားကြီးက သဘောကျတော်မူသောကြောင့်၊ ရှင်ပုည၊ ဤသို့သက်နံးဝတ်နှင့်နေသည်မှာ၊ဘယာလော–သဒ္ဓါလောဟု မေးတော်မူ၏။

အရှင်မင်းကြီး၊သဒ္ဓါလည်းဟုတ်ပါ၏။ဘယာလည်း ဟုတ်ပါ၏။စလေတွင် သူကြီးရိုးရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အရှုပ်အရှင်းဖြစ်နေကြရာ၊တဖက်က အနိုင်ရရှိ,ဖုန်းတန်းကြီးမား, နှိပ်စက်ညှဉ်းပန်းမည်ကိုစိုးသဖြင့်လည်း၊နေခြင်းဖြစ်ပါသည်ဟု လျှောက်လေ၏။

ထိုအခါ၊မင်းတရားကြီးက၊မြို့ဝန်ဦးသာအိုးထံ၌ ရှင်ပုညအလိုရှိရာကို လှူဒါန်းပါလေဟု၊ မှာထားအပ်တော်မူ၏။ မကြာမီပင် လူထွက်လေသည်–ဟူ၏တည်း။

## နောက်ဆုံးလူထွက်၍ ရေသူးဈာနနဲ့ရ ရခြင်း ဇာတ်များကို ရေးခြင်း။

ရှင်ပုညသည်၊ သာမဏေအဖြစ်မှ လူထွက်၍၊ ကနောင်မင်းထံ၌ ခစားလေ၏။ ထိုအခါ၊ ကနောင်မင်းက တောင်းပန်သဖြင့်၊ သဗ္ဗိုဟ်ကိုးပိုင်းသရုပ် တေးထပ်များကို ရေးသား ဆက်သွင်းရာ၊ ကနောင်မင်းနှစ်သက်တော်မူသဖြင့်၊ပိုးပုဆိုးနှစ်ထည်၊ ခေါင်းပေါင်း ခါသာတအုပ်၊ငွေ သုံးပိဿာ ဆုပေးတော်မူ၏။

ထိုနောက်၊၁၂၁၄–၁၅–ခု၊ ယိုးဒယားဇင်းမယ်ကို နိုင်သည့် အကြောင်း၊မင်းတရားကြီးအမိန့်အရ၊ ယိုးဒယားနိုင် မော်ကွန်းကို ရေးလေသည်။

ထိုအိမ်ရှေ့မင်းထံ၌ ခစားနေစဉ်၊မင်းတရားကြီး၏နန်းတွင်းမိဖုရားအချို့တို့၊အကျင့်ဖေါက်ပြား လော်လည်ကြသဖြင့်၊တားမြစ်ရန်အနေနှင့်၊ဦးပုညအား ပဒုမဇာတ်ကို ရေးစေလေသည်။ ထိုပဒုမဇာတ်ကို တည်ခွဲတွင်းဖြင့် အပြီးရေးဆက်သောဟူ၏။ ထိုဇာတ်ပေါ်ထွက်လာသောအခါ၊မင်းတရားကြီးနှင့်တကွ လူအများတို့ နှစ်သက်ကြ၏။ သို့ရာတွင်၊ အပြစ်ရှိသော မိဖုရားတို့မှာ အနေကြုံ့–မျက်နှာပူလျက်၊ ထိုဇာတ်စာကို မီးရှို့ဖျက်ဆီးရန် မင်းတရားကြီးအား လျှောက်ထားကြ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။သို့ရာတွင်၊မင်းတရားကြီးသိတော်မူရင်းစွဲ ဖြစ်၍၊ဖျက်ဆီးခွင့်မရလေ။

ထိုအခါမှ ထိုမိဖုရားတို့က၊ အဖိုးတန် မိန်းမကောင်း ပါသောဇာတ်စာဇာတ်ကို၊နောက်ထပ်ရေးထုတ်ရန်၊ ဦးပုညအား ရွှေငွေများစွာပေး၍ ခိုင်းကြရလေ၏။ ထိုဇာတ်ကား မဒ္ဒီမိဖုရားတည်းဟူသောမိန်းမမြတ်ပါဝင်သော၊ဝေဿန္တရာဇာတ်ဖြစ်လေ၏။

ထိုမှတပါးလည်း၊ မင်းတရားကြီး၏ သားတော်အချို့တို့၊ အထူးသဖြင့် မြင်ကွန်း,စားတို့ အလွန်ဆိုးသွမ်းသည့်တွင်၊ဆုံးမ-ရန် အနေနှင့်၊ဝိဇယဇာတ်ကို ရေးရလေသည်။ ထိုဇာတ်ကို ပစပ်က စီကုံးပေး၍၊ မောင်သာထွန်းဆိုသူက ရေးရ၏။ ၂-ရက်နှင့် နားနားနေနေ ပြီးသောဟူ၏။(ဤဇာတ်မှာ မြင်ကွန်းစား-မြင်းခုံတိုင်စားတို့ကို မြောက်စားမြှောက်ပင့်၍ရေးထားသဖြင့်၊ ဤဇာတ်ကိုမှီ၍ ထိုမင်းသားတို့ ထကြွသည်ဟုလည်း၊တနည်းပြောဆိုကြ၏။ရှေ့တွင်ကြည့်ပါလေ။)

## ဂင်္ဂါမာလဇာတ်(ရေသည်ပြဇာတ်)ကို ရေးခြင်းအကြောင်း။

မန္တလေးမြို့နန်းတည်ပြီးသည့်နောက်၊မင်းတရားကြီးစိတ်မြောက်လျက်ညီတော်၏နေရာတွင် သားတော်မလွန်မင်းသားအား အိမ်ရှေ့ပေးရန်၊စိတ်ကစားတော်မူ၏။ အတိအလင်းကား၊မိန့်ဆိုခြင်းမရှိလေ။ စင်စစ်သော်ကား၊စိတ်တွင် အတန်ငယ် ကြံ့ကာ မတ္တ မျှသာ ဖြစ်လေသည်။သို့ရာတွင်၊တနည်းနည်းဖြင့် ကနောင်မင်း(အိမ်ရှေ့မင်း)ယုံမှားရှိလေရာ၊ ငါကြံစည်၍ ပေးသောနန်းကို စံရလျက်၊ ဤသို့ ကြံစည်ရာသလောဟု၊စိတ်ရတော်မူ၏။ ထိုမှတပါးလည်း၊အိမ်ရှေ့မင်းဖုန်းကြီးလေသည်နှင့်၊ အိမ်ရှေ့မင်း၏ကျေးကျွန် အခြံအရံ ပက်တော်သားတို့တွမြောက်လျက်ရှိနေရာ၊ မင်းတရားကြီး၏ကျေးကျွန် အခြံအရံပက်တော်သားတို့နှင့်မသင့်မတင့်၊ စောင်မာန်လျက်၊မညီမညွတ်ရှိကြ၏။ ဤသို့အားဖြင့်၊ ညီတော် နောင်တော်တို့မှာ၊ စိတ်တော် မကြည်နိုင်ဖြစ်နေကြလေ၏။ဤသို့ မကြည်သဖြင့်၊ အိမ်ရှေ့မင်းသည် အလွှတ်အ

www.burmeseclassic.com

www.burmeseclassic.com



ဝင် အခစားနည်းပါးလေ၍။ တခါသော်၊ နားကိုက်၍မကျန်းမမာ–ဟု ဆိုပြီးလျှင်၊ ကာလအတန်ကြာ၊ နန်းတော်သို့ မဝင် နေလေ၏။ ဤသို့ မာန်ခု-ရန်ပြုနေသည်ကို၊ မင်းတရားကြီး စိတ်တော်မချမ်းမြေ့ စိုးရိမ် ပူပန်လျက်၊ ရှင်းလင်းရန်ခေါ်ပါစေသော်လည်း၊ မရနိုင်မှ၊ စကြာဒေဝီ မိဖုရားခေါင်ကြီးအားဖြောင်းဖြစေ၏။ ဤမိဖုရားကြီးကား၊ ထိုအိမ်ရှေ့ မင်းကို ငယ်စဉ်ကပင် မွေးမြူခဲ့ရသော မိဖုရားကြီးဖြစ်ရကား၊ ချစ် ကြောက် ရှိသေခြင်းကို ခံရ၏၊ မိဖုရားကြီး၏ စကားကို မပယ်လှန် နိုင်လေ။

ထိုနောက်၊ အရှင်နှစ်ပါးတို့ ကိုယ်တော်တိုင်က၊ နားကိုက် မကျန်း မမာသည်ကို၊ ငွေတော်တသောင်း ခမည်းပေးတော်မူသည်။ ညီတော် နောင်တော်တို့ ဆုံကြသောအခါ၊ ချစ်ခင်ဖက်ယမ်းပြု၍ မင်းတရား ကြီးက၊ မိမိတပုံတရာ မကြံစည်ကြောင်း၊ သားဆိုသည်မှာ လိုသ သလောက်ရနိုင်၍၊ ညီတော်ကား နောက်ထပ် မရနိုင်ကြောင်း–စ သည်ဖြင့်၊ ဝမ်းနည်း ကျော်ကွဲစွာ မိန့်တော်မူ၏။

ညီတော်မှာ၊ ဇေးငြိမ်းရုံမက၊ စိတ်တွင် မှားလေခြင်းဟု နောင်တ ရ လျက်၊ နောက်သုံးလခန့်အရှိတွင်၊ အိမ်ရှေ့မင်းက မင်းအား တောင်းပန် ဝန်ချခန်းပါသော၊ နောင်အခါ "ရေသည်ဇာတ်" တွင်မည့်၊ ဝဏ္ဏမာလ ဇာတ်ကို ဦးပုညအား ရေးသားဆက်သွင်းစေ၏။ မင်းတရားကြီး ဖတ် ရှုရသော်၊ ညီတော်ကို ပိုမိုချစ်ကြည်သည့်အပြင်၊ ဤဝဏ္ဏမာလဇာတ် ကို နှစ်သက်တော်မူလှသဖြင့်၊ ရှေ့တော်တွင် အထပ်ထပ် ဖတ်လည်း ဖတ်ရ၏၊ ဇာတ်လည်း ကပြရသောဟူ၏။

မှတ်ချက်။ ။ဤဝဏ္ဏမာလဇာတ်ရေးခြင်းအကြောင်းနှင့် ပတ်သက်၍ မော်ဘီဆရာ သိန်း၏မှတ်ချက်မှာ–အောက်ပါအတိုင်း ဖြစ်သည်။

"၁၂၂၈–ခုနှစ်၊ မြင်ကွန်းမင်းသားအရေးတော်၌၊ အိမ်ရှေ့မင်းနတ်ရွာစံပြီးနောက်၊ မင်းတုန်းမင်းတရားကြီးက၊ မကွေးရာမင်းသားကို အိမ်ရှေ့ပေးမည်ကြံရွယ်တော်မူ၏။ သို့ရာ တွင်၊ မကွေးရာမင်းသား၏ မယ်တော်မှာ၊ များစွာအခြေမမြင့်သောမိဖုရား ဖြစ်နေသဖြင့်၊ အခြားမင်းသားတို့၏ သဘောကို စုံစမ်းရန်အနေနှင့်၊ အခြေနိမ့်သော ရေသည်ဘဝမှ အိမ်ရှေ့မင်းဘဝသို့ရောက်ခန်းပါသော၊ ဝဏ္ဏမာလဇာတ်–ကို၊ မင်းတရားကြီးက၊ ဦးပုည အား အရေးခိုင်း၍၊ က–ပြစေတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းသား အများ ကြည့်ကြရာ၊ အကြောင်းကိုရိပ်မိသော သုံးဆယ်မင်းသားက— [ခမည်းတော်ကလဲဗျာ၊ မကွာရာကို အိမ်ရှေ့ပေးချင်လဲ၊ ပေးတော်မူရော့ပ။ ဇာတ်တွေ ဘာတွေ ပြနေရသေးသကို။ ကျုပ်တို့တော့၊ အိမ်ရှေ့ကိုမလို၊ မင်းအဖြစ်မှ လိုသဗျ]—ဟု။ ဆိုမြည်တော်မူသောဟူ၏။

အထက်ပါ အတိုင်းသော်၊ အိမ်ရှေ့မင်း နဘဲရွှေ စံပြီးနောက်မှ၊ ရေးရဟန်ပေါ်လေသည်။ ဆရာသိန်းက၊ ဦးပုညကို ၁၂၂၇—ခုတွင်မသတ်၊ ၁၂၂၉—ခု ကုန်ခါနီးမှ သတ်ကြောင်း၊ အကြီးတော် ဦးသံမှုထံမှ ကြားမှတ်ရသည်ဟု ဆိုသည်။ ထို့ထက်အလွန် အထူးအရေးကြီးသောအချက် ပေါ်ပေါက်လာသည်ကား—ရန်ကုန်မြို့၊ ပြန်လွန်တော်မူပြီးသော သံယုတ်ဆရာတော်ဘုရားပိုင်—ပဒုမ ဇာတ်စာအုပ်ကို တွေ့ရပါလေသည်။ ၎င်းစာအုပ်မှာ၊ ၁၂၄၆—ခု။ တပို့တွဲလတွင် မန္တလေး၊ မလွန်ဈေးအနီး၊ မြဝတီမောင်ကလေး ပုံနှိပ်တိုက်တွင်ရိုက်သော၊ ဒုတိယနှိပ်ခြင်းဖြစ်သည်။ ထိုစာအုပ်နိဂုံးအဆုံးတွင် တေးထပ်တပုဒ် တွေ့ရသည်ကား—"သက္ကရာ ပမာဏမှာ၊ ထောင့်နှစ်ရာ့သုံးဆယ်ညီ။ ဂိမှန္တ နွေရာသီမှာ ပြိဿညီမယွန်း။ ။မန်းရွှေမြို့နယ်အကြေမှာ၊ ပန်းသပြေတောင်းဆုရေသွန်း။ ၊မြယုဂန် ဘွေချာမှာ၊ ဗိသာခါတည့်မွန်း။ ။ကိုတံငါယှဉ်လာထွန်းလို့၊ သွန်းညာဘွဲ့ကဆုန်။ ။ ဆန်းခါသာကိုးရက်မှာ၊ ဆက်ချီးရ ဆင်မြတ်နှင့်ကြုံ။ ။ရွှေပဟိုရ်ဆော်ပုံမှာ၊ မြေဝသုန်ငြိမ့်ပြောင်းလို့၊ ပေါင်း နှစ်ဆဲ့ နှစ်ချက်သာ၊ တီးကြကြော်ငြာ။ ။ပဒုမ ဇာတ်တော်လာကို၊ မှတ်စရာနောက်ထပ်လို့ရေး။ ။နှင်ကောဇာမှတ်သားတဲ့တေး"—ဟူ၍ဖြစ်သည်။

ဤတေးထပ်အရသော်၊ ၁၂၃၀-ပြည့်၊ ကဆုန်လဆန်း ၉—ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့ ၂ ချက်တီး [မွန်းတည့်] အချိန်တွင်၊ ပဒုမဇာတ်ကို ဦးပုညရေးသည်ဟု အဓိပ္ပါယ်ရသဖြင့်၊ ထိုအခါတိုင်၊ ဦးပုညမသေသေးချေ။ ဆရာသိန်း၏ "၁၂၂၉-ခုနှစ် ကုန်ခါနီး"ဆိုသော စကားနှင့်၊ ယခုတေးအရ ၁၂၃၀—ကဆုန်လ—နှစ် ဦးဘို့သည်၊ နီးကပ်တိုက်ဆိုင်ကြလေသည်။

သို့ရာတွင်၊ ယခုတေးထပ်ပါသောစာအုပ်ထက် ကိုးနှစ်စောသော၊ ၁၂၃၇—ခု၊ တော်သလင်းလ၊ မော်လမြိုင် အဲဆွေပုံနှိပ်တိုက်၊ မောင်ဘဠွန်း၊ ရိုက်သော ပဒုမဇာတ်စာအုပ်တွင်ကား၊ ထိုတေးထပ်မပါချေ။ အခြားနောက်ရိုက်စာအုပ်များ-မူများ၌လည်း မတွေ့ရချေ။

၎င်းပြင်၊ တေး ထပ်တွင်၊ "သုံးဆယ်ညီ" "ပြိဿညီ"—ဟု "ညီ" ၂—ချက် နီးကပ်စွာ ထပ်နေသည်ကိုသည်း သတိပြုမိသည်။

ထိုမှတပါး "ပဒုမဇာတ်တော်လာကို၊ မှတ်စရာနောက်ထပ်လို့ရေး" ဆိုသော စကားမှာ—ဘုရားဟော ပဒုမဇာတ်တော်ကို ဦးပုညကနောက်ထပ်၍ ပြဇာတ်ရေးသည်ဟု၊ ထင်ရှားသော အဓိပ္ပါယ်ပေါက်လျက်ရှိ၏။ သို့ရာတွင်၊ ကြံကြံဖန်ဖန်တွေးလျှင်ကား၊ ဦးပုညရေးပြီးသားကို၊ အခြားသူတယောက်က၊ ကူးယူရေးသော သက္ကရာဇ်များဖြစ်လေရော့သလားဟုလည်း၊ တွေးစရာ ယောင်ယောင်ရှိ၏။

www.burmeseclassic.com



သို့ပါသောကြောင့်၊ သေချာစွာမဆုံးဖြတ်ဝံ့သေးဘဲ၊ နှောင့်နှေးလျက်ရှိရပါသည်။ ယခုသော်၊ အများတို့ အစဉ်အလာမှတ်သည့်အတိုင်း၊ ၁၂၂၈–၂၉–ခုလောက်တွင် အနိစ္စရောက်သည့်အနေနှင့်ရေးပါဦးအံ့။ ထိုတေးထပ်သည်၊ ဦးပုည၏စာရင်း ဟုတ်မဟုတ်-စသည့်ကိစ္စကို ဆုံးဖြတ်ရန်၊ ပညာရှင်တို့ကူညီ-ဆရာ-ကြရန် တောင်းပန်ပါ၏။

## နောက်ဆုံး ပေါ်ပေါက်လာချက်

၁၂၉၇-ခုပြာသိုလ (၁၉၃၆-ခု၊ဇန္နဝါရီလ) ထွက်၊သူရိယမဂ္ဂဇင်းတွင်၊အမျိုးသားတက္ကသိုလ်၊ ရာဇဝင်နှင့် မြန်မာစာပြဆရာ၊ ဦးသက်တင်က၊ စလေဦးပုည–ထိုအခါက မသေကြောင်း၊အကိုးအကား အတန်စုံလင်စွာနှင့် ရေးသားလေသည်။

ရေးသားချက် အတိုချုပ်ကား–ဦးသာအိုးက၊ထို ၁၂၂၈–ခု၊ သီတင်းကျွတ်လဆုတ် ၁၃–ရက်နေ့ည သန်းခေါင်ကျော်တွင်၊အိကင်းရှေဆိပ်သို့ချ၍သတ်စေ၏၊ ထိုသို့စီရင်လိမ့်မည်ကို တင်ကူးသိနှင့်၍၊ ဆရာကြီးအသက်ကိုကယ်ဆယ်မည်ဟု ကြံစည်ဆောင်ရွက်ကြသူတို့ကား၊ဦးသာအိုး၏ မယားငယ် ခင်သုံး၊ရင်းအစ်မ ခင်မှုံ၊ ခင်မှုံ၏ခင်ပွန်း ကိုသူရ၊ (ထိုအခါက မန္တလေးသို့ ကုန်ရောင်း ကုန်ဝယ်ရောက်နေ၍၊ ဆရာကြီးကိုကြည်ညိုနေသော) ပုသိမ်မြို့ ပွဲစားကြီး–ဦးညိုတို့ဖြစ်လေသည်။ ထို ၄–ဦးသည်၊ဦးညိုကငွေကြေးအကုန်အကျခံလျက်၊ သူသတ်ဆိုင်ရာတို့နှင့် တိုင်ပင်ကြိတ်နယ်၍၊ ရေချမည့်နေရာတွင်ပိုက်ကွန်ဖြန့်ခံထားခါ၊ဆရာကြီး၏ အသက်ကို ကယ်လိုက်ကြလေသည်။

ကယ်ပြီးနောက်၊ဆရာကြီးပါ ၅–ယောက်တိုင်ပင် ညီညွတ်ကြသည့်အတိုင်း၊ ဆရာကြီးကို၊ရှမ်းပြည်ကဖြတ်၍၊သံလွင်မြစ်ကြောင်းစုန်ခါ၊ အင်္ဂလိပ်ပိုင်မော်လမြိုင်သို့၊ ကိုသူရကကြိုးဆောင်လာခဲ့လေသည်။ မော်လမြိုင်သို့ရောက်မှ၊ ဦးညို၏အစ်မ–ဒေါ်နှင်းရီနှင့်ခင်ပွန်းဦးဒွယ်တို့အိမ်တွင်၊တည်းခို ပုန်းအောင်းနေရလေသည်။

မော်လမြိုင်တွင် ၁၂၃၆–ခုအထိနေပြီးမှ၊ အထက်ကသတင်းကြားသိ၊မလုံပုံပေါ်၍၊ ကရင်နီနယ်သို့ပြောင်းရွှေ့ပုန်းအောင်းနေရာတွင်၊ ၁၂၃၇–ခုနှစ်၊စလေဆရာကြီး ဖျားနာ၍ အနိစ္စရောက်လေသည်။

စလေဆရာ ၏ အသက်သွတ်၍၊ မော်လမြိုင်သို့ရောက်မှ၊ ၁၂၂၈–ခု၊ပြာသိုလဆန်း ၉ ရက်၊တနင်္ဂနွေနေ့၊ဦးညိုအား ရေးစပ်ပေးသည်ဆိုသောတေးထပ်မှာ၊အောက်ပါအတိုင်းဖြစ်၏။

''ဂုရုတိဘလိုင်းမ၊မှိုင်းကျလို့မွေးလာ။ ။ရိုင်းမဟာ့ပဂေးချာ၊ခွေးသာသာသာအိုး။ ။ဈေးတော်ရုံ့မင်္ဂလာ၊ လူမြင်ရာဓားပြလို့ခိုး။ ။သူကောင်းသားတန်းပြန်၊ သရမ်းဉာဏ်ခွဲဘသိုး။ ။ကြုံနန်းစံယူပျိုးလို့၊ လူဆိုးကမြို့ဝန်။ ။စလေကို အသေချဘ်မယ်လို့၊ငကေဝဠ်ကျေးဆက်ကံကျွန်။ ။လောင်းမဟော်ဉာဏ်တံခွန်လို၊ အကြံချွန် မောင်ညို့ကြောင့်၊ မသေမြို့ရွာစည်ပျော်၊ ချမ်းသာလှနော်။ ။ခင်သုံးမိလွတ်ရေးဖော်သည်၊ကျေးမဟော် တန္ခန်းပလေ။''

www.burmeseclassic.com

www.burmeseclassic.com



(ဗဟုသုတ အတွက် ဖေါ်ပြရသည် ဖြစ်၍၊ဦးသာဒိုး၏ ဆွေမျိုးများရှိပါက သည်းခံတော်မူရန် တောင်းပန်ပါသည်။)

ဦးညိုမှ ဓဒါကျော့ကိုဖွားသည်၊ၞင်းမှ ဦးဖိုးသောင်ကိုဖွားသည်။ ၎င်းမှယခု ဦးသက်တင်ကိုဖွားသည်။ဤသို့အားဖြင့် အဖေး–ဦးညို၏ မှတ်တမ်းစာအုပ်များ၊ စလေဆရာကြီးကိုယ်တိုင်၏ မှတ်စုစာအုပ်၊ မှတ်တမ်းပုရပိုက်သတ္တမ အဆူတို့ကို၊ စဉ်ဆက်ခါ၊ ယခု ဦးသက်တင်က ရရှိထားလေသည်။ ပိုမိုသိလိုသူတို့သည်၊အထက်အဆိုပါ သူရိယမဂ္ဂဇင်းတွင်၎င်း၊ဦးသက်တင်ထံတွင်၎င်း၊ စုံစမ်းပါလေ။

ဤသို့ဦးသက်တင်ရေးချက်အရ၊စလေဆရာကြီးမှာ၊ ၁၂၃၇–ခုမှ၊ ကရင်နီနယ်တွင်၊ ဖွားနာ၍ အနိစ္စရောက်လေသည်။ဦးသက်တင်ရေးချက်တို့မှာ၊အကိုးအကားအထောက်အထား အတန်ခိုင်လုံပုံရှိလေသဖြင့်၊ လျစ်လျူမရှုဘဲ၊ဂရုတစိုက် ဆင်ခြင်စဉ်းစားစုံစမ်းရန်သင့်လေသည်။

မဏ္ဍလေးမြို့နန်းကို ၄-နှစ်ခန့်နှင့်တည်ထောင်ပြီးနောက်၊မင်းတရားကြီးက စလေဆရာကြီး ဦးပုညအား စာဆိုတော်အရာ၊ မင်းလှသင်ယာဟူသော ဘွဲ့နှင့်၊ ရွာစည်ရွာကိုပေးတော်မူသည်။လစာတော် ငွေတနှစ်လျှင်၊ ၆၀၀–နှင့်၊ဝင်းမြေနေအိမ်ဆောက်လုပ်သနားတော်မြတ်ခံရသည်ဟုဆိုသည်။ သူကြီးရိုးရာ–ရာထူး ရရန်ကား၊ ကိုယ်လက်အင်္ဂါချို့ယွင်းသဖြင့် မည်သူမျှ မလျှောက်ပေးချေ။

၁၂၂၄–ခုတွင်၊ ရတနာနန္ဒိမြစ်တော်ကိုလည်း၊ အရှေ့မျက်နှာကတူး၍၊ နန်းမြေတံသာစံနန်းတော်မှ တောင်ဖက်၊ မြောင်းမတော်တူးဖေါက်၍ ကျုံးတွင်းသို့ ရေသွင်းရလေသည်။ ထိုရတနာနန္ဒိမြစ်တော်မော်ကွန်းကိုလည်း၊စလေဆရာ ရေးဆက်ရာ၊ဆုတော်လာဘ်တော်များစွာရသည်။

## မြင်ကွန်းမင်းသား မြင်းခုံတိုင်မင်းသားတို့နှင့် ဆက်ဆံပုံ

တနေ့သော်၊ မင်းတုန်းမင်းတရားကြီး၏ သားတော်မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့က၊စလေဆရာကြီးကိုခေါ်၍ ဗေဒင်မေးကြရာ၊ အသက်ရှည်မည်၊ မြို့ရှင်ပြည့်ရှင်ဖြစ်မည်၊ ရန်သူကိုအောင်မည်၊ ဘာသာခြားများကိုလည်းတတ်မြောက်မည်၊ စသည်ဖြင့် ဟောပြောလေ၏။ ထိုအခါ၊မင်းသားတို့က၊ဆုလာဘ် များစွာပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအကြောင်းကို အိမ်ရှေ့မင်း ကြားသိရသော်၊ ဦးပုညကိုခေါ်၍၊ မင်းညီမင်းသားများထံ၌ သွားရောက်မစားနှင့်၊ သို့မဟုတ်လျှင်၊ မင်းဒဏ် သင့်လိမ့်မည်ဟု အမိန့်တော်ရှိရာ။ ဦးပုညက၊ ကျွန်တော်၏ ဇာတာစန်းလဂ်ပေါ်၌ နိစ်-ပြ ဆိုက်ရောက်နေသဖြင့်၊ ဗန်းမော် ဆရာတော်က၊ မင်းခစားပြုလျှင် မင်းဒဏ် သင့်လိမ့်မည်ဟု ပြောဟောထားပါသည်။ သို့ကြောင့်၊ ကျွန်တော်မျိုးအား၊ ယနေ့ကစ၍ မင်းခစားအဖြစ်မှ ခွင့်လွှတ်တော်မူပါ။ သာသနာတော်သို့ ဝင်ရောက် နေလိုပါသည်ဟု၊ ခွင့်တောင်းလေ၏။

ထိုအခါ၊ အိမ်ရှေ့မင်းက၊ စလေဆရာကြီး၊ ထိုသို့ဖြစ်လျှင်၊ အပါးတော်၌သာ ရိုးသားဖြောင့်မတ်စွာ ခစားနေပါ။ မင်းပြစ်မင်းဒဏ် ရှိလျှင်၊ ဘေးမဲ့ရစေမည်ဟု ဆိုပြီးနောက်၊ ထိုအကြောင်းကို နောင်တော်မင်းတရားထံ သံတော်ဦးတင်၍ ထားပေ၏။

ထိုနောက်၊ ဦးပုညသည် မန္တလေး၌နေ၍၊ အမျိုးမျိုးသော ကဗျာတို့ကို နောင်လာ နောက်သားတို့ စံပြုစရာ၊ ရေးသား စီရင်တော်မူလေသည်။

တနေ့၌၊ သမီးတော် စလင်းမင်းသမီး နားတွင်းမင်္ဂလာတော်တွင်၊ "နန်းထွက်ဗွတ်ည်" အစချီသော ပိုဒ်ရံရတုကို ရေးသားဆက်သွင်းရာ၊ သမီးတော်ကို ဆက်ရမည်ဟု အမိန့်တော်ရှိ၍၊ ဆက်သသောအခါ၊ သမီးတော်က ငွေသုံးပိဿာနှင့်၊ ဖိတ်အုပ်၊ ခေါင်းပေါင်းအုပ်၊ အဝတ်အစားအရုံ သနားတော်မူသည်။

## မြင်ကွန်း-မြင်းခုံတိုင်မင်းသားတို့ ထကြွခြင်း။

တခါသော်၊ မင်းတုန်းမင်းတရားကြီးသည်၊ မန္တလေးတောင်၊ နန်းမြေဘုံသာ စံနန်းတော်တွင် စံနေတော်မူခိုက်၊ မြင်ကွန်း-မြင်းခုံတိုင် မင်းသားတို့သည်၊ နန်းမြေဘုံသာစံနန်းတော်၏ တောင်ဖက်၊ မြောင်းမတော်နားတွင်၊ ဝင်းတော်နှင့်နေကြ၏။ သို့နေကြစဉ်၊ စလေဆရာကို အမှတ်မဲ့ခေါ်၍၊ ဆရာကြီး၊ ကျွန်ုပ်တို့ ညီနောင်နှစ်ပါးကို၊ မလွန်မြို့စား နောင်တော်က၊ ခမည်းတော်ဘုရားနှင့် ဖထွေးတော်ဘုရားတို့အား

www.burmeseclassic.com

www.burmeseclassic.com


ဂုံးတိုက်ပါသည်။ ကျွန်ုပ်တို့ညီနောင်အတွက် ရာဇဝတ်အပြစ်များမြင် ပါသလားဟု မေးကြ၏။

ထိုအခါ ဆရာကြီးက၊ အရှင်မင်းသားများ၏ စန်းလဂ်ပေါ်တွင် တနင်္ဂနွေ,စနေ,သံဒေါင်း, စီးနင်းနေသဖြင့်၊ ယနေ့မှ ၇-ရက်အတွင်း၊ မင်းပြစ်မင်းဒဏ်နှင့် ထောင်တန်း နှောင်အိမ်များသို့ ကျတတ်ပါသည် ဟု ဟောလေ၏။

ထိုအခါ၊ မင်းသားများက၊ ဆရာကြီး၊ထိုသို့ဖြစ်လျှင်၊ အကျွန်ုပ်တို့ ဘေးရောက်တော့မည်။ သေလျှင် မြေကြီး၊ မသေလျှင် ရွှေထီး-ဆိုသ ကဲ့သို့၊ ခမည်းတော်နှင့် ဖထွေးတော်တို့ကိုလုပ်ကြံတော့မည်။ အချိန် သာ ပေးပါတော့ဟုဆိုလေသော်။ ဦးပုညက၊ ယနေ့နံနက်တချက်တီး ကျော် ငါးမောင်းအချိန်တိတိကစ၍၊ နှစ်ချက်တီးအတွင်း၊ အချိန်သည် သင့်၏။ သပြေပန်းများကို ဆောင်ရာ၏ဟု လျှောက်လေ၏။

မင်းသားများကလည်း၊ ဆရာကြီး၊ ကျွန်ုပ်တို့ အောင်လျှင်၊ ဆရာ ကြီးကို သက်တော်ရှည်အဖြစ်ဖြင့် ခြီးမြှောက်ပါမည်ဟု မိန့်တော်မူ ၍၊ ဆုလာဘ် များစွာပေး၏။ စလေဆရာလည်း၊ ဗန်းမော်တိုက်သို့ သွားရောက် ရှောင်ရှားနေလေ၏။

ဆိုခဲ့သည့်အတိုင်း၊ မင်းတရားကြီးသည်၊ နန်းမြေဘုံသာစံနန်းတော် တွင် စံတော်မူနေခိုက်၊ နေ့ ၂-ချက်တီးခန့်တွင်၊ (စက်နာရီနေ့ ၁၂-နာ ရီခန့်တွင်) မင်းသားတို့သည်၊ ဖော်ကိုဗိုလ်၊ ဖြူသီး စသော အိမ်တော် သားတို့နှင့်တကွ၊ ထကြွပုန်ကန်ကြလေရာ။ အိမ်ရှေ့မင်း, မလွန်မင်း သား,စကုမင်းသား,ပြင်စည်မင်းသားနှင့် မှူးမတ်အချို့တို့ပါ၊ သေကျေ ပျက်စီးကြလေ၏။ အဆုံး၌ကား၊ သူပုန်မင်းသားတို့ အရေးနိမ့်သဖြင့်၊ အောက်မြန်မာပြည်သို့ ရန်ပြေးရလေသတည်း။

## ဦးပုညအနိစ္စရောက်ခန်း။

ထိုအခါ၊ သူပုန်များကို ဖမ်း၍ စစ်ဆေးရာ၊ ဦးပုညက အခါပေး ကြောင်း ထွက်ဆိုကြသည်နှင့်၊ ဦးပုညကို ဗန်းမော်တိုက်မှ ခေါ်ငင်၍ မင်းတရားကြီး ကိုယ်တော်တိုင် စစ်မေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးပုညက၊ကျွန်တော်မျိုးသည်၊ မြင်ကွန်းစား–မြင်းခုံတိုင်စားတို့၏ ခေါ်းကိုလည်း ကြောက်ရပါသည်၊အရှင့်ခေါ်းတော်ကိုလည်း ကြောက်ရပါသည်။သို့ရာတွင်၊ ထိုအခါက၊ မင်းသားတို့၏ ခေါ်းအောက်တွင် ရောက်လျက်ရှိပါသည်။ တဖန်၊အရှင်မင်းမြတ်မှာ ဖုန်းသမ္ဘာရှင်-သာ သနာ့ဒါယကာဖြစ်၍၊ မည်သို့သော ရန်သူမျိုးမှ မဖျက်ဆီးနိုင်သည် ကို၊ကျွန်တော်မျိုးအတပ်အမှန် သိမှတ် ယုံကြည်ပါသည်။ ထိုမှတပါး လည်း၊ကျွန်တော်မျိုး ဖွားစကပင်၊ ကြက်သွန်ခင်းဆရာတော်၊ မုံရွေး ဆရာတော်ကြီးများက၊ ဥပန္နေဒကကံ ပါသည်ဟု မိန့်တော်မူဘူး ကြပါသည်။ ဗန်းမော်ဆရာတော် ဘုရားကလည်း၊ မင်းခစားပြုလျှင်၊ မင်းဒဏ်သင့်လိမ့်မည်ဟု ဟောတော်မူပါသည်။ အရှင်မင်းမြတ်နှင့် ညီတော်အိမ်ရှေ့ဘုရားတို့က၊ ကရုဏာတော်ဖြင့် ဘေးမဲ့ပေးပြီးဖြစ် သဖြင့်၊ အသက်ချမ်းသာရ ရနိုင်၏ဟုလည်း၊ ယုံကြည်စိတ်ချ အား ကိုးပြီးဖြစ်ပါသည်။ ထိုသို့သော အကြောင်းတို့ကြောင့်၊ သားတော် များ၏အလိုသို့ လိုက်လျော၍၊ ဟောပြော တင်ဆက်မိပါသည်ဘုရား ဟုလျှောက်တင်လေ၏။

ထိုအခါ၊မင်းတရားကြီးက၊ ထိုသို့ဟောပြောသည့်အတွက်၊မောင် မင်းကို မင်းသားတို့က မည်သို့ ကတိထားသနည်းဟု မေးတော်မူ ပြန်သော်။ဝန်ရှင်တော်ရာထူးဖြင့် ချီးမြှောက်မည် ကတိထားပါသည် ဟု လျှောက်လေ၏။မင်းတရားကြီးက၊ မောင်ပုည၊မောင်မင်း၌ ရှေး ကုသိုလ်ရှိလျှင်၊ငါကလည်း သက်တော်ရှည်ရာထူးကို ပေးနိုင်သည် မဟုတ်လော။ ယခုမူကား၊ မောင်မင်းသည် လူဆိုးသူဆိုးတို့အား၊ အားပေးလေသည် တကားဟု မိန့်တော်မူပြီးလျှင်၊ မြို့တော်ဝန်–မြို့ သာမြို့စား–ဦးသာဒိုးထံ၌ အကျယ်ချုပ်နှင့် အပ်ထားလေ၏။

ဤသို့ အကျယ်ချုပ်နှင့် အပ်ထားခြင်း၌ နောင် စိတ်ကြည်ဖြေတော် မူသောအခါ၊သူကောင်းပြုမည်ဟု ရည်စူးတော်မူလေသည်။

မြို့ဝန် ဦးသာဒိုးသည်ကား၊ ဦးပုညကိုမလိုသော သဘောဖြင့်၊မိမိ ၏ဝင်းထဲ၌ အိမ်တဆောင်တွင် အကျယ်ချုပ်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ထားစဉ်၊ မြို့ဝန်မရှိသော အခါတို့၌၊ မြို့ဝန်၏ မယားငယ်များသည်၊ ဦးပုညထံသို့သွားရောက်၍၊ ဗေဒင်မေးခြင်း၊ တေးထပ် သီချင်းစသည် အရေးခိုင်းခြင်းများကိုပြုကြလေ၏။ သနားမေတ္တာရှိကြသော မယားငယ်များကလည်း၊ စားကောင်း သောက်ဖွယ်တို့ကို ပေးပို့ကြကုန်၏။ ဤသို့အသွားအလာများလျက်၊ ရောရော ထွေးထွေး အကျွမ်းတဝင်၊ နှစ်လ သုံးလ ရှိသော်၊ အချို့မလိုသော မယားငယ်များက၊ မြို့ဝန်အား ကုံးချောကြလေ၏။

ထိုအခါ၊ မြို့ဝန်ဦးသာအိုးသည်၊ ဦးပုညအား မိမိ၏ မယားငယ်များနှင့် မယုံမကြည်ရှိလာ၍ သတ်ပစ်ရန်ကြံစည်လေ၏။

တနေ့သ၌ ဦးပုညက၊ မြို့ဝန်ကတော်ကြီးအား–ကျွန်ုပ်သည်၊ မင်းခစားပြုမိသည့်အတွက်၊ အရှင်နှစ်ပါးက ဘေးမဲ့ပေးသနားတော်မူသော်လည်း၊ ကျွန်ုပ်၏ ဥပစ္ဆေဒကကံသည်၊ ယနေ့မှသုံးရက် လေးရက်အတွင်း၌ အခွင့်ရတော့မည်ဟု၊ တင်လျှင် ပြောထားလေ၏။

ထို့နောက်၊ နှစ်ရက် သုံးရက် ကြာသောအခါ၊ မြို့ဝန်ဦးသာအိုးသည်၊ ထောင်မှ အာဏာသားတို့အား၊ ညဉ့်အခါတွင်၊ ဦးပုညကို သတ်ပစ်စေလေသတည်း။

ဦးမောင်မောင်တင်ရေး–ဦးပုညသမိုင်းတွင်၊ ဦးသာအိုး၏ အမိန့်အရ၊ ကုန်းဘောင်ထောင်တွင်း၌၊ ပါးကွက်သူသတ်–ပုဏ္ဏားပျံ့ကာ၊ လည်မျိုကို သံတုတ်နှင့်ရိုက်၍ သတ်ကြောင်းဆိုသည်။

ဦးအို၏စာတွင်ကား–ထောင်မှ အာဏာသား ငါးယောက်တို့အား၊ ညဉ့်အခါ၌ ဦးပုညကိုတုပ်နှောင်၍၊ အင်းကင်းရေအိုင်သို့ယူသွားစေပြီးလျှင်၊ သဲအိုးထုပ်ဆွဲ၍ ချောဝတိမြစ်ထဲသို့ ပစ်ချသတ်စေလေ၏–ဟုပါလေသည်။ ဤတွင်၊ မင်းညီမင်းသား–မင်းမျိုးတို့ကိုသာ၊ ရေတွင်ချ၍ သတ်ရိုးရှိသည်၊ ဦးပုညကို ရေတွင်ချ၍ သတ်မည်မဟုတ်ဟုဆိုရန်ကားရှိ၏ရှင့်။ သို့ရာတွင်၊ ဦးအိုဖက်ကနေ၍ ပြောရန်ရှိသေး၏။ ရှိဟန်ကား–

ပထမအချက်၌။ ။ဦးပုညကို ဦးသာအိုးက သတ်သည်မှာ အမိန့်တော်နှင့်ကျကျနနသတ်ခြင်းမဟုတ်။ အိတ်တဆိတ်ခိုး၍ သတ်ခြင်းဖြစ်သဖြင့်၊ မည်သည့်နည်းနှင့် မဆိုသတ်ချင်သလို သတ်ပေလိမ့်မည်။

ဒုတိယအချက်ကား။ ။ဦးအိုက ဦးပုညကို မင်းဆွေစိုးမျိုးကဲ့သို့၊ ကတ္တီပါအိတ်စွပ်ခြင်းစသည်တို့ဖြင့်ပြု၍၊ ရေတွင်ချသတ်သည်မဆို။ ဝက်တုပ်တုပ်၍၊ အိုးဆွဲချသည်သာဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယအချက်ကား။ ။ခိုး၍သတ်ခြင်းဖြစ်၍၊ အစတုံး-လူမမြင်အောင် ရေတွင်းချ မြှုပ်၍ သတ်ခြင်းဖြစ်ရာ၏။

စာမျက်နှာ ၁၆-၁၇-တွင် ပြခဲ့သော-ဦးသက်တင် ရေးချက်တွင်လည်း၊ အိုကင်းရေ ဆိပ်တွင်သတ်ရန် စီမံသည်ကို တွေ့ရလိမ့်မည်။

မင်းတရားကြီးလည်း၊ ငါးလလောက် ကြာသောအခါ၊ စိတ်ပြေ တော်မူ၍၊မောင်ပုညကိုလွှတ်ရမည်ဟု၊ ရေနံချောင်းမင်းကြီးနှင့်ပုခန်း မင်းကြီးတို့အား အမိန့်တော်ရှိလေ၏။

မြို့ဝန်ဦးသာဒိုးသည်၊ အမိန့်တော်နှင့် သူခိုးထားပြေပမ်းရန်သွား သောအခါဖြစ်သည်နှင့်၊လွှတ်တော်က၊ဦးပုညရှိမရှိပုံစမ်းစေရာ၊ဦးပုည ကိုကြည်ညိုသော မိန်းမများကသတ်ပစ်ပုံ အလုံးစုံကို ပြောကြားကြ လေ၏။

နံနက်ညီလာခံတွင်၊မင်းတရားကြီးကအမေးတော်ရှိရာ၊ဦးပုညကို မြို့ဝန်ဦးသာဒိုးသတ်ပစ်ကြောင်း လျှောက်ကြလျှင်-ဟင် လူကိုခွေး သတ်လေပြီတကား - မောင်ပုညကို ငါနှင့်ညီတော် အိမ်ရှေ့မင်းတို့၊ ဘေးမဲ့ပေးတော်မူပြီးဖြစ်သည်။ငါသည် မောင်သာဒိုးထံ၌ အကျယ် ချုပ်နှင့် ခေတ္တထားခြင်းမျှသာဖြစ်သည်။ မောင်သာဒိုးသည် အလွန် မိုက်သောသူ ဖြစ်လေသည်ဟု၊နှစ်မြောစိုးရိမ် တော်မူစွာဖြင့် မိန့်တော် မူသောဟူ၏။ မြို့ဝန်ဦးသာဒိုးကိုလည်း၊တမြို့လုံး မုံးထားကြလေ၏။

ဤသို့လျှင်၊စလေဦးပုညသည် ၁၂၂၀-၂၉-ခု၊အသက် ၅၄,၅၅ နှစ်ခန့်၌၊ သူတပါး၏ လုံ့လ ပယောဂဖြင့်၊ အနိစ္စရောက်ရှာ လေ သတည်း။ ဝါ၊ အနိစ္စရောက်သည်ဟု ယုံကြည်ကြ လေသတည်း။ (မျက်နှာ ၁၆-၁၇-တွင် ကြည့်ပါဦး။)

## စလေ ဦးပုည အကြောင်း အကျဉ်းချုပ်

(၁) စလေဦးပုညသည်၊ ၁၁၇၄-ခုတွင်ဖွား၍၊ ငယ်မည်မောင် ပုတ်စည်တွင်သည်။ အဖမှာ၊ ရွှေတိုမင်း၏ အကြီးတော် - ဦးမြတ်ရုံ အမိမှာ - စလေ ပုခန်းငယ် မြို့သူကြီး၏ သမီး-ဒေါ်သွဲ့ရင် ဖြစ်သည်။ (စာမျက်နှာ ၂-ကို ကြည့်ပါဦး။)

www.burmeseclassic.com

www.burmeseclassic.com


(၂) ၆–နှစ်ရွယ်တွင်၊စလေမြို့၊ တူမောင်းဆရာတော် ဦးဒိပထံ၌ စ၍ပညာသင်သည်။ အမရပူရသို့ မကြာမကြာရောက်၍၊ သာယာဝတီမင်းက၊ ပညာဉာဏ်အတွက် ခြီးမြှင့်ခြင်းကိုခံရသည်။ စလေမြို့မ ခင်ကြီးစသည့်လည်း၊ငယ်ဆရာတပါးဖြစ်သည်။

(၃) အသက် ၈–နှစ်ရွယ်လောက်တွင်၊ တူမောင်းဆရာတော် ပြန်လွန်တော်မူသဖြင့်၊ အမရပူရ–ဗန်းမော် ဆရာတော် ထံတွင်၊ ဆက်လက် ပညာ သင်ရသည်။ ၎င်းဆရာတော်ထံ၌ပင်၊ ရှင်သာမဏေပြုသည်။ စလေခင်ကြီးသာ၊ ပုဂံရွှေကျောင်းနေ-ဒလခင်ကြီး တို့သည်လည်း၊ကြီးဆရာများဖြစ်ကြသည်။

(၄) ၁၁၉၈–ခုတွင်၊အမိအဖတို့ အနိစ္စရောက်သည်။ ၁၁၉၉–ခု တွင်၊ သာယာဝတီမင်း နန်းတက်ပြီးနောက်။ စလေ–ပုခန်းငယ်နှစ်မြို့ အုပ်က၊ ရဟန်း ဒါယကာပြု၍ ပဉ္စင်းခံသည်။ သုံးဝါ ရသောအခါ၊ ကျောင်းထိုင်သည်။ (စာမျက်နှာ ၈–ကိုကြည့်ပါဦး။)

(၅) ၁၂၀၃–ခုတွင်၊ ရွှေဘိုမင်း ရန်ကုန်သို့ ရန်သောအခါ၊ လူထွက်၍ ရန်ကုန်သို့လိုက်လာပြီးလျှင်၊ဗဟန်းတွင်တဖန် သာမဏေပြု၍နေပြန်သည်။ ထိုဗဟန်း၌နေစဉ်၊ ကန်တော်ကြီး–ဗဟန်းဘွဲ့ တေးလားများကို ရေးသည်။

(၆) နောက်မကြာမီ၊ အမရပူရ-ဗန်းမော်တိုက်သို့ပြန်၍ နေလေသည်။

(၇) ဗန်းမော် တိုက်မှတဖန်၊ စလေသို့ သွားရောက်နေထိုင်၍၊ တရားစာအမျိုးမျိုး၊မေတ္တာစာအမျိုးမျိုးတို့ကို ရေးလေသည်။

(၈) တဖန် ဗန်းမော်တိုက်သို့ပြန်၍၊ဗေဒင်ဟောကိန်းလင်္ကာများ နှင့် တေးထပ်များကို ရေးသည်။

(၉) ဤသို့သာမဏေအဖြစ်ဖြင့်၊ သုံးနှစ်ကျော်–လေးနှစ်ခန့်နေပြီး နောက် လူထွက်၍၊ ၁၂၀၈–ခုတွင် နန်းတက်သော ပုဂံမင်း၏ ညီတော်များဖြစ်သော မင်းတုန်းမင်းနှင့် ကနောင်မင်းတို့၏ အိမ်ရှေ့တော် တွင် ခစားသည်။


www.burmeseclassic.com

www.burmeseclassic.com

(၁၀) ၁၂၁၄–ခုတွင် မင်းတုန်းမင်းနှင့် ကနောင်မင်းတို့၊ နောင်တော်ပုဂံမင်းကို နန်းချ၍၊မင်းတုန်းမင်း နန်းတက်၏။ ဤအတော အတွင်း၊ဗန်းမော်ကျောင်းတိုက်တွင် သာမကောပြုဖြန်၍၊ ရှောင်ရှားနေသည်,။ ဗေဒင်ဟောကိန်း ရကန်၊ ဆေးကျမ်းလင်္ကာ စသည်များကို ရေးသည်။

(၁၁) နောက် လူထွက်၍၊ကနောင်မင်းထံ၌ ခစားသည်။ ဝိဇယ၊ ကောသလ၊ပဒုမ၊ဝေဿန္တရာ၊ ဂင်္ဂါမာလဇာတ်များကို ရေးသည်။ ပိုးဒယားနိုင် မော်ကွန်း၊ မန္တလေးဘွဲ့ပါသော ရတနာနဒီမော်ကွန်း၊ ပျို့၊လင်္ကာ၊ရတု၊ရကန်၊တောလား၊ရေလား၊ သမိုင်း၊ကျောက်စာ၊သံပိုင်း၊ သာသနာလျှောက်၊ ဧချင်း၊ပိုချင်း၊ နံ့ချင်း၊တေးထပ်၊သဖြန်၊ စသည်တို့ကို၊နောင်လာ–နောက်သားတို့ စံပြုလောက်အောင်ရေးသားလေသည်။

(၁၂) ၁၂၂၀–၂၈–ခု၊ အသက် ၅၄–၅၅–နှစ်လောက်တွင်၊ မြင်ကွန်း မြင်းခုံတိုင်တို့အထံ၌ အခါပေးသည်ဆို၍၊ သူတပါး၏ပယောဂဖြင့် သေဆုံးရလေသတည်း။ ဝါ၊သေဆုံးသည်ဟု ယုံကြည်ကြလေသတည်း။

(စာမျက်နှာ ၁၆–၁၇–ကို ကြည့်ပါဦး။)

---

## စလေ ဦးပုည၏ ပုံပန်းသဏ္ဌာန် အလေ့အကျင့်များ

စလေဦးပုည၏ ပုံပန်းသဏ္ဌာန်မှာ၊ မနိမ့်မမြင့်၊ ဖြတ်ဖြတ်ရှိသည်။ အသားလတ်၏။လက်ျာလက်မှာ မသန်စွမ်းလေ။ မောင်းရင်းကစ၍ သေးသိန် နေသည်ကို လူမမြင်စေလို၍၊ အင်္ကျီဝတ်ထားသည့်အခါဖြစ်စေ၊ ဝတ်မထားသည့်အခါ ဖြစ်စေ၊ ပုဆိုးစကို ယာဖက်ပခုံးစွန်း၌ အမြဲတင်ထားလေ့ရှိသည်။ရင်းပုဆိုးစမှာ၊အချိတ်အတွယ် မရှိဘဲ မြဲမြဲစွာနေ၏။

ကွမ်းစားသောအခါ၊ ကွမ်းရွက်ကို ပုဆိုးတွင်းမှ လက်ျာလက်မ လက်ညှိုး ၂–ခုက ညှပ်ထားပြီးလျှင်၊ လက်ဝဲလက်ဖြင့် ထုံးသုတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


ကွမ်းသီးညှပ်ခြင်း၊ ထည့်ခြင်းတို့ကိုပြု၍၊ လက်ဝဲလက်ဖြင့် ကွမ်းယာကို ယူစားလေ့ ရှိ၏။

ပုဝါကို ပေါင်းသောအခါ၊ လက်ဝဲဒူးကို ထောင်ပြီးလျှင်၊ ရင်နှင့် ကပ်ထားပြီးမှ၊ ပေါင်းမည့် ပုဝါကို လက်ဝဲလက်နှင့်ယူပြင်၊ ပခုံးနှင့် ဒူး စပ်ကြားသို့သွင်းရာ၊ ပုဆိုးတွင်းက၊ လကျာ်လက်ညှိုး-လက်မ ၂-ခုက၊ ပုဝါစကိုဆွဲထားသည်။ ထို့နောက် လက်ဝဲလက်ဖြင့် ပုဝါကိုကိုင်ယူ၊ ဦးခေါင်းမှာပေါင်း၏။ လူကြီးပေါင်း-အုပ်ပေါင်း၊ ကောင်းမွန် သပ်ယပ်စွာရှိသည့်ပြင်၊ အလွန်လျင်မြန်သဖြင့်၊ အံ့ဩဖွယ်တခုပင် ဖြစ်ရလေသည်။

စာရေးသောအခါ၊ လက်ဝဲလက်ဖြင့် ရေးရသည်ဖြစ်ရကား၊ ပုရပိုက်ကိုအလျားလိုက် မဟုတ်၊ ထောင်လိုက်ထား၍၊ ရေးချလေ့ရှိသည်။ အလွန် လျင်မြန်သည့်အပြင်၊ လက်ရေးလက်သား ကောင်းလှစွာ၏။

ဤသို့ လက်မသန်သည်ကို၊ မလိုသူတို့က ယော်ကျိုးယော်နာ ပေါ်၍ စာစပ်သည်မှာ-

"ကဗျာစီ မောင်ပုညကို၊ ဆောင်ဂုဏ်ပြထုတ်လျှင်။ ။တောင်ချူ က ပုတ်သင်လို၊ ကုပ်ခွင်သိန် လက်သေး။ ။မင်းမြှောက်လို့-သင်း လောက် ကျော်တယ်၊ ထွင်းဖေါက်ကော် ညဏ်မျိုးနှင့်ဝေး။" ။ဟူ၍ ဖြစ်သည်။ (ဆရာရိပ်ထံမှ ရသည်။)

စလေဆရာကြီး ဦးပုည၌ အပြစ်ဆိုဖွယ် သုံးချက် ပေါ်ထွက်လာလေသည်။ ၎င်းတို့ကား-

(၁) ဆရာတော်ကြီးများက၊ မင်းခစား မပြုလင့်၊ မင်းဒဏ် ထိဖွယ် မြင်သည်ဟု အထပ်ထပ် သတိပေးလျက်နှင့်၊ မင်းခစား ပြုလေသည်။

(၂) ရဟန်းဝတ်နှင့်တကြိမ်၊ ဦးသာဒိုး၏ ဝင်းထဲ၌တကြိမ်၊ မိန်းမတို့နှင့် မသင်္ကာ ခံရသည်။

(၃) သူပုန်တို့ကို အားပေးခြင်း၊ အချိန်အခါ ပေးခြင်း၊ တို့ကို ပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com


(၁) သတိပေးလျက်နှင့် မင်းခစား ပြုခြင်း၌ကား၊ စလေဆရာသည်၊စင်စစ်မင်းခစားမပြုလို၊မင်းခစားပြုရန် တဖက်က အားပေးဆွဲငင်လွန်းသဖြင့်သာ အဆုံး၌ မင်းခစားပြုဖြစ်လေသည်။

ဇန်းမော် ဆရာတော်ထံရောက်စကပင်၊ဆရာတော်ဘုရား၏ဆုံးမချက်အရ၊ရှင်သာမဏေဘဝမှရဟန်းဘဝသို့လည်းတက်ခဲ့သည်။

ရဟန်းမပြုမီ၊ရွှေဘိုမင်းက၊ အဖကို မခြီးမြှောက်လိုက်ရ၊ ကိုရှင်ပုညကို ခြီးမြှောက်လိုပါသည်။ မင်းခစားပြုတော်မူပါ-ဟု မိန့်လျက်နှင့်၊ဒါယကာမင်းမြတ်၊ ဇန်းမော်ဆရာတော်၏ ဆုံးဖြတ်ချက်လည်း ရှိသည်။သာသနာ၌လည်း ငါကြည်ညို၏။သို့ကြောင့်၊ သာသနာတော်ထမ်းပင် ပြု၍နေပါတော့အံ့ဟု ပြန်ကြားပေသည်။

ရွှေဘိုမင်း ရန်ကုန်သို့စုန်ခါနီး၌၊ မိန်းမတို့နှင့် ရှုတ်ပတ်ကြသဖြင့်၊ လူထွက်သော်လည်း၊သာမဏေဘဝနှင့် ပြန်၍နေလေသည်။

ထို့နောက်၊ ကနောင်မင်း၏ အလိုတော်ကျ ဖြစ်လေအောင်ဟု၊ လူထွက်၍ မင်းခစားပြုလေသည်။ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့၊ နောင်တော်ပုဂံမင်းကို လုပ်ကြံရန် ရွှေဘိုသို့ ထွက်သောအခါ၊ ချက်ချင်းပင် ဇန်းမော်တိုက်သို့ပြန်၍၊သာမဏေပြုနေလေသည်။

မင်းတုန်းမင်း-ကနောင် မင်းတို့ အထမြောက်၍၊ထီးနန်းကိုရလျှင်ပင်၊စလေဆရာကို သတိရ၍၊ မင်းသုံးရန် အရေးတယူ လိုက်လံရှာဖွေလေသည်။

ထွက်ပြီးသည့်နောက်၊ မြင်ကွန်းစား – မြင်းခုံတိုင်စားတို့နှင့်ရောနှောသည်ကို၊ ကနောင်မင်းက သတိပေးသောအခါ၊ ဦးပုညက-ဇန်းမော် ဆရာတော်ဘုရား၏ ဆုံးမချက်ရှိပါသည်။ မင်းခစားမပြုလိုပါ။ ခွင့်လွှတ်တော်မူပါဟု လျှောက်လေသည်။

ကနောင်မင်း ဇိမ်ရှေမင်းသည်ကား၊ မလွှတ်နိုင်-မလွှတ်ရက်ဘဲ၊ နောင်တော် မင်းတုန်းမင်းတရားကြီးအား လျှောက်ထား၍၊ဦးပုညကို မင်းပြစ်မင်းဒဏ်မှ ဘေးမဲ့ပေးတော်မူသည်။

ဤသို့အားဖြင့်၊ ဘုရင်စသူ၏ အလိုတော်ကျ မင်းခစားအဖြစ်သို့ ရောက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးပုညသည်၊စင်စစ်လျှင်၊ မင်းခစားပြုလိုသောစိတ် မရှိ။မင်းပါးစိုးခွင်၊ မင်းကျွမ်းဝင်ခြင်းကိုလည်း အလိုမရှိ။ ထိုအကြောင်းကို၊ ဦးပုညပြန်ပေးမေတ္တာစာတွင် တွေ့ရသည်။ တွေ့ရပုံကား–

ဦးဆန်းမှ တဆင့် ပေးလိုက်သော၊ မောင်ရွှေပြား၏ မေတ္တာစာတွင်၊ဦးပုညသည်၊ "လောကကို လိုက်စား၍၊မင်းပါးစိုးခွင်၊ ထွက်ဝင်ရအောင်၊ ကြံဆောင်အားဆဲ။ ငါ-တကား ခဲသော်လည်း၊ မင်းပွဲသို့မဝင်နိုင်၊ ခေတ်စုဒ်တိုင်ယွင်းယို၊ ဇာတာတော်ညှိုသောကြောင့်၊ စိတ်လိုတိုင်းမပြီး"ဟု ပါလေသည်ကို၊ဦးပုညက ပြန်ဖြေသော မေတ္တာစာတွင်၊

မိမိသည် "ဗေဒင်ကျမ်းနှင့်၊ခေတ်ကျမ်းသိုက်ကျမ်း ပရမ်းပတာ၊ အရာရာကို၊ပညာဖြင့်ထောက်နိုင်း၍၊ တိုင်းရေးပြည်ရေး၊ မင်းရေးစိုးမှု၊ ဤလူ့ပု၏၊ အာယုသင်္ခါရ၊ကာလဆုံးဖြတ်၊ အနာဂတ်ကို၊နိယတ်သန္နိဋ္ဌာန်၊အဘိညာဉ်တမျှ၊လောကဖြူဟာ၊နတ်ဒေဝါကဲ့သို့၊ ခြင်းရာပြက်ပြက်။ သိမြီးလျက်နှင့်၊ ကမ္ဘာပျက်ခါနီးမှ၊ ယောင်တီးယောင်တ၊ လူ့ဘဝကို၊ ရပေသည့်ယောကျ်ားကဲ့သို့၊ မင်းပါးစိုးခွင်၊ ဝင်လိုသည့်စိတက်၊သည်ရမက်များနှင့်၊သက်သက်ကြီး ဆရာဝေး၏။နပဲ့ထွေးမိ၊ ငါမတော်တော့"-ဟူ၍ဖြင်း။

ထိုမေတ္တာစာ၌ပင်၊ "အာကရှင်မထီး၊ တကာကြီးဆရာ၊ ပုဏ္ဏိုလ်ကျော်ငါပါကို၊ ဘဇာပြု၍၊ ချာဝလက်ထက်၊ ကွမ်းတညက်နှင့်၊လျှပ်စက်တဝင်း၊ခုလက်ငင်းနောက်ပိုးမီးခိုးလျှောက်သင်္ခါရ၊အနိစ္စဘိဋ္ဌန၊ ဒိဋ္ဌဓမ္မော၊ ရှုစရာလံကဓောနှင့်၊ သံယောဇဉ်မဖြစ်လို၊ နဂိုပါဇာတာလိုက်၊ ငါ့စရိုက်ငါ့အကြံ၊ မာနကာခံရာမှာ၊ ဉာဏ္ဍယာဝဘဝဂ္ဂါစ၊ ဘဲ့ကလောက်ဆင်းရဲတော့၊ တပဲမျှဝန်မချအူးမင်းစပိုးစ၊မမ-မောင်မောင်၊ ထိပ်ခေါင်တင်-မ-ဖုရား၊ ထားထား-တင်တင်၊ ခင်လေးခင်ပု၊ ရုပ္ပဝရုဝ၊ မျက်နှာများဂုဏ်လိုက်၍၊ အကြိုက်ကိုပြောကြသည့်၊ ဝေါဟာရသတ္တဝါကို၊ မြဟ္မာနှင့်ကမျဉ်းနီကဲ့သို့၊ တန္တိစံမှ၊ ဒဋ္ဌိကမ္မ၊ ဥပမာမေယျ၊ ဆရာ့သဘော၊ ငါ့မနော၌၊ ချောချောကြီးကျသောကြောင့်၊ ကာယ်မပါ-ကြည့်ရှုပါ။ ပြုရပါ-ထောက်ပံ့ပါ၊ မွဲသွေ့သွေ့မျက်နှာနှင့်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချမ်းသာရကြောင်း၊ ငယ်ငေါင်းရတ်ပဲ့၊ နှုံးနှဲ့သည့်စကားများကို၊ မေ့မှားလို့ဆိုမိလျှင်၊ လျှာတိုအောင်ရိတ်ချင်၏"-ဟု ပါလေသည်။

မင်းနှင့် မဆက်ဆံလိုကြောင်း အထူးထင်ရှားပုံကို၊ ရာဇဝတ်မှု ရောက်၍၊ မြို့ဝန်ဦးသာအိုး၏ ဝင်း၌နေရသောအခါ၊ ရေးသောတေး ထပ်တွင်ကြည့်ရာသည်။တေးထပ်ကား-

"လက္ခဏာ ဟန်မကျချင်တော့၊အနန္တာခက်တွေ့။ ။ကံမ-မှ၊အ သက် (ရှေ) မယ်၊ကျုံမျက်ရေပယိုဆင်း။ ။တွေးမိတိုင်း စိတ်နာတယ်၊ မဇ္ဈိပ်ထာလေးညဥ့်အလင်း။ ။ကာလကိုထောင်းချင်သည်၊ကြောင်း အင်နှော်မရှင်း။ ။ကောင်းချင်သော် နှုံးဖျင်းလို့၊ နုံရင်းသို့လွှဲမယ်၊မချို လို့ ပေါ်တဲ့သွားတောင်၊ ရယ်သလား မေးကြလေတယ်။ ။စကား ကြောင့်၊ တရားကွယ်၊ အလားဝယ်ကုန်ခန်းလို့၊ ဘုံနန်းမြင့် အဆောင် ဆောင်၊ ကင်းရလေအောင်။ ။"မင်း"-ဆိုသမျှ ကွင်းရှောင်မယ်၊ "ထမင်း"တောင် စားချင်ဘူးလေး"

ဤသို့အားဖြင့်၊ စလေဦးပုညမှာ၊ မိမိအလိုအတိုင်း မဟုတ်ဘဲ၊ သူ တပါးတို့၏ ဆွဲငင်မှုကြောင့်၊ လိုက်လျောခါ မင်းခစားပြုရလေသည် ဖြစ်ရကား၊ ဦးပုညကို အပြစ်တင်ဖွယ်မရှိဟု ထင်မိသည်။

(၂) မိန်းမမှုများနှင့် ပတ်သက်၍ကား-တခါသော် ဦးပုညသည်၊ ရဟန်းဒါယကာ စလေ-ပုခန်း ၂-မြို့အုပ်၏အရပ်သို့ တရက်မျှ သွား ရောက်သည်ကိုလူပျိုလှည့်သည်-ဟု မကောင်းသတင်းဖြစ်ရာ ရဟန်း ဒါယကာမြို့အုပ်မင်းသို့ ပေးသော မေတ္တာစာမှာ၊အောက်ပါအတိုင်း ဖြစ်သည်။

"သဗ္ဗေသတ္တာ၊ဒုက္ခာမုစ္စန္တု။ ။ရည်ညွှန်းပြုလျက်၊ ချွေလက်ထက်၊ မြင်မြင်တိုင်းကျက်ကြသည့်၊ ဈေးဖျက်မေတ္တာစာ၊ ညာတကာတို့ကို၊ ပေယျာလကန်၊ဝကွက်၍ချန်ခဲ့မည်။ သမန္တာစက္ကဝါ၊ ပရိတ်ကြီးဒေသ နာကို၊ ပုဒ်အာမကြွင်း၊ ပုဒ်မပါသွင်းပြီးလျှင်၊ မြို့အုပ်မင်းကျုပ်တကာ၊ မာပါစေဟောန္တု၊တဇ္ဈိမ်လုံးတရပ်လုံး၊ ရှိသမျှသိမ်းကျုံး၍၊အားလုံး ကုန်ဟောန္တု၊ သဝေချာပွန်းပ၍၊ ခုလုပ်ခုရေး၊ ဇေးမေတ္တာစာ၊ ထိုဂါ ထာကို၊ ဇဝနာပဋ္ဌာန်၊ပင်ထွက်ညက်ဖြင့်၊ အမြန်စီရေး၊အမှုပုံပါ၏

www.burmeseclassic.com



နှင့်၊မေတ္တာစာပေးလိုက်သည်။ ဒေးတီတီဒါယကာ၊ ကျုံဝိတကာမြို့ ဒုပ်မင်း– ကိုယ်တွင်း ကိုယ်ပ၊ ဆနဂုရောဂါ၊ ကပ်လာသညှဉ်းပန်းလျှင်၊ ရဟန်းတို့အား၊ ဆေးဝါးအလို့ငှါ၊ အချိန်ကာလ၊ နေ့ညမဟူ၊ အလှူခံသွားတော့ဟု၊ ဘုရားဟောဒေသနာ၊ ပညတ်တော်လာသည်ကို၊ ထကာကြီးအသိ၊ အမိန့်တော်သို့ရှိ၍၊ ဒုက္ခိတဝေဒနာ၊ မကျန်းမာသည့်ကို၊သပ္ပါယဆေးဝါးဖြင့်၊ကုစားသော်ကောင်း၏ဟု၊အကြောင်းထူးမဖက်၊ ဆေးဝါးအလို့ငှါ၊ စေတနာသက်သက်၊ ပယောဂ မစွက်ဘဲ၊ တရက်မျှတည်းသာ၊ ကျွန်ုပ်လာသည်ကို၊ တကာကြီးအရပ်က၊ ပါးစပ်နှင့်မအား၊ လဲ၍ထားသို့၊ ယောက်ျားတယောက်၊ ခွေးလောက်နီးနီး၊မိုက်လုံးကြီးနှင့်၊ နှုတ်သီးမစောင့်၊ သူကောင့်သား လက်ကိုင်း၊ ငွေပေး၍ ခိုင်းသည့်နှယ်၊ အိမ်တိုင်းကိုသူ၊ ကြွတော်မူပြီးလျှင်၊ လူတကာ့နား၊ မကြားကောင်း မခံသီး၊ ဖုန်းကြီးတန်မဲ့၊ လူပျိုလှဲ့သည်ဟု၊ တကဲ့အဟုတ်၊ သင်းအမှုလုပ်သောကြောင့်၊ မြို့ဒုပ်မင်း အသဲမှာ၊ ကျွဲဝင်၍ ခတ်သည့်နှယ်၊ အရပ်ကသူ့ ထက်ငါ၊ ဘဟာမှ ကောင်းမကြံ၊ သို့ဖြစ်ဟန်ကြောင့်၊ တိုင်ပင်ရန် မရှိလျှင်၊ သတိမှရစေ၊ အထွေထွေအပြားပြား၊အရပ်ကကြားသည်ဟု၊စကား-ကူးတို့၊တကာကြီး ပို့ပေသည်။သို့သော် တခါ၊ကျေးဇူးကိုရှာလိုက်လျှင်၊ ဆရာတို့သဘောအလိုမှာ၊အစ်ကိုရင်းထင်ပါသည်။ ပြင်ပြင်မဲ့သား၊တရားနှင့်မညီ၊ လူတကာမသတိအောင်၊ နာရီကိုကြိုက်တတ်၍၊ ဣတ္ထိရတ်လိုက်သည်ဟု၊ ကတိုက်ဂုံးချော၊အရပ်က မနာလို၍၊ ကြာခိုသည် ပြောသော်လည်း၊ သဘောနှင့်ထောက်ချင့်၍၊ယုံသင့်မှယုံပါ၊သင်းမျိုးကိုဝါသနာ၊ ကျွန်ုပ်ဥပါတတ်လျှင်၊တကာမို့ပြောတော့မည်။ အချောအနု၊မပု-မမြင့်၊အခန့်သင့်ကလေး၊သေးသေးသွယ်သွယ်၊မငယ်လွန်း မကြီးလွန်း၊ဖွန်းခြစ်တမျိုး အထုံးခံအုန်းသီး၊ဖုန်းကြီးကြိုက် မင်းကြိုက်၊ ကာလသားများနှင့်လားလားမျှမထိုက်၊ဗျာဆံပိုက်ဗျာဆံခါ၊အပျိုတွေလာလွန်းလို့၊ ဆရာတော်ကျောင်းပေါ်က၊ကြိမ်ဆော်၍ချရသေးသည်။ ကာလခေတ်သို့စင်ဖြစ်၍၊ညှစ်ညစ်ညှမ်းညှမ်း၊သင်္ကန်းကိုမရုံ၊ ခေါင်းမြီးခြုံပြီးလျှင်၊ ထွက်ဘုံပိဟာ၊ ကျောင်းတော်သာက၊ ငါရှင်မထိး၊တကာကြီးဆရာညာ

www.burmeseclassic.com

နေသူရှာရအောင်၊ စကြာတော်မဖြန့်ကြောင်းကို၊အပေါင်းလူများတို့၊ မှားယွင်းသက်ာ၊မိန္တာညာဏ် ရှင်းကွာအောင်၊မေတ္တာစာမောင်းခတ်၍၊အရပ်ကို လှည့်ပါလေနော်၊တကာတော်။”

အထက်ပါစာအရ၊ ဤပထမ စွပ်စွဲချက်တို့သည် ပျက်၍ သွားလေသည်။

ဒုတိယအချက်၊ မြို့ဝန်ဦးသာအိုးက၊ မိမိ၏မယားငယ်များနှင့် မသက်ာသည်မှာကား-ဦးပုညသည်၊ ဗေဒင်လည်း ကောင်းစွာတတ်သည်။ ကဗျာလင်္ကာစာရေးလည်း ကောင်းသည်။ဤ ၂-ချက်ကား၊ မိန်းမဟူသမျှတို့၊ အထူးနှစ်သက်လိုလားသော အချက်များ ဖြစ်လေသည်။မိန်းမ အပျို အအို အကြီးအငယ်တို့ အခွင့်ရသမျှ သွားရောက်ကြမည်မှာ၊ မလွဲတည်း။ဦးပုညကဲ့သို့သော မင်းသုံးသော ပညာရှိကြီးသည်၊အကြောင်းမသင့်သဖြင့်၊ မိမိတို့ အိမ်ဝင်းသို့ ရောက်လာသည်ဖြစ်ရကား၊ထို မိန်းမ ကြီးငယ်တို့က၊ မုတ်ဆိတ် ပျားစွဲကဲ့သို့၊အားခဲ၍သွားကြခြင်း ဖြစ်ရာ၏။

ထိုအကြောင်းနှစ်ချက်နှင့် ပတ်သက်၍၊ကြည့်ညိုကြသည်မှတပါး၊ ရာဇဝတ်ကောင်အနေနှင့် အကျယ်ချုပ်ဖြင့် နေရသောအခါ ဖြစ်ရကား၊ အထူးသဖြင့် သနားခြင်းကရုဏာ ထပ်၍လာကြခြင်း ဖြစ်လေသည်။သို့ကြောင့်လည်း၊ထို မိရှယ်-ဗရှယ်ဆရာကြီးထံသို့၊မှိုနိဆည်း ကပ်၊လာဘ်သပ်ပကာ၊စားရဲသောက်ဖွယ်၊ အမယ်မယ်တို့ကို၊သည့်ယူပေးကမ်းကြမည်ကား၊ဓမ္မတာပင် ဖြစ်ပေသည်။

ထိုသို့ အကျွမ်းတဝင် ကူးလူးဆက်ဆံ ကြသည်ကို၊ အချိုသော မယားငယ်များက၊ မယားငယ်ချင်း ရန်သူဖြစ်ကြ၍သော်၎င်း၊ ဆရာကြီးထံ၌ မိမိအလိုရှိတိုင်း မမေးရ-မခိုင်းရ၍သော်၎င်း၊ထိုအကြောင်း ၂-ရပ်လုံးကြောင့်သော်၎င်း၊ မြို့ဝန်ဦးသာအိုးအား ဂုံးတိုက်ခြင်း ဖြစ်ကြလေရာသည်။

မြို့ဝန် ဦးသာအိုးမှာလည်း၊ နဂို (နေတိုယ်)ကပင် ဦးပုညကို မုံးထားခြင်းရှိသည်မှတပါး၊မယားတို့နှင့်ပတ်သက်သောကိစ္စဖြစ်ရကား၊

www.burmeseclassic.com

www.burmeseclassic.com



ယမ်းပုံမီးကျ၊ ဒေါထမည်မှာ ဓမ္မတာသာသည်သာတကား။ သို့ကြောင့်လည်း၊တိတ်တိတ်ပုန်း သတ်ပစ်လေသည်။

သို့ကြောင့်၊ဦးပုညသည် ဤသို့အစွပ်အစွဲတို့ကို ခံရသည်မှာ၊မိန်းမတို့၏အလိုကို၊ သနားမေတ္တာ၊ အားနာစွာဖြင့် လိုက်လျောပြုပေးခြင်း၊ အကျွမ်းမဝင်သင့်သော မိန်းမတို့နှင့် အကျွမ်းဝင်ခြင်း တည်းဟူသော ပစ္စုပ္ပန်မှု၊ ဝိပါက်တည်းဟူသော အတိတ်မှုတို့ကြောင့် ဖြစ်သည်ဟု ယူရန်ရှိလေသည်။

(၃) သူပုန်တို့ကို အားပေးသောအမှုနှင့် ပတ်သက်၍ကား–မြင်ကွန်းစားတို့ ထပြီးနောက် ဦးပုညကို၊ မင်းတုန်းမင်းတရားကြီးကိုယ်တိုင် စစ်မေးတော်မူသော အခါ အစစ် ခံချက်ကို ကြည့်ရာသည်။ (က)မြင်ကွန်းစားတို့၏ခေါင်းနှင့် အရှင်တို့၏ခေါင်း နှစ်ဦးလုံးကို ကြောက်ရသော ကျွန်တော် ဖြစ်ပါသည်။ ထိုအခါက၊ မြင်ကွန်းစား၏ ခေါင်းအောက်၌ လက်ငင်းရောက်လျက် နေရပါသည်။ (ခ)ရှင်းပြင် အရှင်မင်းမြတ်မှာ ဖုန်းရှင် သမ္ဘာရှင်၊ သာသနာ့ဒါယကာဖြစ်၍ မည်သည့်ရန်သူမျှ မဖျက်ဆီးနိုင်သည်ကို အတပ် သိပါသည်။ (ဂ)ထို့မှ တပါးလည်း၊ အရှင်မင်းမြတ်နှင့်အိမ်ရှေ့ဘုရားတို့က၊ ကရုဏာတော် အရှင်များဖြစ်ကြသည်အားလျော်စွာ၊အကျွန်ုပ်အား၊ မင်းပြစ်မင်းဒဏ်မှ ဘေးမဲ့ပေးပြီးဖြစ်သောကြောင့်၊ ဇာကနိမုချ ငါ၏အသက်ကို ချမ်းသာပေးတော်မူလိမ့်မည်ဟု အားကိုးယုံကြည်ပြီးဖြစ်ပါသည်။ဤသို့သော အကြောင်း တို့ကြောင့်၊ မြင်ကွန်းစားတို့၏ အလိုကို၊ အထိုက် အလျောက် လိုက်လျော၍၊ အသက်မှ ချမ်းသာရုံ ဟောပြောမိခြင်း ဖြစ်ပါသည်-ဟု စလေဆရာက လျှောက်တင်လေသည်။

အထက်ပါ အစစ်ခံချက်တို့မှာ၊ကွေ့ ကောက်ရှုတ်ထွေးမရှိ၊ ရိုးရိုးမှန်မှန်၊ယုတ္တိတန်သော အစစ်ခံချက်များပင် ဖြစ်လေရကား၊ယုံကြည်ဖွယ်-ယူဖွယ်ပင်ဖြစ်သည်။

စင်စစ်သော်ကား၊ထိုသို့ မင်းခစားပြုရခြင်း၊မလွဲသာသဖြင့် သူပုန်မင်းသားတို့အား၊အချိန်အခါ ပေးမိခြင်းတို့၌၊ စလေဆရာသည် စိတ်မပါ-စိတ် မချမ်းသာ အမြဲဖြစ်နေလေသည်။ ဤကဲ့သို့ ပြုခဲ့မိခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com

သည်၊မှားလေစွတကားဟု၊သတိသံဝေဂရလေသည်နှင့်၊ မိမိသေရအံ့ဟုသိသောအခါ၊အောက်ပါစာကို နောက်ဆုံးရေးသွားလေသည်။

စာကား–

"ဟုတ်ပလေ၊ နွတ်ခြေဟုရမှာဖြင့်၊ ပုဗ္ဗေစထင်ခဲ့လေ။ ။ကောသလငယ်လို၊ဘဝမှာသရေလန်းပါတဲ့၊ရွှေနန်းစံ ရာနရီနှမ၊ ခါချိန်တန်ပျက်စမြဲဟာမို့၊စွဲမိသံဝေ။ ။အကုသိုလ်စာတကတ်ကယ်က၊ယခုလိုလာလို့ဖြတ်သော်ကြောင့်၊ စရပ်သို့ပြေးရချေ၊ ဆွေးသေသို့–သေရပြီး။ ။သိလျက်နှင့်ပင်၊ ဝိပါက် ကြမ္မာထင်ငဲ့၊ ရွှေညတ်ရှင် မဝေခွဲနိုင်ဘူး၊ပွဲတွေအမှား"

### စလေဦးပုည၏ ဂုဏ်များ

စလေဆရာ၏ဂုဏ်ကို ချီးကျူးရန် များပြားစွာ၏။ ဤတွင်ကား မိမိထင်မြင်သမျှလောက်ကိုသာ ပြပါအံ့။

စလေဦးပုညသည်၊လောကီလောကုတ္တရာ၊ နှစ်ဖြာသောကျမ်းဂန်တို့၌ စွမ်းသန် လိမ္မာ၊နိုင်နင်းစွာ၏။သို့ကြောင့်လည်း၊ များစွာသော စံ မူ ပြုလောက်သော စာတို့ကို ရေးခဲ့ပေသည်။

### ထိုဆရာကြီး ရေးသော စာများကား

၁။ ဗဟန်းဘွဲ့၊ကန်တော်ကြီးဘွဲ့ တောလား။

၂။ မင်းကြီး ဦးပွါး၏ ရေစက်သွန်း ဆုတောင်း မော်ကွန်းစာ။

၃။ တရားဟောစာ၊ ၂၆–ဝတ္ထု။

၄။ မေတ္တာစာ ပုဒ်ရေ ၅ဝ–ခန့်။

၅။ ဟောကိန်းရကန်များ။ ၎င်းရကန်များတွင်၊ သစ်လဲကြိန်ရကန်၊မြေခံရကန်၊ နဂါးလှည့်ဟောရကန်၊ အဒ္ဒလက်ဟောရကန်တို့ ပါဝင်လေသည်။

၆။ သဂြိုဟ်ကိုးပိုင်းသချပ် တေးထပ်များ။

၇။ မြို့ဟစ်ကျမ်းလာ ဇာတာယုဂ်ပေါင်း ၁၅ဝ–ကို တေးထပ် ၁၅ဝ–ဖြင့်၊ပြီးအောင်ရေးသော ဟောကိန်းတေးထပ်များ။

၈။ ဇာတာဘွဲ့လေးချိုး။

၉။ သက်ရောက်ဂြိုဟ်စားဟောတေးထပ်များ။

www.burmeseclassic.com

www.burmeseclassic.com


၁၀။ မယ်ဘွဲ့၊မောင်ဘွဲ့၊တောဘွဲ့၊တောင်ဘွဲ့၊ကိုယ်ရည်သွေးမှစ၍၊ များပြားလှစွာသော တေးထပ်များ၊ ရှစ်ဆယ်ပေါ်တေးထပ်များ၊ ပေါင်း ၂၀၀-ကျော်တွေ့မှတ်ဖူးသည်။

၁၁။ ဆေးကျမ်းလင်္ကာများ။

၁၂။ ဆေးနည်း လင်္ကာ ကဗျာများ။

၁၃။ သဒ္ဒါ ပုဒ်စစ် လင်္ကာ ၁၈-ပိုဒ်။

၁၄။ ပင့်ရစ်ဂဏ္ဍိသတ်ပုံလင်္ကာ ၁၄-ပိုဒ်။

၁၅။ သင်္ကာခုဘာသာ ဖတ်နည်းလင်္ကာ။

၁၆။ ပုဂံတွင်နေစဉ်ရေးသော၊ပိဋကတ်ဖက် ဆိုင်ရာ-သဒ္ဒါဂဏ္ဍိ ရ နိဿျ နံပျောက်ဆောင်များ၊ နိဿျနံ ပျောက်ဆိုသည်မှာ၊ အရိုးအတိုင်း ပါဠိတချက် အနက်တချက်,အနက် မပြန်မူ၍၊ ပါဠိ ပါဋ္ဌိကို ရေးထားပြီးလျှင်၊ အနက်ခက်သော ပါဋ္ဌိစကား လုံးတို့၏ အထက်က၊ မြန်မာအနက်ကိုဆင့်၍ ရေးမှတ်ထား ခြင်းကိုဆိုသည်။

၁၇။ ယိုးဒယားနိုင်မော်ကွန်း။

၁၈။ ရတနာနဒီဘွဲ့ မော်ကွန်း၊ ၎င်းမော်ကွန်း၏ ဒုတိယပိုဒ်အစ တွင်၊ "တကမ္ဘာလျှင်၊ မဟာမြပေ္ခ၊ လျှာကုဋေဖြင့်၊ ဆန်းနေ ဂိုဏ်းညီ၊ဂါထာစီ၍၊ ကျူးချီမြွက်ပေါ်ဆိုလှည့်သော်လည်း၊ ဖုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေပန်ခြီးမြှောက်၊ ပြီးမ ရောက်လိမ့်"ဟု စပ်သည်ကို၊ မင်းတုန်းမင်းတရားကြီးက၊ မောင်ပုညက ငါ့ကို မြှောက်လွန်းသည်-ဟု မိန့်တော် မူရ သောဟူ၏။

၁၉။ ဥပကနှင့် ဆာဝါ ဟောစာ။

၂၀။ ဝိဇယ ပြဇာတ်။

၂၁။ ကောသလ ပြဇာတ်။

၂၂။ ပဒုမ ပြဇာတ်။

၂၃။ ဂင်္ဂါမာလဇာတ်ခေါ် ရေသည်ပြဇာတ်။

၂၄။ ကုသပြဇာတ်ဘွဲ့ပိုင်း-ရေးဆဲ။

www.burmeseclassic.com

www.burmeseclassic.com



၂၅။ ဝါသုဒေဝဇာတ်။

၂၆။ ဝေဿန္တရာဇာတ်။

ဤဝေဿန္တရာဇာတ်နှင့် ပတ်သက်၍၊ အချို့က ဇာတ် မဟုတ်, ဟောစာဖြစ်သည်ဟု ဆိုကြ၏။အချို့ကလည်း ဝေဿန္တရာဇာတ်ကို ဦးကြင်ဥ ရေးသောဇာတ်စာရင်းတွင်ထည့်၍ပြကြ၏။ဤတွင် ဦးပုည ရေးသော ဝေဿန္တရာ ဟောစာ အခြားရှိမရှိကိုအသေအချာမသိရ။ အသေအချာသိရသည်ကား ဦးပုည ကိုယ်တိုင်ရေးသော၊ ဝေဿန္တရာဇာတ် စင်စစ် ရှိ၏။

မြန်မာ့ယုဝဂျာနယ်တွင်၊မှော်ဘီဆရာသိန်း၏ မှတ်ချက်ကိုတွေ့ရသည်မှာ၊အောက်ပါအတိုင်းဖြစ်၏။

"ကျွန်ုပ်သည်၊ ၁၂၅၉-ခုနှစ်က၊မြစ်ကွေးမြို့(မကွေးမြို့)သို့ရောက်စဉ်က သမုန်းပင် ဂိုဏ်းထောက် ဆရာတော်တပည့်၊ ဦးသိန္နဖုန်းတော်ကြီးကျောင်း၌၊ စလေဦးပုညရေးသော၊ ဝေဿန္တရာဇာတ် ဝါသုဒေဝဇာတ်၊ နှစ်စောင်ကို ပေစာနှင့်တွေ့ခဲ့ရပါသည်။ ၎င်းဇာတ်နှစ်စောင်မှာ ဆယ်ကြောင်းပေနှင့်၊ နှစ်အင်္ဂါ ကျော်လိမ့်မည် ထင်ပါသည်။ ဖုန်းတော်ကြီးက၊ အသင်အလိုရှိလျှင်၊ ကူး၍ယူလေဟုပေးပါသည်၊အကျွန်ုပ်က၊အပြန်မှယူပါမည်ဟု လျှောက်ထားခဲ့ရာ၊ပြန်သောအခါ၊ ရထားလမ်းကလှည့်၍ ပြန်ခဲ့သဖြင့်၊ ထိုစာမူလက်လွတ်ခဲ့ရပါသည်။ နောက်ကျောင်းကို မီးလောင်သဖြင့်၊ ၎င်းဝေဿန္တရာဇာတ်နှင့် ဝါသုဒေဝနှစ်ဇာတ်လုံး၊ မီးစာဖြစ်သွားကြောင်း စာရပါသည်။အချို့က၊ ဝေဿန္တရာဇာတ်ကို ဦးကြင်ဥ ရေးသည်ဟု ပြောကြသည်တွင်၊ဦးကြင်ဥ လည်းရေးပါသည်။ စလေဆရာရေးသော ဝေဿန္တရာဇာတ်နှင့် ဝါသုဒေဝဇာတ်တို့မှာ၊မည်သူကမှ မပေါ်သောကြောင့်၊ တိမ်ငုပ်နေသည်။ အကျွန်ုပ်ကိုယ်တိုင်၊ မကွေးမှာတွေ့၍၊ ခွေးတပ်ဖွဲ့မှုဆိုးစကားကို ကူးယူကျက်မှတ်ထားပါသည်။"

အထက်ပါ မှော်ဘီဆရာသိန်း ရေးမှတ်ချက် အရသော်၊ စလေဦးပုညသည် ဝေဿန္တရာဇာတ်ကို ရေးထားသည်မှာ၊ ဝါသုဒေဝဇာတ်ပါ၊ ၁၀-ကြောင်းပေနှင့် နှစ်အင်္ဂါကျော်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဿန္တရာ ပြဇာတ် ရေးကြောင်းကို ပို၍ ထင်ရှားစေရန်၊ ထို ဝေဿန္တရာပြဇာတ်မှ ဇူဇကာပုဏ္ဏားနှင့် စေတမူဆိုးတို့ တွေ့သော အခန်းကို ထုတ်၍ ပြပေအံ့။

---

ဇူဇကာပုဏ္ဏားဝင်္ကပါတောင်သို့သွားရာ၊စခန်းချသောခွန်းထောက် သဖြန်။

"သိကရိ၊ရွှေပိုးတီ အသာဘူနှံ့သည့်နှယ်၊မောင်လွှနှံ့ကာလူး။ ။ ခါးကိုငယ်လိမ်၊ ဖင်ပိန်အကုန်နဲ့ လို့၊အိတ်ပဲ့ကို၊ အနိုင်ချိရတော့၊ ဗွတ် ဖင်နီ ပျံသင်စလို၊လမ်းတွင်လှဘူး"

နောက်တပုဒ်။ ။"လမ်းမတွင်၊ မြိုင်ခွင်မှာ ခန္တာချေရွှေချောင့်၊ တာ လေ့ မောင်တွေး။ ။ရိက္ခာငယ်ကုန်၊ မသာပုံအတန်ပေါက်ချေပေါ့၊ သက်ပျောက်လျှင်-မောင့်တကိုယ်မှ၊ လင်းတအိ ဖင်ကိုနိုက်မှာ၊ စိုး လိုက်လှသေး။

---

စကားဆက်၍ဆို၊ အားသစ်လို့ရုံ ကြိုတ်ခါကုံး၊သမုံးပင်ပေါ်၊ကြိုး စားတက်၍၊တချက် အော်ရလျှင်၊တောပျော်တဲ့မိုလ်၊မူဆိုးညှိတို့၊လာ လို လာပြား၊ ရှိလျှင်လည်းကြွားစေတော့၊ရုံဖြားမြိုင်ယံ၊ပွဲတင်နှက်လို့၊ ပွက်ပွက်လံအောင်၊ခုနစ်သံနှင့် အူလိုက်ဦးမည်ဗျား။

"ပုဏ္ဏားအူသံကို စေတမူဆိုးကြား၍ ဆိုသည်မှာ-အလို-အင့် ဟင်၊ရှေ့ကုန်းခင်က၊ဆင်အော်သလို၊အသံနှယ်အိုလေ၊ ငိုသံပါပါ၊ ခပ် ပြာပြာနှင့်၊ဘာဟာရှိမှန်း၊ တခါဘူးမျှ မကြားရ၊ နားမှာမချမ်း၊ ခုဟာ နှယ် ဆန်းပါဘိ၊မြိုင်လမ်းသို့ဆိုက်ဆိုက်၊လေးကိုထောင်တင်၊ ခွေးစစ် ဆင်၍၊ပြစ်ခင်အောင် လိုက်လေဦးမှကို။

---

"ခုတင်က စာစာ၊အော်လိုက်သည့်အတတ်၊ ရုတ်ခနဲ့ကြားတော့ တခြားဟာမှတ်ပါ၊ ပုဏ္ဏားငတ်ကြီး၊ ရွတ်ထီးရွတ်ထိုး၊ အဆင်ဆိုး တောင်ရိုးကုန်းခင်၊သမုံးပင်က၊မမြင်လမ်းစ၊သင်းကြောက်လှလို့၊ခွေး အ-လို-အူ၊ သင်းအမူကို၊ အဖြူအစင်၊ ငါမထင်ဘူး၊ တောင်ဝက်ပါ၊

www.burmeseclassic.com


လောင်းရာဇာမှာ၊ ကဏ္ဍာဇာလီ၊ ဗိုဗိုငယ်သေး၊ နုယဉ်ကျေးတဲ့၊ ကလေးများကို၊သင်းကားမနေ့း၊ ပဂေးကြီးအကျင့်တန်၊ သူ့အလှူခံမယ်လို့၊လာဟန်ရှိချေငဲ့တကား–ဒိဗ္ဗမိန္တာ၊ကယ်ပါပုဏ္ဏား၊သူတောင်းစားများကြောင့်၊တိုင်းကားနယ်ရှင်တို့၊သခင်ကို နှင်လိုက်ရလေပြီ။ ဘယ်သယ်ဘယ်ဝပုဏ္ဏား၊ယနေ့ငါ့လက်၊ ငါ့မြားချက်ဝယ်၊ အသက်သည်တွင်၊နင်မရှင်ဘူး။ မြားနဲ့တခါ၊ အသေလွှာပြီးလျှင်၊ ခွေးစာကျွေးရမည်ဟဲ့ ပုဏ္ဏား။

"ဇူဇကာခိုး-အလိုသည်းချာငဲ့၊ သာသာပြုပ၊ဇူဇူဟဲ့မှာ၊ သွေးကန္နယ်၊အရှယ်နှုထွား၊နန်းထက်ဖွားမို့၊ သဲဖျားမှာရိတ်ရိတ်၊ရွှေနှုသုံးထိတ်ပါဘိ၊ တဆိတ်ကယ် ဖြေးဖြေး၊ ချမ်းသာတော် ပေးပါဦး၊ ရွှေလေးကြော့ရှင်၊မယ့်လွမ်းကြင်ငယ်။

---

"သိဒ္ဓည်းမင်းကြီးက စေလွှတ်သည့်တမန်ဖြစ်ကြောင်း၊ပုဏ္ဏားကလိမ်လည်ပြောရာ၊ယုံ၍၊ပုဏ္ဏားကို ထမင်းကျွေးသည်မှာ-

"ပေဇူဇူ၊ပြစ်ဝန်မူ-ကျွန် မသိလို့၊လွန်မိလေခြင်း။ ။မှားသည့်ဝန်၊သည်ဝန်ကို ပေကျေနပ်ပါတော့၊ပဒပ်ပါသုန်ကောင်တွေနှင့်၊ဖအေကို၊ကျွန် ကန်တော့ပါ့မယ်၊စားတော့ ထမင်း။

"စေတမှုဆိုးက လမ်းညွှန်သော ခွန်းထောက်သဖြင့်။

သည်ကကယ်ခွါ၊အစ္စုတာရှင်ရသေ့နဲ့၊ ပေတွေ့ကာလ။ ။စေတငယ်ဆို၊ မှုဆိုးညီ သူညွှန်လိုက်တယ်လို့၊ စိုက်စိုက်ဆိုပါလေတော့၊လောင်းတော်နေ-စံတော်ကွန်းကို၊ညွှန်းလိမ့်သူက။"

---

ဤကောက်နုတ်ချက်တို့မှာလည်း၊မှော်ဘီဆရာသိန်း၏ မှတ်သားချက်တို့မှ ယူ၍ပြခြင်းဖြစ်၏။

ထိုဝေဿန္တရာဇာတ်တွင် ရသေ့ခန်းကို ရေးရာ၌၊ ဆရာတော်ကြီးများက၊ "ပုညဟာ၊ အရှုးကဲ့သို့ တွေ့ကရာရေးသည်"ဟူ၍ရင်း၊မင်းတရားကြီးက၊ "သည်စာကိုဖတ်လျှင်၊ ပစပ်သနလိမ့်မည်"ဟူ၍ရင်း၊ပြိုးရယ်လျက် မိန့်တော်မူကြရသော ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



သာ၍ ထင်ရှားရန်ကား၊မန္တလေးမြို့ အငြိမ်းစားပညာဝန်ထောက်တော်မင်း၊ လူကြီးမင်း ဦးကျော်ရန် ကြိုးကြစ်၍ ပုံနှိပ် ထားသော ဝေသန္တရာဇာတ်စာအုပ်ကို၊ထိုလူကြီးမင်း ခြီးမြှောက်၍၊ အကျွန်ုပ် ရထားပါသည်။ဋင်းဇာတ်ကို ကြည့်လိုသူတို့၊ အကျွန်ုပ်ထံ၌ ကြည့်နိုင်ပါသည်။

၂၇။ ဒွိမ်မှုတရားအဆုံးအဖြတ်များ၊ဓမ္မသတ် လက်ာ (ရေးဆဲ)

၂၈။ သာသနာရောက် မင်းပြိုင်စာတမ်းနှင့်၊သာသနာလျှော်ကြီး။

၂၉။ ဆွမ်းတော်ကြီးတင် စာတမ်း။

၃၀။ စံကျောင်းဆရာတော် ဦးစန္ဒိမာ ပြန်လွှန်တော်မူရာတွင် ရေးသော ပိုချင်းရှည် ၄–ပုဒ်။

၃၁။ မန္တလေးတောင်ခြေ၊ ယာတော်ကြီးထွန်၊ ဖုန်းဘွဲ့ ဇုံကြီး သံများ။

၃၂။ မှာတမ်းများ။

၃၃။ နံ့ချင်းများ။

၃၄။ ရတုများ။

၃၅။ တောလား၊ရေလား၊သပြေလားများ။

၃၆။ သရိုင်း၊ကျောက်စာသံပိုင်းများ။

၃၇။ ချောင်း၊တေးထပ်၊သဖြန်၊ခွေးချိုး-လေးချိုးများ။

၃၈။ ရေသဘင် လူးတားများ။

၃၉။ ရေသဘင် ရတုများ။

၄၀။ ပေါက်ထိုးဆင်ဖွား–ရတုပိုဒ်ရုံ။

၄၁။ မြမန်း စကြာ သဘော်တော်နှင့် ဒူးရင်းတော်ဆက် နာဝါသံ (လှေတော်သံများ။)

၄၂။ ရတနာနဒီမြစ်တော်၊လှေချင်းတက်သံများ။

စသည်ဖြင့်၊လောကီ လောကုတ္တရာ စာများကို၊နောင်လာ နောက်သားတို့ မှတင်လောက်အောင်၊ရေးသားတော်မူခဲ့လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com


## ဦးပုည၏ အစွမ်းသတ္တိများ။

ပိဋကတ်ဆိုင်ရာ၌ မည်မျှစွမ်းသည်ကို၊ ထိုဆရာရေးသော တရားစာ ဝတ္ထုပေါင်းချုပ်၊ သင်္ဂြိုဟ် ၉-မိုင်း၊ တေးထပ် စသည်တို့၌ ကြည့်ရှုရာသည်။

လောကီဆိုင်ရာ၌ စွမ်းပုံကို၊ "စေတနာဖလဝ၊ သိနေ့ဟကြောင့်" အစချီသော၊ ဦးပုည ပြန်ပေး မေတ္တာစာတွင်၊ အစအန တွေ့ရလေသည်။ အချို့ကို ထုတ်၍ ပြရသော်–

"....ယောအဟံ၊ အကြင်ငါသည်။ ကပ်ကမ္ဘာပကတူးက၊ ဖြစ်ဘူးသောပါရမီကြောင့်၊ ဂဏ္ဍိရည်ကျော်၊ ဂဏ္ဍိတ္တိရ၊ သုတဗုဒ္ဓိ၊ ကဝိဝိဇ္ဇာဝိုရ်၊ ဓဂ္ဂိုလ်ကျော်တခု၊ ဗေဒင်မှုတွင်လည်း၊ ဣရုသျှ၊ သာမ၊ ယဇုအာတဗ္ဗန်၊ ပုရာဏ်ဣတိဟာ၊ ကျမ်းတကာက၊ ဆရာရွေးနှုတ်၊ သည်းခြေကိုထုတ်ဖြီးလျှင်၊ ဖုတ်၍ပင် စားနိုင်လောက်ခဲ့သည်။

"ခတ်၏ လက္ခဏာ၊ ဆိုသည်မှာလည်း၊ ဂါထာရှစ်ဆယ် အကျယ်အပွါး၊ နှစ်ပါး သုံးပါး၊ လေးပါး ရှစ်ပါး၊ ကိုးပါး ဆယ်ပါး၊ ဆယ်နှစ်ပါးဂတိ၊ ဝိသတိ ခတ်တိုင်၊ ဂြိုဟ်နိုင်ငံရာသီနိုင်ငံ၊ နံ့စံဖြင်း၊ နဝင်းသင်္ချာ၊ ခုနစ်ရာ တိုင်ပေါင်း၊ ဆိုးကောင်းနိဿယည်း၊ ဟောပုံနည်းတွင်၊ ပြုပြစင် – တက်တက်ကုန်၊ ဝမ်းလေပင် ရုန်သော်လည်း၊ သူဦးဒသ မြည်လောက်အောင်၊ ဖွဲ့နည်းရှာကြံ၍၊ ဉာဏ်ခံကြီးလျက်ဖြစ်ခဲ့သည်။

"သိုက်ဟောင်းအရာ၊ ဆိုသည်မှာလည်း၊ သာသနာ့သိုက်၊ သိကြားသိုက်၊ ဘုရားသိုက်၊ ဂဝံပတေ့၊ ရသေ့ဂေါဒန်၊ မှန်ကန်ဟူးရေးပြု၊ တောင်ငူ ပုဂံ၊ သံသယတွင်ဟောင်း၊ တကောင်းသိုက်စာ၊ ရတနာပူရ၊ မောင်သစ္စလက်ထက်၊ အနောက်ဖက်သာလွန်တို့၊ ပညာဝန်ပဏ္ဍိစ္စ၊ ထင်မှတ်ကြသော၊ ရာမညတိုင်းသား၊ ဗားမဲ့အကျော်၊ ပုဏ္ဏားတော် ဇာဂရု၊ တခုမလွဲ၊ ငရဲနတ်စက်ရောင်၊ ကုန်းဘောင် သာကီဝင်၊ ဆင်ဖြူရှင်လက်ထက်၊ ပေါ်ထွက်သည့်သူ၊ အယူမင်္ဂလာ၊ နာနာဘာဝ၊ ရှိသမျှသိုက်ဟောင်း၊ စာဗူးတောင်းသိုက်၊ ဆက်ယက်သိုက်၊ ငှက်သိုက် ဝက်သိုက်၊ ကြွက်သိုက်မကျန်၊ မှောက်သွန်ရှာဖွေ၊ သိသိုက်ကျအောင်၊ ထုတောမွှမွှ၊ သိုက်ပြာချ၍၊ လောကစီးပွါး၊ သိုက်လုပ်သား၊

www.burmeseclassic.com

www.burmeseclassic.com



စား၍ အင်တန်ကုန်ခဲ့ပြီ''–ဟု၊မိမိဂုဏ်ကို ဟေားရမည့်နေရာ၌ ဟေားခဲ့ပေသည်။

စလေဦးပုညသည်၊အလွန်ဉာဏ်ထက်သန်ပေသည်၊ကဗျာလင်္ကာ စသည်စီးကုံးရာ၌၊ အဆိုင်းအတွဲမရှိ၊ ရပြီးကိုရွတ်သကဲ့သို့၊ တသန်တည်း သွားသောဟူ၏။

၎င်းရေသည်ဇာတ်ထက် စာများသော ပဒုမဇာတ်ကို ညဥ့်တွင်းချင်း အပြီးရေး၏။ ရေသည်ဇာတ်၏ သုံးဆခန့်ရှိသော ဝိဇယဇာတ်ကို၊နှစ်ရက်အတွင်း၊ နားနားနေနေနှင့် ပြီး၏။

ဂုဏ်ထူးတခုကား၊ အမျိုးကွဲသော ကဗျာတို့ကို၊ တကြိမ်တည်း၊ တလှည့်စီ စီကုံးပေးနိုင်သောဟူ၏။ ဥပမာ လူတဦးက၊ ဝန်စကား၊ ဒုတိယလူက၊မေတ္တာစာ၊တတိယလူက၊တေးထပ်၊စတုတ္ထလူက၊ရတု၊ စသည်ဖြင့် အလိုရှိကြလျှင်၊ တပြိုင်တည်းနေစေ၍၊ ပထမလူကို ဝန်စကားတပိုဒ် စီကုံးပေး၍ရေးစေသည်။ ဒုတိယလူသို့မေတ္တာစာတပိုဒ် စီပေးသည်၊ ၎င်းသို့အားဖြင့်၊ စတုတ္ထလူပြီးသောအခါ၊ ပထမလူ၏ဝန်စကားကို၊ဆုံးရာကဆက်၍ စီပေးပြန်သည်။ပြီးနောက်အစဉ်အတိုင်း ဆက်ခါ ဆက်ခါ စီပေးလေသည်။ ပဒုမဇာတ်ကို ၎င်းနည်းဖြင့် ရေးသောဟူ၏။ ထူးနိုင်မှ ဉာဏ်ပင်သောဝ်။

စလေဦးပုည စာတို့၏ ဂုဏ်အထူးကား၊ စကားလုံးပြောင်ခြင်း၊ စကားလုံးမပိုဘဲ၊ လိုရာနှင့်ကိုက်၍ ကိုက်၍သွားခြင်း၊ ရေးထားသော စာတွင်၊နှုတ်၍မရ၊ အစားထိုး၍မရ၊ပြင်၍မရခြင်း၊ အကယ်၍ ပြုပြင်သော်၊ အဓိပ္ပါယ်ပေါ့ပျက်သွားလေတော့သည်။ အထူးကား၊ ဖတ်နေစဉ် စိတ်ရွှင်လန်း တက်ကြွ လာတတ်လေသည်။

စကားပြောင်၏ဆိုရာ၌၊ဘကြီးတော်သက်ထက်ကျော်စောသော၊ ရာမရကန်ကိုရေးသူ–ဦးတိုးကို သတိပြုရာသည်၊ ၎င်းဦးတိုးရေးသော ရာမ ရကန်ကို ကြည့်လျှင်၊ မြန်မာစကား အကောင်းဆုံးတို့ကို ရွေးချယ်သုံးထားသော စာတစောင် ဖြစ်ကြောင်း တွေ့ရပေလိမ့်မည်၊ စကားသားတို့မှာ၊ တလုံးထက်တလုံး၊ တပိုဒ်ထက်တပိုဒ်၊ ပြောင်၍



www.burmeseclassic.com

www.burmeseclassic.com


ပြောင်း၍ လာလေသည်။ မြန်မာတို့ ဖတ်ရှုသင့်သောစာကောင်း တစောင် ဖြစ်လေသည်။

စလေဆရာသည်၊ ထိုဦးတိုး၏ အသုံးအနှုန်း အမှုအယာကို များစွာ သဘောကျလျက်၊လိုက်၍ ရေးပုံရလေသည်။သဲလွန်စ တွေ့ရသည် ကား။

ဦးတိုးသည်၊ဆရာကြီးတဦးက ဝါးတလုံး အသုံးချနည်းရေးသည် ကို လိုက်၍ ရေးသော၊အုန်းတလုံး အသုံးချနည်းကို၊ ရာမရကန်တွင် တွေ့ရသည်ကား။

"အုန်းတလုံးကို၊ လူသုံးသရွေ့၊ယည်နန်းစေ့အောင်၊နောက်ရှေ့ဝေဖန်၊ အသုံးကိုပြန်လိုက်မည်။ အပေါ် ရံအုန်းခွံကို၊ ဒွန်သမတ်ပုဒ်ဆင့်၊ ဖွင့်သာမှဖွင့်လတ္တံ့၊ ရှိနှင့်စေဦး။ မကျူးမယှက်၊ မှတ်မျက်နှာဝ၊ ဂုံးမ အရှပ်၊ ဆေးခွက်လုပ်–ခြေကပ်၊ ယက်ကန်းတတ် မရှင်၊ သူအသုံးဝင် ရေ့။အုန်းပင်ပေါက်ဆံချည်တွေး၊ လုံးလုံးကလေးမှာကောင့်၊ထောင့် ကျိုးပေးစိပ်တတ်၊ ကြာကလပ်ပန်းရှပ်၊ သင်းပုပ်ပွဲအခမ်းခမ်း၊ ဆွမ်း ပုံ့ပုံ့အလယ်၊ ကြယ်ပြောင်လိုတင်ထား၊ အနားမှာလည်း ဆယ်ကိုး မြှောင်၊ စလင်းထောင်စီရံ၊အကျန်ကို ယိုကြို၊ တမြှောင့်ကို ဆလံပွဲ၊ မကြော်ဘဲလည်းတချို၊ ယာဂုမို့ သုံးလေးစိပ်၊ဆေးကြိတ်ဖို့ အကြွင်း၊ အုန်းထမင်းချက်ကျန်၊ ဆံလိမ်းရန်ဆီနယ်၊ မငယ်စေနှင့် မုံ့ထုပ်မှာ၊ တမြှောင့်မြှုပ်၊ နှစ်မြှောင့်မြှုပ်၊ ဖက်ထုပ်တွင်မြှုနီ၊ အုန်းစည်ပုတ်မှာ၊ ခြေပူခါသုတ်စရာ၊ ကွမ်းယာနှင့် တချို့စား၊ကတိုးခွါဖို့ တချို့ထား၊ ဆို စရာများသေး၊ အသားသုံးရန်၊ သည်နှင့် တန်စေ၊ အရေကိုသောက် လေ။ ထိုရေမှုတ်ဟာ၊ ကွဲပြန်သောအခါ၊ ပဒိုသဒ်၊ သေနာသနံ၊ ပိဏ္ဍပါတံ ဇီဝရံ၊ ဂိလာနပစ္စယဘေသဇ္ဇ၊ တေရသရူတင်၊ တို့ရှင်ပင်ဖုန်း ကြီးမှာ၊စိတ်ပုတီးလုပ်ကြွင်း၊ မြင်းပုတီးပွတ်၊ လက်စွပ်ဗူးခါး၊ဖီးလား ဆံထိုး၊ သွားဆိုးရန် မီးဖုတ်၊ နောက်ဆုံး အုတ်မီးသွေး၊ ဆေးရေးဖို့ မင်ခံ။ ယခင်က အုန်းခွံကို ကောင်းမွန်သန့်ကြည်၊ရေစိမ်သည့်အရည် ကို၊ ချည်ထည်မှာဆွတ်ရလျှင်၊ လက်ကျပ်ဝတ်အင်္ကျီကို၊ ဖျင်နီတို့မ သာဘူး။ဖွားတားတားအုန်းဆံ၊တချို့မှာလျှော်ထေးရန်၊တချို့မှာမီးစာခံ၊

www.burmeseclassic.com


သည့် အားလုံးအကျန်၊ သဘော်သားဂုဏ်တန်၊ ကျစ်ဆံနီကျောက် ဆူးကြီး၊ အဖိုးမှာအာကာ၊ ဆယ်လံတာပိသာ၊ ခုန်းတလုံးကို၊အသုံး တွေ့ရုံလိုက်သည့်၊သူ့ပညာကို”-ဟူ၍ ဖြစ်သည်။

၎င်းကိုလိုက်၍၊စလေဆရာက၊ နွားတကောင်လုံး အသုံးချနည်းကို ကွန့်၍ ရေးလိုက်သည်မှာ၊အောက်ပါအတိုင်း ဖြစ်၏။

## စလေဦးပုညရေးသော နွားတကောင်လုံး အသုံးချနည်း လင်္ကာ

ဇေယတု။ ။သောင်းခွင်ဒီပေ၊ ၎င်းလူ့ပြေတွင်၊အခြေလေးရ၊ ရှိရ တိရစ္ဆာန်၊လူသုံးရန်ကို၊အတန်သာ ရကြသည်။ ဥသဘနွားများမှာ၊ သုံးစားရန်အဖြာဖြာ၊ပဒေသာဉာဏ်၊နွားတကောင်အသုံးကို၊စာကုံးခါ ပြန်လိုက်မည်။

ထွန်ရန် တိုက်ရန်၊အတန်တန်ပင်၊ အမြန်အနှေး၊အဝေးအနီး၊ ခရီး တို့ရှည်၊ စီးသည့်တသွယ်၊စပါးနယ်ပြောင်းနယ်၊နှမ်းနယ်ဆီပွပ်၊သစ် စွပ် ဝန်တင်၊နွားနို့ကင်နှင့်၊ဒိန်ချဉ်ဒိန်ခဲ၊ တနဲထောပတ်၊စပ်၍မလိုင်၊သုံး နိုင်တိုင်း အနည်းနည်း၊ နောက်(ချီး)ကို မီးဖုတ်၊ ဒိုးလုပ်သည့်တခါ၊ နောက်ချေးပြာကို၊လယ်မှာလည်းချ၊ အုံးအောင်ထသည်။ ကမ္ဗဇရုပ်၊ ချုပ်၍တထွေ၊ ထိုနွားသေလျှင်၊ အရေကိုထားအုံး၊ မသုံးပါသေး၊ အ သွေးအသား၊ခြားနားအောင်ကင်၊ ကျပ်တင်ကြော်ချက်၊သရက်ရွက် ဆောင်းထပ်၊ ကျောက်ကပ်နှစ်လုံး၊စားသုံးဖို့ရာ၊ အူနုမှာလည်း၊သန္တာ ရာရေနှင့်၊ အထပ်ကယ်သင့်လှ။ အူရင့်မှာ အခြောက်လှန်း၊ တန်းတင် တင်၊ကင်ကင်ဖုတ်ဖုတ်၊ပြုတ်ပြုတ်ကြော်ကြော်၊ဖျော်နိုင်မျှကင်ပေါင်း၊ လေးချောင်းသောခြေထောက်မှာ၊ လျှောက်ပတ်စွာတထွေ၊ အိမ်ပုံး ရေနှင့်၊ ပြေပြစ်မှကောင်းသည်။ ခေါင်းမှာချဉ်တယ်၊ တသွယ်အချို၊ လျှာကိုမီးကင်၊ စားရလျှင်နတ်ဩဇာ။ ချိုမှာ တွင်ခံ၊နားပန်ကြုတ်အုပ်၊ လုပ်ကရော့ရုတ်ခွက်၊ နားရွက်အတွင်းမွေးမှာ၊ဆေးရေးရန် ရုတ်တံ ကျန်သည့်အရိုးဟာကို၊ပြာဖြစ်အောင်မီးဖုတ်၊ လုပ်ကရော့အုပ်ဖေါင်း လန်း၊ဆန်းလှသည့်ကြာကလပ်၊သစ်စေးနှင့်ကပ်ရလျှင်၊လျှောက်ပတ်

www.burmeseclassic.com

ရွာသရိုးကိုင်၊နှင့်လှအောင် ခိုင်တတ်သည်။ ဆိုင်ရာကို သုံးရလျှင်၊ အပေါ်ဖိုး သားရေကို၊ ခွေလိုခွေ-လိပ်လိုလိပ်၊ ဇွိပ်လိုဇွိပ်-ခင်းလိုခင်း၊ အိုးလုပ်ရင်းလူထိုင်၊ ခိုင်နိုင်မှုဆောက်ဇွိတ်၊ ဗိတ်ဗိမ့်ဗိမ်း အိုးစည်၊ မြည်နိုင်မှုဖုံသာ၊ ဆိုင်းဆရာမှာ၊ ပူနာတာပုံတေး၊ ပတ်ကလေးတွေ၊ သားရေမြည်ဟန်၊ကျန်သည့်ပတ်မကြီး၊တီးလိုက်လျှင် ထိုးဗေ့၊သုံး၍ မယုတ်၊တုတ်ပလုတ်တုတ် ဖြိုး၊ ဖြောမှာလည်းသုံးရသည်။ ပခုံးမှာ လွယ်၊သားရေနယ်ကို၊တင့်တယ်လှစွာ၊ သံစာတော်စာချ။ သည်ကကိုလှည်းဦးပွပ်၊စွပ်စရာ့-သားရေလွှန်၊ ထွန်စရာ့-တညင်းကွင်း၊ခြေနင်းလွှာဖိနပ်၊အသည်းလည်း တစ်ရသည်၊ဘိန်းဖိနပ်အောက်ခံ၊မြင်းရိုက်ရန်ကြိမ်လုံး၊ သုံးစရာတတန်၊ အမြီးသာကျန်တော့သည်။ မြီးခံမှာ ကျောင်းသား၊ငှက်ခါးချိုးခါ၊ ထောင်စရာ ပဒပ်၊ နွားမြီးကွင်းကို၊ တွင်းဝမှာတစ်၊ဖျပ်ခနဲမပြေး၊ နွားကျောင်းသားတို့၊ စားရလျှင်-အငြိမ်းပြေ၊ကျန်လေသည့်အမြီးမှာ၊မီးတွင်းမိန်းမ၊နို့မရ၍၊ သားကတစာစာ၊ မာတာကြိုလှို၊နို့ရည်မလိုက်၊ရှိသည်ခိုက်တွင်၊ ပြောလိုက်မည်အမြီး၊ သည်နွားမြီးကို၊ မီးဖုတ်ချက်ချင်း၊ တောက်တောက်စဉ်း၍၊ ဟင်းခါးလည်းချက်၊ကြောင်ပန်းရွက်နှင့်၊ နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင်၊ နို့လုံး ရှင်သည်။ ၊သူ့လင် ရှိတော့ မကုန်တည်း။

ဦးတိုးက-ရာမလေးတင်ပွဲ အခမ်းအနားကို ရေးရာ၌၊ "ထိုသည့်နေ့က၊အလျှင်စ၍၊အတီးအက ကလည်း မဆိတ်ညံ၊ တိုင်တက်ဗျမ်းထိုး၊ ကွင်းလျှိုးတန်းလျှောက်၊ ဓားမြှောက်ရုပ်ရုံ။ မြေကြီးတုန်အောင်၊ ဒိန်းဖုံဗလိမ့်၊ ဗိတ်ပိမ့်ဗေးပေါင်း၊ ဗိမ့်ပလိမ့်ပေါင်းသားနှင့်၊ လက်ကောင်းတိုင်းရှ၊အရိုင်သာချလို့၊မြိုင်လှအောင် ပွဲရုံခံသည်"ဟူ၍ရင်း၊

မင်းသိင်္ခ၏အမှုအယူပြခန်း၌-"ပူဆာသံ၊ပျူငှါသံ၊အလိမ်မာသံ၊ နွဲ့သံနှင့်ကလူ၊ ဘရာဘူတက်၊စောင်းလက်ရွှစမ်း၊တေလေတုံ၊တေလေတေး၊လုံမကလေး၊ကွေးတယ်လှတယ်"ဟူ၍ရင်း၊ရေးလေသည်။

စလေဆရာက လိုက်၍၊နွားတကောင်လုံး အသုံးချနည်း၌၊"ခိုင်နိုင်မှုဆောက်ဇွိတ်၊ ဗိတ်ဗိမ့်ဗိမ်းအိုးစည်၊ မြည်နိုင်မှုဖုံသာ၊ ဆိုင်းဆရာမှာ၊ပူနာတာပုံတေး၊ပတ်ကလေးတွေ၊ သားရေမြည်ဟန်၊ ကျန်သည့်

www.burmeseclassic.com


ပတ်မကြီး၊တီးလိုက်လျှင် ထိုးဖေ့၊ သုံး၍မယုတ်၊ တုတ်ပလုတ်တုတ် ဖြိုး၊ဖြောမှာလည်း သုံးရသည်"–ဟု ရေးလေသည်။

တဖန်၊ ဦးတိုးက–ရာမမင်းကို နန်းသူတို့မြင်၍၊ ရှာခြွေပျက်ခန်း၌၊ "မချစ်သူမရှိ၊ လံကမိလံကခေ၊ လောကဓံဘာဝ၊ သတိများရခါမှ" ဟု ရေးသည်ကို–ဦးပုညက လိုက်၍၊ ဦးပုညဖြန်ပေး မေတ္တာစာတွင် "ဒိဋ္ဌဓမ္မော၊ရွှံ့စရာလံကခေနှင့်၊သံယောဇဉ်မဖြစ်လို"ဟူ၍ဂုဏ်း၊ဝိဇယ ပြဇာတ်၌ "....ဖြစ်တတ်ပျက်ပြန်၊ လံကခေ-လောကဓံမှာ၊ ကံနှင့် ကတ္တား၊သည့်တရားများကို...."ဟူ၍ဂုဏ်း၊ရေးလေသည်။

ထို့ပြင်၊ ဦးတိုးက–သမင်လိုက်ခန်း၌၊ "မှိုလေလုကလား၊ ဝိုးစား စား၊ တျားတျားသာ လိုတော့သကို" ဟူ၍ စပ်သည်ကို–ဦးပုညက၊ ဝိဇယဇာတ်တွင် "အောင်တံနိုဗ္ဗာန်၊ ဝင်လု တျားတျား၊ ဆဲဆဲသား တွင်၊ ငါ့အားခေါ်၍ မိန့်တော်ပြန်" ဟူ၍ဂုဏ်း၊ ဗေဒင် အဋ္ဌလက်ဟော ကိန်းရကန်၌ "....ရှုတ္တိပူရိ၊ ပြာဇီညိုညက်စင်၊ ရဒ်လစ်ကြီးမား၊ဝိုး စားစားသည်၊တျားတျားယခုဝင်အံ့"ဟူ၍ဂုဏ်း စပ်လေသည်။

ဦးတိုး၏ရာမရကန်၌ "နဂိုပုံ့ပုံ့၊ ချိုဖုံ့ဖုံ့နှင့်၊ ရဂုံ့ကြက်သရေ" ဟု ရေးသည်ကို–စလေဆရာက၊ဝိဇယဇာတ်တွင်၊ ကိုယ်ခစ်ဖိုင့်ဖိုင့်၊ ခရာ မိုမို၊ဘာ လိုလို၊ချိုဗိုင့်ဗိုင့်နှင့်၊ဂနိုင့် ကြက်သရေ"ဟု လိုက်၍ရေး လေသည်။ဤတွင်၊ဒုတိယစာသည်၊ ပထမစာကို မမှီကြောင်း သတိ ပြုလေ။

ဤသို့ အတုယူသည့်နှင့်စပ်၍၊ လှိုင်ထိပ်ခေါင်တင်ကလိုက်၍ ရေး သည်ကိုလည်း တွေ့မိသည်။ဦးတိုးက၊ရာမတို့ သီတာကို လိုက်၍ရှာ ခန်း၌ "....တောမှူးတောင်စိုး၊ နတ်အမျိုးတို့၊ အငြိုးခံကြ၊ လမ်းမပြ၊ နိမ့်သောင်မည်"ဟု စပ်လေသည်။ လှိုင်ထိပ်ခေါင်တင်က လိုက်၍ "နာဂဆဒ္ဒန်"၏ ဘောလယ်၌ "ရှေးသူဟောင်းငယ်တို့ ပုံသက်သေ၊ နိမ့်သောင်–နောင်မှ သိမယ်လေး၊ ထုံးရှိလျက်ပေ။" ဟူ၍ စပ်လေ သည်။

---

www.burmeseclassic.com

www.burmeseclassic.com

စလေဆရာ၏ ကဗျာတို့မှာ၊မျှားပြွား၏၊နက်နဲ၏။စာသားကောင်း၏၊ အကျိုးအကြောင်းအကွက်တည့်အောင်ဖြတ်တတ်၏၊ နူ၏၊ကြွမ်း၏။ အသိုလျှင်၊အကျွန်ုပ်တို့ ကုန်အောင် ခြီးနိုင်အံ့နည်း။

ဝိဇယဇာတ်တွင်၊ ပန်း,ဌက်,သား,ရေတို့ကို၊နည်းနည်းနှင့်၊ အနှစ်အတိပါအောင် ရေးစပ်ထားဟန်ကား–

"သမုဒ္ဒရာ၊ကမ်းယံကလာခဲ့၊ကန္တာကွန်းထောက်၊မော်စွန်းကွယ်၊ ကျွန်းလယ်သို့ရောက်ပြီထင့်၊နှင်းသောက်တဲ့မြိုင်၊ ညှာသွယ်ဆင့်တန်း၊ နာမယ်ဖြင့် ဆန်းပေလိမ့်၊ ဘယ်ပန်းခိုင်လို့၊ သိနိုင်တတ်ပြီ၊ မငုံတချို ငုံတချိုနှင့်၊မှုံလို့စီ၊ရောသီ လင့်ဟန်ရှိကြတယ်။ (ပန်း)

"ယူသယ်ဝတ်ရက်၊ လေချိုသိမ်းဖွဲ့၊ ဝိမ်းလှဲ့လှဲ့နှင့်၊ နွဲ့ပန်းခက်မှာ၊ ဌက်ဖြင့်ဌက်ပဲ၊သာရကာလား၊တမာလား၊ ခွဲခြားလို့ခွဲနိုင်ဘူး၊ယည်နဲ့ ကပို၊ထုံဝတ်လွှာမွှေး၊ဆွတ်ခါနွေး၊ ညာကြွေးကြော်လို့၊ ဖေါ်တကိုယ်၊ ခေါ်သလို ထင်လိုက်ပါဘိတယ်။ (ဌက်)

"ပယ်တကွင်းစာ၊ လယ်ခင်းသာမှာ၊ စာမရိုလို၊ဇော်လို၊ ကိုယ်ခပ် ဖိုင့်ဖိုင့်၊ ခရာပိုပို၊ဘာလိုလို၊ချိုင့်ပိုင့်ပိုင့်နှင့်၊ ဂ–နိုင့်ကြက်သရေ၊မြက်ခင်း လဲ့လဲ့၊နှင်းတွဲ့တွဲ့မှာ၊ သင်းဖွဲ့လို့နေကြတယ်၊ ရံရွှေတည်၊နေရိရိမှာ၊ ငွေပလီများတာမို့၊သနားစဖွယ်ရှိလှတယ်။ (သား)

"တောင်စွယ်ကမ်းစောက်၊ခါးပန်းလောက်က၊စမ်းပေါက်တဲ့ရေ၊ ငှုမကိုင်ရှုစွန်း၊ ပိုက်ယွန်းယွန်းမှာ၊ ပိုက်ဝန်းခွေလို့၊ တောင်ခြေအောက် ယံ၊ နတ်သောက်ကန်မှာ၊ ခေါက်ပြန်ဆွတ်လှယ်၊ ကြာဝတ်ကို သယ် ကြတယ်၊ယင်မယ်ညိုဝဲ၊ဗိတုံးရွှေလိုက်၊ အချိုကြိုက်ကယ်၊ ကြာသိုက် ထဲက၊သူကလဲ တမွှောင့်၊မူရာဆင်ကွဲ၊ယည်တနဲ့၊ ဘွင်သဲမှာနှောင့်လာ လို့။ (ရေ)

"ဘုန်းမောင့်ဖြစ်ထွေ၊ကြာညောင်ဝန်းဇုန်၊ ထုံနှင်းသွန်တဲ့၊ သလွန် ဘေွမှာ၊ ရံရွှေဝဲယာ၊ စံမြဲခါ၊များကို၊ နန်းညာသူသွေး၊ ဖြန်လှန်လို့တွေး သောခါ၊ဆွေးမြေထုနှယ်၊သွယ်မျက်ရည်ဝဲ၊ဆည်မစဲ၊ကြည်ကွဲလိုက် ပါဘိတော့တယ်။ ဗျာကြွယ်ညှိုးအောင်၊ ရှိုရှိုးမြှောင်က၊ ဗိုးခေါင်ရင့် ကြည်၊ပန်းဝတ်ရည်နှစ်၊သောက်မူးယစ်၍၊ချစ်စရာသူ့ကိုယ်နှင့်၊ ခုလို

www.burmeseclassic.com


များမြည့်ဝသောအခါ၊ ပြည်တော်ကို လွမ်းလိုက်ပါဘိတော့၊ ငါ့ကျွန်များ။" (အလွမ်းဖွဲ့)

ဦးပုညရေးသော ဝတ္ထုများတွင်၊ ဆဒ္ဒန်ဆင်မင်းဝတ္ထုသည်၊ အထူးပိုမို၍ ကောင်း၏။ နေပြည်တော်၌ရဟန်းရှင်လူအပေါင်းတို့၊ အလွန်ကြိုက်နှစ်သက်ကြသဖြင့်၊ နေရာတိုင်းနေ့တိုင်းလိုပင်၊ ပြောကြ၊ ဟောကြ၊ ရွတ်ဖတ်ကြ၏။ ထိုဆဒ္ဒန်ဆင်မင်းဝတ္ထုကို အရကျက်၍၊ အထူးသဖြင့်၊ အသံကျနစွာနှင့် တရားဟောသောရဟန်းနှစ်ပါးကို၊ "ဖုန်းကြီးသာဗျော၊" "ဖုန်းကြီးသာဓံ"–ဟုဘွဲ့ပေးကြသော ဟူ၏။

ထိုဝတ္ထုတွင်၊ "စာသူငယ်ကြား၊ လင်းတနားသကဲ့သို့၊ မုဆိုးများအလယ်တွင်၊ ကြောက်ဖွယ်ကျားတား၊ ကြီးမားမြင့်မောက်သော ကိုယ်လည်း ရှိ၏" ဟူသောစကား-

"ဥမင်ထောင့်က၊ သူကောင့်သားကြီး၊ အနုကြမ်းစီးမည်ဟု၊ အပြီးစောင့်လျက်နေ၏။" ဟူသောစကား–"ဘုရားလိုက်ခေါင်း၊ အောင်း၍ မာန်သွေး၊ ဟောင်သောခွေးကို၊ အရေးပြု၍၊ ခွင့်မသာသကဲ့သို့" ဟူသော စကားတို့သည်၊ ရိုးရိုးလွယ်လွယ်နှင့်၊ အဓိပ္ပါယ်ထိသော စကားများ ဖြစ်လေသည်။

အထူးသဖြင့်၊ မုဆိုးက၊ ဆင်မင်းအား၊ ရှုဋ္ဌသုဘဒ္ဒါက အသတ်ခိုင်းဟန်ကို၊ မွဲမွဲ့ရွဲ့ရွဲ့ဖြင့် ပြန်လျှောက်ပုံ၊ တရားခံသုံးယောက်အနက်၊ မိမိ တယောက်တည်းကိုမှ ကွက်၍အပြစ်မပေးသင့်ပါကြောင်း၊ လျှောက်လဲပုံများကို၊ အောက်တွင်ထုတ်၍ပြထားသည့်အတိုင်း၊ ဖတ်ကြည့်က၊ စလေဆရာ မည်မျှစွမ်းကြောင်း ပေါ်လာပါလိမ့်မည်။

"လူဒိမုဆိုး၊ ကျွန်တော်မျိုးကား၊ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စကြောင့်၊ သတ်ရသည်မဟုတ်ပါ၊ ကာသိမင်းကြီး၏ သက်နှင်းတောင်ညာ၊ သုဘဒ္ဒါဟု၊ အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက၊ မြဲမရှားစိန်မရှား၊ အလွန်ပင်များသည်ကို၊ နားလေးလေဟန်၊ ဆင်စွယ်ကိုပန်လိုသည်၊ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကို၊ နားဝယ်လက်မခံ၊ ညှိစော်နံသည့်ဟု ရွံ့သတဲ့ဘုရား။ ထိပ်ထား ဖုန်းမော်၊ ဆင်မင်းကျော်၏၊ စွယ်တော် နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုသာ၊ နားတောင်းပွတ်၍၊ ဆင်ဝင်

www.burmeseclassic.com



တော်မူလိုသည်။ ဆဒ္ဒန်ဖုန်းကြွယ်၊ ကိုယ်တော်မြတ်အစွယ်ကိုမှ၊ နွား ဝယ်လှလှ၊မဆင်ရလျှင်၊ စိတ်ချပေရော့၊ သူသေတော့မည်ဟု၊ ရွှေနန်း ကြော့ရှင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍ အသေ့ငို ပါရော့သည်ဘုရား။ ပင်ပန်းလှိုက်ဖို၊သူ့မယာငိုတည့်လျှင်၊ ဟိုလူကြီး က၊ပြာရိုးပြာရော၊ ဘာဇာအရေးမတွေးမမြော်၊ ကျွန်တော့်ကိုခေါ် ပြီး လျှင်။ ဟဲ့နော်လုဒ္ဒက၊ ဆင်စွယ်ကိုမရလျှင်၊ ဇီဝနတ္ထိ၊နင်သေမည်သိစ ဟု၊ မင်းသမီးမာန်စွဲနှင့်၊ အံခဲ၍ မိန့်တော်မူရာတွင်။ ခုသေမလောက်၊ ကျွန်တော်မျိုးကြောက်လှ၍၊ ခါးအောက်ကသာ၊ အနိုင်ခွါပြီးမှ၊တော မှာပင်သေသေ၊ ဖြစ်လိုရာဖြစ်စေဟု၊ မသွေမဖောက်၊ ဆက်ပါမည် လျှောက်သည့်တွင်၊ နှစ်ယောက်စလုံး၊ တပြုံးပြုံးနှင့်၊ အသုံးကံကျွေး၊ ငါးရွာစားပေးပြီးလျှင်၊ ကျေးဇူးရှင်မ၊ သူကိုယ်တိုင်လမ်းပြ၍၊ ဖုန်း ဘုရား စွယ်တော်မြတ်ကို၊ အဖြတ် ကျွန်တော်လာပါသည်။

"အစွယ်ကိုလိုသူ မိဖုရား၊အသွားစေခိုင်းသူ ဧကရာဇ်၊လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်၊ သုံးယောက်သား အနက်တွင်မှ၊ ကံကွက်ကြား၍၊ငရိုက်သားမှုဆိုးလေ၊နင်ချည်းပင် သေပေတော့ဟု၊ ငွေတောင်အဟာန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော့အားသတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊သေရပါတော့မည်။ကရုဏာရှေ့ရှု၊ လွှတ်တော်မူလျှင် လည်း၊လူမလိမ္မာ၊ကျွန်မိန္တာသည်၊ချမ်းသာရပါတော့မည်ဘုရားဟု၊ လျှောက်ထား တောင်းပန်လေ၏။"

ဆင်းရဲပုံကိုရေးရာ၌၊ အဓိပ္ပါယ်လေးနက်၍၊ နှစ်သက် ရွှင်ကြည် ဖွယ်ရှိပုံမှာ-ဤရေသည်ဇာတ်တွင် ပါသည့်တို့မှာပါး၊ ကာကဝလ္လိ ယဝတ္ထုတွင်-"လူဒုက္ခိတ၊မောင်ကာကတို့၊ ပျော်ကြသည့်ခန်းဝါ၊ အ ကာဆူးခက်၊အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကြဲကြဲ၊ ဝက်သိုက် ထဲတွင်၊အခုတ်ခဲခေါင်းအုံး၊ အိုးတလုံးဖျာမရှိ၊ဘုမ္မိကမ္ဗလာ၊မြေနွေရာ နှင့်၊ချူချာတော်မူလှသော၊ ကာကဝလ္လိယ၊ပြာကျ မောင်နှံတို့၊ စံကြ သည့်အိမ်ဦးသို့" ဟူ၍ရှင်း၊

လှေအလှူခံမေတ္တာစာတွင်၊ လှေခပေးစရာမရှိကြောင်း၊ အလှူခံ၍ လည်းမရကြောင်း၊လှေမှောက်၍ဒုက္ခအမျိုးမျိုး ရောက်ရကြောင်းကို

www.burmeseclassic.com



"ဝတ္ထုငွေစ၊ လှော်ခဆိုလျှင်၊ ဖျင်တိုတထွာ၊ သပြာတရွေး၊ ဆံတမွေးမျှ၊ပေးစရာမပေါ်၊ ရွှေမြို့တော်ဝန်းကျင်၊ရှာပြန်လျှင်လည်း၊ လှူချင်သူနတ္ထိ၊ ကြွက်ကြွက်ဆူအောင်၊ တောင်းသူသာ ရှိတော့သည်။ သိရင်းစွဲဒါယကာ၊သဒ္ဓါမချို့၊ ထိုသူတို့လည်း၊ မြို့ပေါက်မှာမျှောကြ၍၊ ဖွတ်ကျောပြာရ၊ခရုဆံကျွတ်၊ ခါးဝတ်လွှာချင်း၊ထမင်းရက်ချန်၊ ရေရက်မှန်နှင့်၊ကပ်ကျန်မွဲတေ၊ဖွတ်ဖိုးအေများကို၊ လှူစေလိုသော၊ဝတ္ထုနိပါတ်၊ဗိဋကတ်ကို၊ လျှာပြတ်အောင်ဟောသော်လည်း၊ ဟောရင်းသာပြန်တော်မူရမည်။ ဆန်ဖြူဖြူတခွက်မျှ၊ထွက်နိုင်ပုံ မရ၊ နဂိုမူလ၊ လာရင်းကလည်း၊ကွမ်းရွာ့တဖက်၊ စည်းသောင်ပွက်တွင်၊ ဇန(ဣ)မင်းသားကို၊အားကျ၍လှော်မှောက်၊သေမလောက်ရှိသတတ်၊ အရေးကပ်တွင်၊ င ရွှေမှတ်ဆိုသလား၊ မေခလာလင်မယားတို့၊ ထိုးဝါးနှင့်ယူငင်၊ သောင်စွယ်သို့တင်သောကြောင့်၊ ရှင်သီလဝန်၊ တမလွန်ကို၊ အခွန်မဆက်နေရသည်။"ဟူ၍ရင်း၊ရေးလေသည်။

အမရပူရဝန်ကတော်က၊ သထုံမြို့တွင်ရှိနေသော ဝန်ကြီးအား ပေးသော မေတ္တာစာ ကောက်နုတ်ချက်ကို အောက်တွင် ပြထားသည်ရှိရာ၊မည်မျှယဉ်ကျေးနူးနယ်ပုံ၊မေတ္တာပို့ပုံတို့ကို သတိပြုပါလေ။ ထိုစာကိုမြင်ရလျှင်၊စင်စစ်ချစ်သနား၍လာမည်ကား၊မုချတည်း။

"....ကျွန်မမှာ၊ အမတ်ကြီးမင်း၊ သက်နှင်းကြင်သူ၊ နဝရတ်ကိုးဆစ်၊ရွှေကြိုးရစ်သည့်၊ချစ်မှန်ကူနှင့်၊ ဓိတ်တူကိုယ်မျှ၊ရွှေဖူးစာပုံ၊ ဥဏ္ဏာလုံမှာ၊ ကံဆုံကြ၍၊မြနဒီလျှို၊ ငွေသောင်ယံဝယ်၊ မောင်နှံမကွာ၊ ရွှေဟသာသို့၊တရာသက်တွင်၊ တနံနက်ခင်း၊တရက်တွင်းမျှ၊ မကင်းချင်၍၊ရွှေစင်မြသားပုံမခြားသည်၊ တပါးမျက်နှာ၊တပါးသာလျှင်၊ ကြည့်ခါရှုလျက်၊နှုတ်လှယ်ဆိုင်ကျွေး၊ စာခွံ့ပေးသည်၊ ရွှေကျေးဌက်ကဲ့သို့၊ ရုံမက်ဆကဲ၊ ကြင်ကြဆဲတွင်။ မလွဲဖယ်သာ၊ မင်းရေးရာကြောင့်၊ သည်းချာကြင်ဖော်၊မတ်မင်းကျော်သည်၊ပြည်တော်ရွှေဘုံ၊ယွန်းသထုံသို့၊အာရုံငဲ့ကွက်၊ထွက်သည့်ရက်ကို၊ခုထက်တိုင်အောင်၊ရပေချောင်ဝယ်၊ ငိုယောင်မောကာ၊ ဓာဗျာပါနှင့်၊ တောမဟာမြိုင်၊ သာဂနိုင်ဝယ်၊ညှာဆိုင်ပန်းဝတ်၊မောင်ကကမ်းလျှင်၊ မယ်လှမ်းယူဆွတ်ကြ၍၊



www.burmeseclassic.com

www.burmeseclassic.com



နှုးညွတ်ကြင်နာ၊ခွဲမခွါသည့်၊ကိန္နရာမောင်မယ်၊သနားဖွယ်တို့၊ချောင်းငယ်ခြားကာ၊ ကွဲကြရှာသော်၊ လေပါရိစဉ်းသက်၊လျှပ်ကြိုးရုံ ပြက်ခါမှ၊မှဲ့မျက်နှာကို၊မောင်သာမြင်ရ၊ တရက်မျှတွင်၊ခဏတဆစ်၊ ကွဲကြသည့်အဖြစ်ကို၊အနှစ်–ရနစ်ရာ၊ သို့စင်ကြာအောင်၊ဝိုကာ ဝိုကာ၊ညိုပြာမဲမှောင်၊အင်တိုင်းချောင်မှာ၊ မယ်မောင်ပိုက်ဖက်၊ လည်ချင်းယှက်၍၊ ရုံမက်လေးတွဲ့၊ကြင်ပွဲ့ဖွဲ့သည့်၊ငှက်ကဲ့ပမာ၊ ကျွန်မမှာလည်း၊သည်းချာသက်မျှ၊ မတ်မင်းလှကြောင့်၊ လွမ်းစမပြေ၊ဟေမန်ခါတွင်း၊ ဝေမလင်းအောင်၊ငွေနှင်းဝေသကဲ့သို့၊ ဖြေမအေး၍၊ လွမ်းရေးကျွန်မ ငွေ့လျက်ပါ။

BURMESE CLASSIC .com

"မတ်ကျော်မင်းလှ၊သထုံနန်းသို့၊မြန်းသည့်ညက၊ ခေတ္တပီပီ၊တနာရီမျှ၊ဘယ်ဆီမမေ့၊ နံ့တော်ဖွားခတ်၊တူရာမှတ်သည့်၊ မြတ်ဖုန်းပေ့မှာ၊သက်စေ့ဆက်လှူ၊မာတော်မူကြောင်း၊ ရေစင်လောင်း၍၊တောင်းဆုယူသည်၊ကြင်သူအမှု ဝေလျက်ပါ။

"ဖလ်မြူတာမှည့်၊ နှင်းရည်ပြည့်ကို၊ မယ်၏ကိုယ်တိုင်၊ ရွှေလက်ကိုင်၍၊အပြိုင်နှစ်ပါး၊ချစ်ရလျားကို၊ သစ်ပွါးဖွဲ့ရစ်၊ သံသာစက်–ငှက်ပင်ဖြစ်လည်း၊သစ်တကိုင်းတုံ၊ သိုက်နန်းလှုံ၍၊ကြုံလိုသည့်စိတ်၊ ကြင်နိမိတ်နှင့်၊ဘိသိက်အောင်ပန်း ချွေလျက်ပါ။

"....မင်းယောကျ်ားသား၊ဖုန်းသဏ္ဌာကြောင့်၊ ချစ်မျက်နှာများပြီးလျှင်၊ပျော်ပါးမူးယစ်၊တမြေခေတ်ဝယ်၊ အသစ်ပေါ်နှင့်၊အချစ်တော့်ဖင့်ချောက၊မတ်မင့်သက်မျှ၊ သည်ကျွန်မမှာ၊ ပူစမသိမ်း၊ဖြေမငြိမ်း၊ သေကိန်းကြုံရပါတော့မည်။

"ကျွန်မဉ်သျှောင်၊မတ်ကြီးမောင်ကို၊ ထိပ်ခေါင်ထားတင်၊ သခင်တပါး၊လင်သက်ထားနှင့်၊ မောင် ဖါး ဖ မြတ်၊အိမ်ဦးနတ်ဟု၊ မြဲ မှတ်ယူကျုံး၊ချစ်ပန်းကုံး၍၊လုံးလုံးကျွန်မ စွဲပါသည်။

"အမရနန်းမြေ၊ ရွှေဘုံနေကို၊ ကြက်သရေမမှဲ့၊ အားမနွဲ့အောင်၊ မြော်ငဲ့ထောက်ရှုနိုင်း၊မဆုတ်ဆိုင်းဘဲ၊မှာတိုင်းကတိ တည်ပါစေ။

"အကြောင်းကြောင်းကို၊ ရပေါင်းမေတ္တာ၊ချစ်ပဏ္ဏာနှင့်၊သစ္စာသုံးလေ့၊မတ်ဖုန်းပေ့ကို၊ တနေ့တပါး၊ ထင်ရှားတန်ခိုး၊ ဖုန်းတန်းတိုး၍

www.burmeseclassic.com

www.burmeseclassic.com



ဘေားမျိုးကင်းကွာ၊ ပွင့်လင်းသာအောင်၊ မေတ္တာကျွန်မ၊ ဆက်သပို့ဝေ နန်းအောင်မြေက၊ သပြေညွှာနု၊ ငွေခရုနှင့်၊ ဧယတုသန့်စင်၊ ဘိသိက်တင်၍၊အစီရင်ခံလိုက်ပါသည်၊အမတ်ကြီးရှင့်”

ဦးပုညသည် နေ့စဉ်သုံးစကားကို၊ နေရာကျအောင် သုံးတတ်လေသည်။ အလွန်စကားလုံးပြောင်၍၊ အနင့်သား အနင့်သား ထိသော “အမိုးကြီးပေး မေတ္တာစာ”တွင်၊ “... ဒိမ်သို့ပြေး၍၊ စေးသော နှံ့သော၊ကျိုချွဲသောနှင့်၊ သောတရာ့ခြောက်ဆယ်၊ သောက်သောက်လယ်အောင်၊ကြောက်ဖွယ်ကြီး လန့်ဖွယ်ကြီး”ဟူ၍ရှင်း။

သူ့အိမ်မကြီး ဝဏ္ဏုဒ္ဓိ လက်ျာရံ အရှင်သာရိပုတ္တရာ၏ သပိတ်ကို၊ ဆွမ်းလှူရန် အမယ်အိုကြီးရ၍၊ အနာထပိဏ်သူဌေး၊ ဝိသာခါဒါယိကာမ စသူတို့က၊ရွှေငွေရတနာပေး၍ တောင်းကြရာ-

“....မယ်သက်ကြားကလည်း၊ ကြွားကြွား ရွှင်ရွှင်၊စိတ်ကြီးဝင်၍၊ရွှေစင်ကျောက်မြတ်၊နဝရတ်သော၊ မရတ်သော၊ ပေါများသူ မင်းသူဌေး၊စက္ကဝါတင်းတောင်းနှင့်၊ ခပ်လောင်း၍ပေးသော်လည်း၊ကျေးဖူးသခင်၊ငါ့အရှင်ကို၊ကိုယ်ပင်တို့ဖို့၊ဘယ်အတွက်ပိုလိမ့်မည်၊ အဖွားအို့ ဇာတာ၊ ရှစ်ဆယ်ကျော်မှ၊ ကံပေါ်လာမင့်ကို၊ဘဇာခုနှံ့၊ ဘယ်သူ့ကိုငဲ့ရမည်၊မငဲ့ပါဘူး၊ အနာထပိဏ်သော၊မောင်ပိဏ်သော၊ဝိသာခါသော၊ မယ်ခါသော၊ နောဇာနာမိ၊ တို့မသိပါဘူး၊ ခနိခနဲ့ မြပုလဲစင်၊ ကျောက်မျက်ရှင်တို့သည်၊ငါ့သခင်စက်တော်အောက်က၊မှူလောက်မျှ ကြေးမထိုက်၊တို့မကြိုက်-တို့မလို၊ ငါ့သခင်ဖုန်းမိုကို၊ ကြည်ညိုစွာ ငါဆွမ်းကျွေးမည်၊မပေးဘူး မယောင်နှင့်ဟု၊ ရန်ထောင်၍လွှတ်လိုက်ချေသေး၏”-ဟုစပ်လေသည်။

စလေ ဦးပုညသည်၊ ဗေဒင်ဆရာ၏ ရုပ်ပုံပေါ်အောင်ရေး၍၊ ရယ်စရာဖြစ်အောင် ဆင်လိုက်ပုံမှာ၊အဋ္ဌလက်ဟောကိန်းရကန်ဌ်-“ဂူကြီးဝမှာတဖပ်ဖပ်၊ ရုပ်ပုံစီစဉ်၊ သင်ပုံးပြင်၍၊ ဗေဒင်ဆရာ၊ လုပ်ကြရှာသည်၊ နှီးဖျာအနားစုတ်နှင့်၊ မိုတ်တုတ်မိုတ်တုတ်၊ ပြုံးစည့်စည့်၊မေးလာမည့်လူ၊ လမ်းတရူရူကို၊ မျက်မြူဆိုက်အောင်ကြည့်၍။ အလှည့်အ

www.burmeseclassic.com

www.burmeseclassic.com



ပတ်သင့်သောအခါ၊မေးလာသ၍၊ စိတ်နှင့်တွေ့အောင်၊ သူမွှေ့လိုက်သည်ကား"-ဟူ၍ ဖြစ်သတည်း။

**အောက်တွင် ရသေ့ဘွဲ့ကို ကြည့်ပါဦး။**

"ဝိဝဋ္ဋာယ၊ ကပ်အစနိုက်၊ ပါပဗာဟိ၊တပသီဟု၊ လောကီဈာန်သခင်၊ သစ်သီးစားဆွတ်၊ ထမင်းမွတ်၍၊ ကိုယ်ဝတ်လျှော်တေ၊ ခြိုသစ်ရေနှင့်၊ ဆူးပုလွေသီး၊စိတ်ပုတီးကို၊ နွယ်ကြိုးလျှိုဖောက်၊ လည်ဝယ်ရောက်သည့်၊ခလောက်ကျွဲမှာ-ဆင်သို့။တောင်ဝှေးလက်တွင်၊စွဲကိုင်ထက်ကြပ်၊ လွယ်ဖွိတ်လိုလို၊ ဆောက်ပုံးလိုနှင့်၊နွားမဒရိုရေ၊မွေးတိုးတေကို၊လံပေပေလုပ်၊ ပါးချပ်ချုပ်သည်၊ ဦးထုပ်ခေါက်ချာစွပ်၍၊သူ့ပါးစပ်က၊မလပ်တဖွာဖွာ၊ ဒိုးဒုတ်ကြွေးကြော်၊ ကြက်ကတော်သို့၊ အဟော်ဝတ၊ အနိစ္စဟု၊ သမထဝိပဿ်၊ တကွတ်ကွတ်လျှင်၊ အံ့ဖွတ်ဘာဝနာဖြင့်-ဘိညာဉ် ဆဋ္ဌာသမာပတ်၊ ကသိုဏ်းတန်ခိုး၊ ကောင်းကင်ရိုးမှာ၊လမ်းတိုးဆင်ရုံ၊ခေါက်တုံ့ပျံသည်၊ဖုန်းလျှံရသေ့မြတ်တို့ ..."

အထက်ပါရသေ့ဘွဲ့ကိုဖတ်လျှင်၊ကြည်ညိုရမည်လိုလိုရယ်ရမည်လိုလိုဖြစ်လိမ့်မည်။ အချို့ဆရာတို့က "လောကီဈာန်သခင်"ဟု ဆိုပြီးမှ၊ "ခလောက်ကျွဲမှာဆင်သို့" ဟူ၍၎င်း "သူ့ပါးစပ်က၊ မလပ်တဖွာဖွာ၊ ဒိုးဒုတ်ကြွေးကြော်၊ ကြက်ကတော်သို့"ဟူ၍၎င်း ဆိုလေသဖြင့်၊ ရှေ့နောက် စကားမကိုက်၊ သို့ကြောင့် ဩဇစိတ္တ ဟိနဒေါသရောက်သည်ဟု-ဆိုကြလေသည်၊ ရောက်ကောင်းရောက်ပေလိမ့်မည်၊ သို့ရာတွင်၊ ကာလဋ္ဌာနကိုလိုက်၍ စပ်သည်မှတပါး၊ ဤသို့အနိမ့်အမြင့်ရော၍ စပ်ခြင်းသည်ပင်၊ဖတ်သူ၏ စိတ်ကို ရွှင်စေလေသေးသည်။

ယခုသော်၊ဦးပုည၏ ခွေးတပ်ဆင်ပုံကို၊ပြရချေဦးမည်။မည်မျှစိတ်ရွှင်ဖွယ်ရေးနိုင်သည်ကို ကြည့်ရှုပါလေဦး။

**ဝေဿန္တရာဇာတ်တွက်၊ဇေတမူဆိုး ခွေးတပ်ဆင်ခန်း။**

"သည်မြိုင်ချောင်၊ ဇေတမောင်ပျော်စံပယ်တဲ့၊ ယာကိုးပယ်ခင်း၊ (ယာကိုးလယ်ခင်း – လည်းရှိသည်)။ ရဲစိတ်ကယ်ဝင်၊ ပိုထောင်တင်ရှုလေးနှင့်၊ရန်ဘေးကို ကုန်အောင်ထွင်ချည့်၊ဆဋ္ဌန်ဆင် ရန်သူထွက်စေတော့၊မြားစက်နှင့်ခွင်း။

www.burmeseclassic.com

www.burmeseclassic.com



"အိုပဲ့ဟရို့၊ ခွေးနိပါးတို့ရဲ့ကျားတို့၊ ကြန်ပုံမတို့၊ဂုပ်မတို့၊ နင်တို့သခင်၊စေတမည်ရှိ၊ စွမ်းသတ္တိနှင့်၊ လေးကြိ့ရှင်မှာ၊ ခုပင်ယနေ့၊ အခင်းတွေ့ပြီ။ ရှေ့တပ်ဦးက၊ မင်းရဲလှနှင့်၊ဂုပ်မသမက်၊ မင်းအောင်နက်တို့က၊ မကာရုံးကွက်စစ်ဆင်လို့၊ တပ်လှုင်ခွေးမိုးမှောင်က၊ တကောင်နှင့် တကောင်ကို၊ နံဘေးချင်းမြှောင်လို့မို့၊ အယ်-အောင်ကြီးမပူးမကပ်စေနဲ့၊တပ်ဦးက ချီတက်စေ။

"တောခွေးနှင့်သားကျသည့်၊ မိကြောင်မ-တူ၊ခွေးလက်ဖြူကို၊ အရည်တူရွေး၍၊ မိုလ်တပ်ရေး နှစ်ကောင်ခန့်။

"နန့်တန့်တနန့် လျှပ်တပ်တပ်၊ တခုလတ် ခွေးမများကို၊ဂုပ်ကျားနှင့်ရဲကျော်က၊ ကတော်ရ-အရေးပိုင်၊ ကြပ်တည်းစွာချုပ်ကိုင်၍၊ ဝမ်းလျှိုင်က လိုက်ကြစေ။

"စစ်ခြေယွင်းရော်၊မတော်လို့သူ့တပ်၊အခြေပြတ်ခါမှ၊တခုလတ်ခွေးမလေတို့ကို၊ တပ်တွင်းကလွှတ်၍၊ ရွတ်ရွတ်ချွံချွံ၊ လိုက်လံကိုက်ခဲစေရမည်။

"မြီးတန် ဆော့ဆော့၊ခါးကော့ကော့နှင့်၊ပေါ်ကြော့လွင်လွင်၊ခွေးထီးကိုမြင်တဲ့လျှင်၊ ခင်ခင်မက်မက်၊ နှုတ်မဆက်ဘူးလို့၊ ကြည့်ချက်ကယ်သိမ်မွေ့၊ဖြန်းကာစွေ့လိုက်သည့်၊ အိမ်ဖြို့ရှင်၊ခွေးပျိုစင်များမှာ၊ လွင်ပြောင်သို့၊ ထွက်ဝင်လွန်ကျူး၊ တပ်ဦးတပ်ဖျား၊မသွားမလာစေနှင့်၊ရန်မွေ့နှင့်ရဲခေါင်၊ ခွေးကွပ်ချော နှစ်ကောင်က၊ ကျော်ကန်အောင်နေရာချလို့-တပ်မက မြဲစွဲစေ။

"ကိုယ်ခပ်ကုပ်ကုပ်၊ မြီးဖုပ်သွန်းသွန်း၊ဖင်ချွန်းချွန်းနှင့်၊ ဝမ်းကလျှလျှ၊ ရင်ဝကျယ်ကျယ်၊ ကပ်ပယ်ပြောင်ပြောင်၊ စွယ်ရောင်ဖွေးဖွေး၊ မကွပ်သေးတဲ့ ခွေးလူပျိုသိုး၊ ကျားထက်ဆိုးတို့အပေါ်မှာ၊ ပဲခိုးဒလ၊ အောက်ပြည်ကရခဲ့တဲ့၊ ဝဲထူမအရိုး (အရိုး-မှာ၊ ဦးရိုးကိုဆိုသည်၊) အောင်နိုကြီးကို၊ အပြီးလက်မှတ်၊ စစ်ကဲစာပေးအပ်၍၊ တပ်မတော်လက်ျာက၊ရန်လာလျှင် ချောင်မိအောင်၊ ဂဠုန်တောင် မြဲစွဲစေ။

"စစ်ခြေယွင်းမှတ်၊ ကွပ်ညှပ်တော်မူရာ၊ ချောင်ခွါပြေးပုန်း၊တလုံးကြွင်းကျန်၊ဝတ်ဆံမကုန်၊ မုန်နှင့်သွပ်သွပ်၊နတ်ကွပ်သိုးကြောင်၊ပြောင်

www.burmeseclassic.com



ခပ်ကွကွ၊ ဆီးစဘခို၊ မိုရိုရှရှ၊အဖုအလုံး၊ တင်ကုံးကျောက်လျှော၊ သို ကြောမပြတ်၊ မစင်တတ်တဲ့၊ တပတ်ရစ် ခွေးများကို၊ နိုပါးနှင့်ရန်လို၊ သန်းကောင်မိုလိုတို့က၊ဆင့်ဆိုစည်းကြပ်၊တပ်မှူးအပ်၍၊တပ်မတော် လက်ဝဲက၊ ဂဠုန်တောင် မြဲစွဲစေ။

"လင်သေ လင်ကွာ၊ နေရာမကျ၊ မူဆိုးမ-ခွေးမအို၊ မူဆိုးဖို ခွေး သက်ကြား၊ စွယ်သွားမချွန်၊ အရွယ်လွန်နှင့်၊ ကိုယ်ဝန်ဆောင်တချို၊ နို့စို့နှင့်တကွ၊ ခွေးမကြီးငယ်၊ မီးရပ်သယ်များမှာ၊ တနယ်တရွာ၊တပ် ချီရာသို့၊ မပါမလိုက်ကြစေနှင့်။ အနေ ကျကျ၊အိမ်ဝ အိမ်နောက်၊ ခြံ ပေါက် ခြံတွင်း၊ထမင်းအိုးစင်၊ ဟင်းအိုးစင်နှင့်၊ ယုန်ကင်ကြက်ပေါင်၊ ချိုးကောင် ထားရာ၊ဘဏ္ဍာတော်များကို၊ မတိမ်းမပါးရအောင်၊ ချပ် ပြားလုံးရေ၊ အသေအချာ၊ လက်မှတ်စာနှင့်၊ ခွေးနီလာ-ခွေးကြောင် တို့က၊လုံအောင်ထိန်းချုပ်၊တအုပ်တစည်း၊ သိမ်းဆည်းစိတ်တူ၊ဖြူဖြူ ဖြောင့်ဖြောင့်၊ရန်မနှောင့်ရအောင်၊အိမ်စောင့်ရစ်ကြစေ"

ဤဝေသန္တရာဇာတ်တွင်၊ဇူဇကာပုဏ္ဏား၊ ဝင်္ကပါတောင်သို့သွား ရာ စခန်းချရပ်သော ခွန်းထောက်သဖြန်ကား-

"သိကရို၊ရွှေပိုးတီ အသာတွန့်သည့်နှယ်၊ မောင်လွန့်ကာလူး။ ခါး ကိုငယ်လိမ်၊ ဖင်ပိန်ကိုအကုန်နှဲ့လို့၊ အိတ်ပဲ့ကိုအနိုင်ချီရတော့၊ ဗွတ် ဖင်နီ ပျံသင်စလို၊လမ်းတွင်လှာဘူး"

ဤတွင်၊ ပုဏ္ဏား၏ အိုရွား-ရှုတ်ဘွ-ကြမ်းထမ်းသော အနေနှင့်၊ ပထမပိုဒ်၏ နူးညံ့သိမ်မွေ့သောစာကို နှိုင်းယှဉ်၍ကြည့်လေ။၎င်းဖြင့်၊ ပထမပိုဒ်နှင့် ဒုတိယပိုဒ်တို့တွင်၊ အနုနှင့်အကြမ်း၊ အယဉ်နှင့်အရိုင်း၊ နေရာကျအောင် ယှဉ်ပြပုံကိုလည်း သတိပြုလေ။စာဖတ်သူတို့ ရွှင်ပြ ၍၊နှလုံးကို ထိခိုက်စေမည် မှချတည်း။

နောက်တပုဒ်ကား-"လမ်း မတွင်၊မြိုင်ခွင်မှာ ခန္ဓာရွှေ့ချော့၊ တာ လေ့မောင်ထွေး။ ။ရိုက္ခာငယ်ကုံ၊မသာပုံအတန်ပေါက်ချေပေါ့၊သက် ပျောက်လျှင် မောင်တကိုယ်မို့၊ လင်းတအို ဖင်ကိုနိုက်မှာ၊ စိုးလိုက် လှာလေး"

www.burmeseclassic.com



ဤနွေးချီးတွင်–"မသာပုံ အတန်ပေါက်ချေပေါ့"ဆိုသော စကားကို နေရာတကျ သုံးထားသဖြင့်၊ တပုဒ်လုံး၏ အဓိပ္ပါယ်ကို ချုပ်လေသည်။ ၎င်းပြင်၊ မိမိသေမည်ထက်၊ လင်းတန္တိုက်မည်ကို စိုးသည်ဟု ဆိုရာ၌၊ ရယ်ရွှင်ဖွယ်ဖြစ်လေသဖြင့်၊ ရိုင်းသောစကားပင်၊ ပြေပျောက်သွားရလေတော့သည်။

စလေဆရာသည်၊ အနှစ်၌ဖြစ်စေ၊ အကြမ်း၌ဖြစ်စေ၊ သူများထက်ထူးလွန်အောင် ကြံဖန်၍ ရေးတတ်သည်။ မန္တလေးမြို့၊ သဘင်ဝန်ရှစ်သေးမင်းသမီးတဦးသို့ ရေးပေးသော အပုဒ်လေးချီးတွင်–

"ကပ်ကမ္ဘာ–ပျက်သာဘိသော်လဲ၊ ခေတ်သဘာ အင်္ဂါညီသတဲ့၊ သတ္တဂ္ဂိနာ ဝါရေ။ ။ခုနစ်ကြိမ် ရေအောပေါ်ရယ်နှင့်၊ ဝါယော တကြိမ်ဆောင်တော့၊ တောနှင့်တောင် ရေမြေလုံး-ထုံးမှုန်မှုန်ကျေ။ ။ပုစရာပမာဖက်သော်လဲ၊ မတူသာ ကွာပါလျက်ဟာရှိ၊ ကမ္ဘာပျက် ပုတဲ့နေ၊ ဆုဝေလို့ကျေစမြဲ။ ။ငရဲပူ–အမြဲစဉ်မပူဘူး၊ ခင်ခင့်မူ–လင်ပူဖက်ပေမို့၊ ကြွေဒန်းဘွေ–စန်းငွေရွက်မှာရှင်၊ ကျမ်းဆထက်ကဲ"ဟူ၍ စပ်လေသည်။၎င်းကဗျာ၏ အရသာကို ခံစားနိုင်ရန်၊ အတန်ကြံစည်တွေးတောရပေလိမ့်မည်။

တားနတ်၊ ဇနကမင်းသားယေ်စဉ်က ဂုံညင်းထိုးခန်း၌၊ ဦးကြမ်းရေးထားပုံမှာ–

"လာလေပဲ့ဒိုး၊သည်တပွဲတွင်ဖြင့်၊လက်ဝဲချီးလိုက်မည်၊ဒိုးဒိုးဒိန်၊ နိုးနိုးနိန်၊ အိုးထိန်းစက်နှယ်၊ ဇယ်တရာခွင်ထောင်၊ ကွင်းကျွတ်လို့ပြောင်ရမည်။ခါးပိုက်ဆောင်အိတ်တွင်း၊ ဇိမ်မှာကြွင်းရစ်တဲ့၊ဂုံညင်းမှမကျန်ရဘူး၊ဒူးထဲကဂုံညင်းဆံ၊နင်ဘယ်မှာပုန်းမတုံး၊ပြုန်းရအောင်ကြီးရေ့၊ချုံဖျားတခွင်၊ ဂုံညင်းပင်၊ မြင်မြင်သမျှ ဂုံညင်းတောင့်၊ တတောင့်နှင့် တတောင့်၊ ကြက်ဖချင်း ဆောင့်သည့်နှယ်၊ တအောင့်လောက်အနေ၊ ပင်လုံးကျွတ်ကြွေရမည်။ အောင်ပါလေ သည်တပွဲတွင်ဖြင့်၊လက်ဝဲကိုချီးလိုက်မည်၊မိုးကြိုးသံ ဟိန်းရေ့လဟယ်"

(ဤနှစ်ပုဒ်မှာ "စလေသာ၊မောင်သု"၏ ဆောင်းပါးမှရသည်။)

www.burmeseclassic.com

www.burmeseclassic.com


တိုတိုနှင့် စိတ်ရှင်ဘွယ်၊ ကဗျာငယ် တပုဒ်ကား–ဦးပုညနှင့် ညီအစ်ကိုဝမ်းကွဲ တော်သော၊ ဦးကြီးဘက်ဆိုသူသည်၊ ဘုရားရုပ်တုတဆူကို ရွှေချရာ၌ နားရွက်တော်ကို နင်း၍တက်ရာ၊ နားရွက်တော်ကျိုးပဲ့သွားသည်ကို၊ ဦးပုညက၊ ရေချိုးသွားရင်း-မြင်ရှိ၊ မီးသွေးခဲဖြင့် နံရံတွင် ရေးချစ်ခဲ့သည်ကား–

"တကာ ကြီးဘက်၊ ငါ့နားရွက်ကို၊ နင်းတက်ချိုးသွား၊ ရွှေဘပြားနှင့်၊ငါကား မကျေ၊ကြီးဘက်ကော၊ နားရွက်ယူခဲ့၊ ရွှေခွါလွှဲ" ဟူ၍ဖြစ်သတည်း။

စလေဦးပုညသည်၊ ကြွမ်းရမည့်နေရာ၌ အလွန်ကြွမ်း၏။ ဝိဇယဇာတ်၊ဘိလူးမခန်း၌ရင်း၊ပဒုမဇာတ်၊ ဖြားယောင်းခန်း၌ရင်း၊ရေသည်ဇာတ်၊ရေသည်မ ဆိုခန်း၌ရင်း၊လူပျိုလှည့် မေတ္တာစာ၌ရင်း၊ဆရာဖေ၏ အစွန်း တင် တေးထပ်ကို ပြန်ချေသော တေးထပ်၌ရင်း၊ စသည်ဖြင့် အတန်ကြွမ်းသော စာများပါလေသည်။

အထူးသော်ကား၊ကောသလဇာတ်၊ဆိတ်ထိန်းလင်မယားတခန်းလုံးသည်၊အလွန် ကြွမ်းသည်ဖြစ်၍၊ပစ်ရမလောက် ရှိတော့သည်။

ဤသို့ ကြွမ်းသည်ဆိုရာ၌၊ ဦးပုညသည်၊ ဗန်းမော်ဆရာတော်၏ တပည့်ဖြစ်ကြောင်းကိုလည်း သတိပြုရာသည်။ တဖန် နေရာနှင့်လိုက်အောင် ကြွမ်းထမ်းသော စာများလည်းပါသဖြင့်၊ ဖြေရန် အဘန်ငယ်ရှိပါသေး၏။ သို့ရာတွင်၊ အညှိစာတို့မှာ ဆည့်၍ မရတော့လေ။ တကြောင်းလည်း၊စွယ်ပုံဖြစ်သော ကဗိတို့မှာ၊ ပုံအောင်ပင် ညှာစွမ်းပြသည်ဟုလည်း ထင်ဖွယ်ရှိသတည်း။

---

## ရေသည်ပြဇာတ် အကြောင်း

စလေဦးပုည ရေးသော ဂင်္ဂါမာလဇာတ်မှာ၊ ဘုရားဟောဖြစ်သော၊ အဋ္ဌနိပါတ်၊ ဂင်္ဂါမာလဇာတ်တော်မှထုတ်ယူသောဇာတ်ဖြစ်သည်။ ထိုဂင်္ဂါမာလဇာတ်တော်ကို၊ ရှေးဦးစွာ အပြည့်အစုံ အကျဉ်းချုပ်၍ ပြပါဦးအံ့။

www.burmeseclassic.com

www.burmeseclassic.com



## အဋ္ဌနိပါတ်၊ ဂင်္ဂမာလဇာတ် ရေသည်ဝတ္ထု

မြတ်စွာဘုရားသည်၊ ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ်၊ ဉပုသ်သီတင်းစောင့်ရခြင်း၏ အကျိုးနှင့်စပ်၍၊ အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌၊ သူဌေးတဦး၏ အခစားယောကျ်ားသည်၊ နေ့ထက်ဝက်မျှသော ဉပုသ်ကိုစောင့်ရာ၊တနေ့လုံး အစာမစားရသည်နှင့်၊လေထ၍သေအံ့နီး၌၊ဗာရာဏသီမင်းလှည့်လာသည်ကိုမြင်ရှိ-တောင့်တမိသဖြင့်၊ နောက်ဘဝ၌ဥဒယမည်သောမင်းဖြစ်လေ၏။ ထိုမင်းသည်၊ဇာတိသရဉာဏ်ဖြင့်၊ ရှေးဘဝက မိမိ၏သီလကြောင့်၊ ဤသို့သောအသရေ-စည်းစိမ်ကိုရ၏ဟု၊ ဉဒါန်းကျူးရင့် နေလေ၏။

ထိုအခါ၊ ဗာရာဏသီမြောက်တံခါး၌ ရေသည်တယောက်သည်၊ ဆင်းရဲ ပင်ပန်းစွာ အသက်မွေးရ၏။ မိမိနေ့စဉ်ရောင်း၍ရသော အခမှ ရဆောင်းသဖြင့်၊ကာလကြာသော်၊ပဲဝက်မျှသောဉစ္စာကိုရရှိလျှင်၊ မြောက်တံခါး၏ တံတိုင်းအုတ်ကြား၌ထား၍၊ တဖန် တောင်တံခါးသို့ ပြောင်းရွှေ့ ရေရောင်းပြန်လေ၏။

ထိုသို့တောင်တံခါးသို့ရောက်လာသော်၊ ထိုအရပ်၌ မိမိကဲ့သို့ပင်၊ အလွန် ဆင်းရဲစွာသော ရေသည်မ တယောက်နှင့်တွေ့ရှိ၊ သင့်နေကြလေ၏။

တနေ့သော်၊ မြို့၌ပွဲလမ်းသဘင်အကြီးအကျယ် ဖြစ်၏။ ထိုအခါ၊ ရေသည်မက၊အရှင်၊ငါတို့လည်း ပွဲသဘင်ကစားကြကုန်အံ့၊အသင့်၌ ဉစ္စာတစိုးတစဉ့် ရှိပါ၏လောဟု မေး၏။

"ရှင်မ၊ရှိပါ၏"

"အဘယ်မျှနည်း"

"ပဲဝက်ရှိ၏"

"အဘယ်မှာ ထားသနည်း"

"ဤမှ ၁၂-ယူဇနာကွာသော မြောက်တံခါး၊ အုတ်အကြား၌ လုံခြုံစွာထားပါသည်၊ ရှင်မ၌လည်း၊ တစုံတရာရှိပါ၏လော"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်၊ အသို့ထင်သနည်း၊ငါ့၌လည်း ကာလရှည်စွာရဆောင်း၍ ထားအပ်သော ပဲပက်မှုသော ဥစ္စာရှိ၏။ ငါတို့တွင်၊ ပဲဝက်နှစ်ရပ်ကို ပေါင်းစပ်၍၊ တပဲသော ဥစ္စာရှိသည်အနက်၊ တဖို့ကို ပန်း၊တဖို့ကို နံ့သာ၊တဖို့ကိုသေဝယ်၍၊ ငါတို့လင်မယား၊ပွဲသဘင်ကစားကြကုန်အံ့" ဟု ဆိုလေ၏။

ရေသည်လည်း၊ မယားနှင့်တကွ ပွဲသဘင်ပျော်ရမည်ကို၊အလွန် ဝမ်းမြောက်ဝမ်းသာရှိလျက်၊ ရှင်မ၊ မစိုးရိမ်လင့်၊ ငါဥစ္စာယူချေဦးအံ့ ဟု ဆိုပြီးလျှင်–

ပြေးသွားလေသည်ရှိသော်၊ ခြောက်ယူဇနာကို လွန်၍၊ မွန်းတည့် အချိန်၌ နန်းတော်ရင်ပြင်သို့ ရောက်လာလေ၏။ ထိုအခါ၊ အလွန်ပူ သောသဲမြေတွင် နင်း၍၊မမောနိုင်မပန်းနိုင်၊ရွှင်လန်း ဝမ်းမြောက်စွာ သီချင်းဆို–မြူတူးလျက်၊မင်းရင်ပြင်၌ သွားလေ၏။

ဥဒယမင်းသည်၊ထိုသူကို လေသာပြူတင်းမှမြင်သော်၊ ထူးခြားလှ ၏ဟု၊ ခေါ်စေ၏။ မင်းချင်းတယောက်သည် သွား၍၊ မင်းကြီးက ခေါ် တော်မူကြောင်းပြောသော်၊ သင့်မင်းနှင့် ငါနှင့် အသို့ဆိုင်သနည်း၊ သင့်မင်းကို ငါမသိ၊မလိုက်နိုင်ဟု ဆိုလေ၏။ထိုအခါမှ အနိုင်အထက် ပြု၍ ခေါ်ခဲ့ရလေ၏။

ရောက်သော်၊ မင်းကြီးက၊ အသင်ယောကျ်ား၊ နေသည် ကျိုက် ကျိုက်ဆူအောင်ပူ၏။ အောက်ကသဲမြေသည်လည်း၊ မီးကျီးအတူပူ ၏။ ထိုသို့ အထက်အောက် ပြင်းစွာပူသော အခါ၌၊ အသို့သော အ ကြောင်းကြောင့်၊အားရ ရွှင်လန်းစွာ သီဆို၍ သွားသနည်းဟု မေး တော်မူ၏။

"အရှင်မင်းကြီး၊အကျွန်ုပ်၌ အလွန်နှစ်သက်ဖွယ်သော ကိစ္စသည် ရှိ၏။သို့ကြောင့်လည်း၊နေပူ–မြေပူတို့ကို ခံနိုင်ပါသည်"

"အသင့်ကိစ္စကား၊အဘယ်နည်း"

"အရှင်မင်းကြီး၊ အကျွန်ုပ်၏ မယားနှင့် ပွဲသဘင်ပျော်မွေ့ရန်၊ ထို မြောက်တံခါး၌ ထားအပ်သော အကျွန်ုပ်၏ ဥစ္စာကိုသွားရောက်ယူရ မည် ဖြစ်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"အချင်းယောကျ်ား၊ ထိုထားအပ်သော ဥစ္စာသည်၊ တသိန်းမျှရှိသလော"

"မရှိပါ"

"ငါးသောင်းလော၊ လေးသောင်းလော၊ သုံးသောင်းလော၊ နှစ်သောင်းလော၊ တသောင်းလော၊ တထောင်လော၊ ငါးရာလော၊လေးရာလော၊သုံးရာလော၊ နှစ်ရာလော၊ တရာလော၊ ငါးဆယ်လော၊လေးဆယ်လော၊သုံးဆယ်လော၊ နှစ်ဆယ်လော၊တဆယ်လော၊ ငါးကျပ်လော၊ လေးကျပ်လော၊သုံးကျပ်လော၊နှစ်ကျပ်လော၊ တကျပ်လော၊ ငါးမူးလော၊ တမတ်လော၊တမူးလော၊ တပဲလော"ဟု အစဉ်အတိုင်း မေးရာ၊ မဟုတ်ပါဟူ၍ချည်းသာ၊ အစဉ်အတိုင်း လျှောက်လေ၏။

ဖြိုးမှ၊ပဲဝက်လော–ဟုမေးသော်–အရှင်မင်းကြီး၊ အော်၊ မှန်ပါ၏။ ဤမျှသော ပဲဝက်ကိုဆောင်၍၊ အကျွန်ုပ်၏ မယားနှင့် ပျော်မွေ့ရပါမည်၊ထိုသို့ပျော်မွေ့ရမည်ကို ဝမ်းမြောက်လှသဖြင့်၊ ဤမြေမူ–နေပူဘို့သည်၊ အကျွန်ုပ်အား မပူစေနိုင်ပါဟု လျှောက်၏။

ထိုအခါ၊ မင်းကြီးသည်၊ နှလုံး၌ အလွန်ထိခိုက်လျက်၊ အချင်းယောကျ်ား၊ဤသို့သော နေပူ၌ ထိုအရပ်သို့ မသွားလေလင့်၊ငါသည်သင့်အား ပဲဝက်သော ဥစ္စာကိုပေးအံ့ဟု ဆို၏။

အရှင်မင်းကြီး၊ သနားတော်မူသော ပဲဝက်ကိုလည်း ယူပါအံ့၊ ထိုအကျွန်ုပ်၏ ချွေးနည်းစာ ပဲဝက်ကိုလည်း၊ မစွန့်နိုင်ပါ၊ ပြေး၍ ယူလိုက်ပါရစေဦးဟု ဆို၏။

ထိုအခါ၊ မင်းကြီးသည်၊ မသွားစေလိုသည်ဖြစ်၍၊ တပဲ၊ နှစ်ပဲ၊ သုံးပဲ၊ လေးပဲ စသည်ဖြင့်၊ တက်၍ တက်၍ ပေးသွားရာ၊ ကုဋေတရာ တိုင်အောင် ရောက်လေ၏။ ရေသည်ကလည်း ပေးသမျှကိုယူ၍၊ပဲဝက်ကိုလည်း မလွှတ်နိုင်ကြောင်းသာ၊အထပ်ထပ်လျှောက်လေ၏။

တဖန် မင်းကြီးက၊ သူဌေးအရာ၊ ဗိုလ်မှူးမင်းအရာ ကျအောင်ပေးငြားသော်လည်း၊ထိုအတူသာ ဆို၍ နေ၏၊

www.burmeseclassic.com

www.burmeseclassic.com


ထိုနောက်မှ၊မင်းကြီးက၊အချင်းယောကျ်ား၊ သင့်အား ထက်ဝက်သော မင်းအဖြစ်ကို ပေးအံ့။ မသွားလေလင့်ဟု ဆို၏။ ထိုအခါမှ၊ မသွားပါတော့ပြီဟု ဝန်ခံ၏။

ထိုသို့ ထက်ဝက်သော မင်းအဖြစ်ကို ရပြီးနောက်လည်း ဗိုလ်ပါနှင့်တကွ ထိုမြောက်တံခါးသို့သွားရောက်၍၊ မိမိ၏ ဖွဲလန်းခင်တွယ်အပ်သော ပဲဝက်ကို ယူသည်သာလျှင်တည်း။ ထိုမင်းကား၊ အဇုမာသကမင်း(ပဲဝက်မင်း)ဟု အမည်တွင်၏။

ထိုသို့ မင်းဖြိုင်ပြု၍နေကြရာ၊တနေ့သော် ဥယျာဉ်တော်၌ ဥယျာဉ်ကစားပြီးနောက်၊ဥဒယမင်းသည် အဇုမာသကမင်း၏ပေါင်ကို ခေါင်းအုံးလျက် အိပ်နေစဉ်၊ အဇုမာသကမင်းသည်၊ ငါကား ထက်ဝက်သောမင်းအဖြစ်ကိုရ၍အဘယ်မှုအံ့နည်း၊ဥဒယမင်းကိုသတ်၍ အလုံးစုံသော မင်းအဖြစ်ကို ယူအံ့ဟု၊ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်မည်ပြု၏။

တဖန်လည်း၊ ဤမင်းသည် ငါ့ကို ဆင်းရဲသောအဖြစ်မှ ဆည်၍၊ ခြီးမြှောက်သော ကျေးဇူးရှင် ဖြစ်ပေသည်။ ငါ၏အကြံ မသင့်လျော်တကားဟု၊ သန်လျက်ကို သိမ်းပြန်၏။

ဤသို့ သုံးကြိမ်ဖြစ်ပြီးမှ၊ကြံသော် ငါ့အားမကောင်းမှုများသတ္တံ့ဟု၊ဥဒယမင်းကိုနှိုး၍၊ အရှင်မင်းကြီး၊ အကျွန်ုပ်သည် ဤသို့သော မကောင်းမှုကို ကြံစည်မိပါသည်။ အကျွန်ုပ်အား သည်းခံတော်မူပါလော့ဟု၊ခြေရင်း၌ ဝပ်၍ တောင်းပန်လေ၏။

ထိုအခါ ဥဒယမင်းက၊ကောင်းပြီ–ငါသည်းခံ၏။သင်အလိုရှိသော အလုံးစုံသောမင်းအဖြစ်ကို ယူလေတော့။ ငါသည်ကား ဇိမ်ရှေမင်းအဖြစ်ဖြင့်ပင် နေတော့အံ့ဟု ဆိုလေ၏။

ရှင်မင်းကြီး၊ အကျွန်ုပ်သည် မင်းအဖြစ်ကို အလိုမရှိတော့ပြီ။ ဤတပ်မက်သော တဏှာလောဘသည်၊ အကျွန်ုပ်ကို ဖျက်ဆီးလတ္တံ့။ တဏှာလောဘ၏ အဖြစ်ကို အကျွန်ုပ် မြင်အပ်ပါပြီ။ အရှင်မင်းကြီးသာ အလုံးစုံသောမင်းအဖြစ်ကို ခံယူတော်မူပါတော့ဟု ဆို၍၊ ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်ကိုအပ်ပြီးလျှင်၊လူအပေါင်းတို့ ငိုယိုတားမြစ်ကြစဉ်၊တောထွက်၍ ရဟန်းပြုသွားလေသတည်း။

ထိုနောက်၊ဂင်္ဂါမာလမည်သော မင်း၏ ဆတ္တာသည်လည်း၊ကျန်ရစ်သော ဥဒယမင်းထံမှ နေ့ထက်ဝက်စောင့်ရသောသီလ၏အကျိုးမှုဖြင့် မင်းအဖြစ်ကို ရကြောင်းကြားသိရလျှင်၊တရားတော်၌ကြည်ညို၍၊ဟိမဝန္တာသို့ထွက်ပြီးလျှင်၊ ရသေ့ရဟန်းပြုကာ၊တရားအားထုတ်ရာ၊ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။

တနေ့သော်၊ ထိုပစ္စေကဗုဒ္ဓါသည် ဥဒယမင်းထံသို့ ကြွရောက်တရားဟောပြောရာတွင်၊မင်းကို အမျိုး၏အမည်ဖြင့် "ဗြဟ္မဒတ်"ဟု ခေါ်သည်ကို၊ မင်း၏မယ်တော်နှင့်တကွ မင်းပရိသတ်တို့က၊ ဤအမျိုးယုတ် ဆတ္တာသည်သည်၊ ဤသို့ခေါ်ရာသလောဟု အမျက်ထွက်ကြလေ၏။

ထိုအခါ ဥဒယမင်းကြီးက၊ ဆတ္တာသည်ပင် ဖြစ်သော်လည်း၊ သီလနှင့်ပြည့်စုံသော သူတော် သူမြတ်-ပစ္စေကဗုဒ္ဓါအဖြစ်သို့ရောက်နေပြီဖြစ်၍၊ အမျက်မထွက်သင့်ကြောင်း၊ ဆုံးမပြီးနောက်၊ အမျက်ထွက်သူတို့ကို ထိုပစ္စေကဗုဒ္ဓါအား တောင်းပန် ကန်တော့စေလေ၏။

ဇာတ်ပေါင်းသော်၊အနုမာသကမင်းသည်၊ရှင်အာနန္ဒာ၊ဥဒယမင်းမယ်တော်သည်၊မယ်တော်မာယာ၊ မိဖုရားကြီးသည်၊ ရာဟုလာမယ်တော်၊ဥဒယမင်းသည်၊ မြတ်စွာဘုရား။ အသီးသီး ဖြစ်တော်မူလာကြလေသတည်း။

---

အထက်တွင် ပြခဲ့သော အဋ္ဌနိပါတ် ဂင်္ဂါမာလဇာတ်တော်ကို ယူ၍၊ စလေဆရာသည် နောင်အခါ၌ ရေသည်ပြဇာတ်ဟု အများ ရေးသားခေါ်ဝေါ်ကြသော "ဂင်္ဂါမာလပြဇာတ်"ကို ရေးလေသည်။ ရေးသည့် အကြောင်းရင်းကို စာမျက်နှာ ၁၃-က စ၍ ကြည့်ပါလေ။

ဤဂင်္ဂါမာလဇာတ်ကို ရှင်လူအပေါင်းတို့ များစွာကြိုက်နှစ်သက်ကြ၏။ တခါသော်၊ (၁၂၄၃-ခု နတ်တော်လတွင်) အောက်မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၊ရန်ကုန်မြို့၌၊ဤဇာတ်ကို လူကြိုက်များသဖြင့်၊ နာမည်ကျော် စာရေးဆရာကြီး ဆတိုင်မှတ် ဦးကူးက၊ ထိုဂင်္ဂါမာလဇာတ်ကို၊ တေးသီချင်းများ ညှပ်သွင်း၍ရင်း၊အချို့မှုရင်းတို့ကို ဖြုတ်ချ၍ရင်း၊ အချို့ကို ပြင်ဆင်၍ရင်း၊ရေးသားပြီးလျှင်၊"ရေသည်ပြဇာတ်"အမည်ဖြင့် ပုံနှိပ်လေသည်။

မှတ်ချက်။ ။ထိုအခါက၊ရန်ကုန်မြို့၊အစိုးရအင်္ဂလိပ်ကျောင်းကြီးတွင်၊ကျောင်းသားများသည် ထိုရေသည်ဇာတ်ကို ကပြကြမည်ရှိရာ၊ ဦးပုညရေးရင်းမှာ၊ စကားများသောဖြစ်ရကား၊ ဇာတ်က၍ ကောင်းမည်မဟုတ်သဖြင့်၊ ကျောင်းဆရာကြီးက တောင်းပန်သည်နှင့်လျော်စွာ၊တေးတပ္ပ ာထည့်၍၊ဆရာကူးက ရေးသည်ဟုလည်း အဆိုရှိသည်။

ဤသို့ဆရာကူးက၊ ဖြည့်စွက်-ပယ်ထုတ်-ပြင်ဆင်၍ ရေးသားပုံကို၊ ဟံသာဝတီတိုက်က ရိုက်သော-ရေသည်ပြဇာတ် နိဒါန်းတွင်တွေ့ရသည်ကား-

"....ဦးပုည ဉာဏ်တံခွန်သည်၊ဖန်ဆွန်ပြုအပ်၊ ဖွဲ့နည်း ခြေတည့်၊ နှစ်ဆွေမည်လျက်၊ရေသည်ဇာတ်တွင်၊ ဆိုဖတ်သူတို့၊ သဘောအလို၊ အပြောပိုလျက်၊အဆိုမှာ ချို့သည်ဟု၊ မညို့စေရာ၊ထို့ပမာမှု၊ရတနာရည်ငုံ၊အခြည်လျှံသည်၊ပြည်တန် ပတ္တမြား၊ ဖြစ်ပါငြားလျက်၊ရွှေသားအစစ်၊ဇမ္ဗူရာဇ်နှင့်၊သစ်သစ်ရောင်လင်း၊ စီရွှေပန်းထိန်၊ဖန်မချိန်သော်၊ အရှိန်ကင်းသို့၊သတင်းချိုကာ၊မညှိုးသာအောင်၊ သညာအနွတ်၊ သပြေခရိုင်၊ဝေဝေလှိုင်သည့်၊ငွေတိုင်မှတ်ဟု၊ ကြိုင်ဆွတ်ပျံ့သင်း၊ ဂုဏ်ဆရာ၊အကြောင်းစာ၍၊ ကောင်းစွာ သွင်းအပ်သော၊သီချင်းမျိုး အလီလီတို့ဖြင့်၊ သိင်္ဂီရောင်လျှံ၊နီဖလံကို၊ ပြည်တန်နှင့် ကွင်းစိမ့်မည်ဟု၊ သတင်းတသိန်၊ သာမင်္ဂလာ၊ခါအစဉ်ကြွပေမည့်၊ရာမည ရွှေပန်းထိန်ဝယ်၊ဒေဝိန်သဏ္ဌာ၊သိကြွားစောင့်၍၊ ဖြောင့်စသည်၊ ၁၂၄၃-ခု ရတုဝေလျှံ၊ နှင်းငွေထန်သည်၊ ဟေမန်ပေါ်စ၊ နတ်တော်လဟု၊ ခေါ်သမယမို့၊ သဇင်ငွေဥ၊ယဉ်စေပြုသည့်၊ခနိုဆီဝယ်၊ရာသီအတွင်း၊ ခါမှီကျင်းလျက်၊ စုံရင်းသိုက်မြိုက်၊ ပုံသွင်းကာရိုက်ခြင်းဟု ဆိုအပ်သော၊ ဖိုးထိုက်မ ယုတ်၊ ရွှေစွန်ကုပ်တို့ဖြင့်၊ ပြုလုပ်စိမ်ခြင်းတို့ကို ဖြစ်ပါစေဖို့၊ မြေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သစ်ရစ်၊ ၎င်းဇာတ်ဟု ဆိုအပ်သော၊ နဝရတ်ဖိုးမှန်၊ ကိုးပြည်တန်ကို၊ ဆင်ရန်ပြုကြစေသတည်း။'' ဟူ၏။

သို့ကြောင့်၊ ယခုခေတ်စက္ကူစာအုပ်များ၌ ဦးပုည၏မူရင်းအချို့တို့ ပျောက်ကွယ်-ပျက်စီးနေရုံမျှမက၊ ဦးကူး၏စာတို့နှင့်လည်း ရောနှော လျက်ရှိနေလေသည်။ ယခု၊ ဤစာအုပ်တွင်ကား၊ စာအုပ်အစ အမှာစကားတွင် ပြခဲ့သည့်အတိုင်း၊ ဦးကူးမပြုပြင်မီ၊ ၁၂၃၇-ခု၊ တော်သလင်းရိုက်၊ ''ဂင်္ဂါမာလဇာတ်'' မူမှန်ကို မူတည်ပြီးလျှင်၊ ယခုခေတ်ရေသည်ပြဇာတ်များနှင့် နှိုင်းယှဉ်-တိုက်ဆိုင်၍၊ ရေးသားပါသည်။

ထိုသို့ ဦးပုည၏မူမှန်ကို ထုတ်ပေါ်ပြသည့်အပြင်၊ ဦးကူးက၊ ဆက်ပုံဆက်ဟန်၊ ဖြည့်ပုံဖြည့်ဟန်စသည်တို့ကို သိမှတ်နိုင်ကြရန်၊ ဦးပုညစာနှင့် ဦးကူးစာတို့ကို၊ အမှတ်အသားတမျိုးမျိုးဖြင့် ခွဲခြား၍ ပြထားပါကြောင်း။

(ဆတိုင်မှတ် ဦးကူးကား—၁၁၇၉-ခု၊ တန်ခူးလဆုတ် ၄-ရက် ၅—တေးနေ့ဖွား၊ ၁၂၅၇-ခု၊ တန်ခူးလဆုတ် ၁၀-ရက်၊ အသက် ၆၈-နှစ်ကျော်တွင် အနိစ္စရောက်သည်။ ဟံသာဝတီပိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ မုတ်ကျွန်းတိုက်၊ ဆတိုင်မှတ်ရွာ၌နေသော-ရဟန်းလူထွက်ဖြစ်သည်။ ပိဋကတ်စာပေနိုင်နင်းသော ပညာရှိကြီးကားမဟုတ်၊ အတီးအမှုတ်၊ အက၊ ဇာတ်ရုပ်စုံဆိုင်ရာတေးသီချင်းများကိုကား၊ နိုင်နင်းကောင်းမွန်စွာ စီကုံးနှုံးဖွဲ့နိုင်သည်။ ၎င်းသည်၊ ခန္ဒာပူရကျမ်း၊ မုဒ္ဒဝင်ပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ ပဋာစာရီပြဇာတ်၊ ဥက္ကလာပပြဇာတ်၊ ပုံတော် ရာမပြဇာတ်........စသည်များကို ရေးခဲ့လေသည်။)

ဤစာအုပ်ကိုရေးထုတ်ရာ၌၊ အထိုက်အလျောက်, အနည်းအများ၊ ကူညီညွှန်ပြ၊ မ-စခြီးမြှင့်တော်မူကြပေသော

ရန်ကုန်မြို့-မြူနီစီပါယ်ရုံး-ဦးရွှေကြူး။
ရန်ကုန်မြို့ ကောလိပ်၊ မြန်မာဆရာကြီး ဆရာဖွါး။
ရန်ကုန်မြို့-စာတော်ပြန်ဌာန၊ ဆရာကြီး ဆရာရိပ်။
ရန်ကုန်မြို့-မှော်ဘီ ဆရာသိန်းကြီး။
မန္တလေးမြို့-မြန်မာပညာရှိ-ဦးကျော်ရန်။
မန္တလေးမြို့-မြန်မာပညာရှိ-ဦးမောင်မောင်တင်။
ရန်ကုန်မြို့-ဆရာလွန်း။

www.burmeseclassic.com

www.burmeseclassic.com

စသော လူကြီးမင်းတို့အား မျှားဖွာကျေးဇူး တင်ရှိပါကြောင်း၊ ကောင်းစွာပေါ် ပြုအပ်ပါသည်။ ဤစာအုပ်၌ တစုံတရာ အပြစ်တင်ဖွယ်ရှိသော်၊ ကျွန်ုပ်သာလုံးလုံးတာဝန်ခံယူပါသည်။ အပိုအလို,အမှားအယွင်း,ရှိသော်၊ မေတ္တာဖြင့် ပေါ်ပြုပေးပါက၊ မျှားစွာကျေးဇူးတင်ပါမည့်အကြောင်း ကောင်းစွာ ပေါ်ပြုအပ်ပါသတည်း။

မောင်ဖိုးကျား

---

### ဂင်္ဂါမာလဗဇာတ်မည်သော

## ရေသည်ပြဇာတ်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇေယျတုသဗ္ဗမင်္ဂလံ။ ဗာရာဏသီပြည့်ရှင်မင်းကြီး၏ သားတော်ဥဒယကုမ္မာမင်းသား၊ တက္ကသိုလ်ပြည်သို့ပညာသင် သွားစေ။ တက္ကသိုလ်ပြည်က အပြန်၊လမ်းစခန်း၌ နားနေစေ။

ဋင်း ဗာရာဏသီမြို့ မြောက်မျက်နှာက၊ ရေရောင်း ယောက်ျားထွက်ဆိုရန် စကားမှာ-

ဩြော်-လူ့ဘုံခန်းဝါ၊၁ လူ့ပြည်ရွာမှာ၊ဝမ်းစာခဲခက်၊မုရင်း ၂ ထမင်း၊ချဉ်ပေါင်ဟင်းနှင့်၊ ဆန်တွင်းကနက်လွန်းလို့၊ ၃ အသက်ရှိစဉ်၊ မသေခင်ကို၊ကောက်လျင် ၄ ကြီးဆန်၊နီဘာလံနှင့်၊ ငါးသန်သေးနုပ်၊ ၅ ရေလုံပြုပ်` ၆ များကို၊ တလုပ်ကယ်ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊ အာကပါးစပ်၊လူဖြစ်ကျိုးနပ်လေငဲ့၊မရပ်မနား၊ ရေကိုရောင်းလို့၊ဝမ်းကျောင်း ၇ ပါဌြားကဘဲ၊စားရသည့်နေ့၊တလလုံးတွင်မှ၊ သုံးနပ်လောက်ကယ်သာ တွေ့ရတယ်။ငွေနှယ်ကြေးနှယ်၊ဘဟာ့နှယ်များကို၊ကွယ်လေငဲ့ ဝိတ်ဝိတ်ပျောက်၊အမွဲတကာ့ထွတ်ခေါင်၊ဖွတ်၊ ဂ-မင်းနောင်မှာ၊ ပြာတောင်ကြီး ပေါက်ကရော့၊ ပြောင်မြောက်အောင်မွဲနိုင်တဲ့၊ ငါ့ကိုယ်နော်။

---

ဂဏန်းအမှတ်တို့ကို နောက်ဆက်တွဲတွင် ကြည့်ပါ။
www.burmeseclassic.com

www.burmeseclassic.com



* သဖြန်။ ။မွဲပလေ၊ပဲငွေကို တဒင်္ဂယ်မျှ၊ မြင်ရရုံးကြံကပ်ပါဘိ၊ မန္တာက်နွယ် စကြာရောက်သော်မှ၊ ဘာလောက်မခဲ။ ။ဆွေမြတ်ကာယ်လုံ၊ ဝေဟာဗိုလ်မြဟ္မာဘုံက၊ ပရမာမှုန်မြူအနုသော်မှ၊ဤလူ့ခွင် ရှုမြင်သင့်ပါပွဲ၊ ပဲရတနာ စံရာမြင့်တယ်ဗျာ၊ ကဲသာ ဆင့်မွဲ။

ငုင်းသဖြန် လေးကြော့။ ။စုတ်ပုဆိုးမှာလ၊ချုပ်ရိုးက ထောင့်ငါးရာ။ ။သန်းချေး ငယ်အိမ်ခြေတို့။ ဘိန်းကုဋေမရေတွက်နိုင်ဘူး၊ ပရွက်အုံပလူတွင်းသော်မှ၊ ခွန်ပဏ္ဍာကျွန် ရာနှင့်သွင်းရတယ်၊မင်းတို့မောင်မှာ။ ။တထ (ယ်) ဖြစ်ကိုလ၊ဆယ်နှစ်ကျော်၊နှစ်ဆယ် မြပါလို့၊ထ (ယ်) လဲကရှင်းပလား၊ ဟင်းမှာတော့ယောင်ရိပ်ခဲ။ ။အိမ်ပုန်းရည်နောင်၊ ဘိလပ်ကယ် ရွှေချဉ်ပေါင်နှင့်၊ ဆားအယောင် မြင်ရုံပြပါလို့၊ ငါးပိမှာ ထိရှာရပြီဘူး၊ ငကျောက်ဆန် တစလယ်စကိုဗျာ၊လေးနပ်မျှခွဲ။

ဟာယ်၊သို့သော်လဲ ယောကျ်ား၊ ကံရှေ့သွား၊ ကံထားရာပဲ့၊ မနုံနဲ့ ပါဘူး၊ အလှဲ့သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင် နိုင်သေး သပ၊ ကံဆိုင်လို့တကာယ်၊ ချက်ကောင်းကို တွယ်မိလျှင်၊ ရေသ(ယ်) မောင်မောင်၊လူနေလှလို့၊ရွှေချသလိုပြောင်လိမ့်မယ်၊အဆောင်တော် ရေအိုးနှင့်၊ဆိုင်းထမ်းပိုး ရံအလင်၊ရေချိုကို ဆန်နှင့်လဲရအောင်၊မြို့ထဲ သို့ ဝင်တော့မယ်၊မှန်ပိုင်းရှင် တော်သုံးက ၉၊ရေပုံးကြီးဆက်။

တေးပေးရန် ဘောလယ်။ ။ရွှေဆိုင်းညီနောင်၊ သိုင်းဆောင်သည် ထမ်းပိုးငယ်နှင့် လေး။ ။ဝေမှိုင်းရှိမှောင်၊ ကိုင်းထောင်သည် ရွှေအိုးငယ်နှင့်လေး။ ။ကြိုးမုတ်ဆတ် ကွယ်၊ချိတ်တွယ်လို့သိုင်း၊ပိုင်းကော့ချီ၊ မြေနားကို ယည့်သီ ယည့်သီ၊ အိုနောင်ညီ အိုး ငယ်လေး၊ဖိုးတန်လှပါတဲ့ဆိုင်း။ ရှုကိုင်းကြော့ယဉ်၊တော့ခင်ပျိုဖြန်းငယ်တို့၊ သော့လျှင် လိုမှန်းလိုက်ကြ၊ ရေထမ်းနှင့်မောင်။ ။ရေကြည်ဆောင်ပါလို့ ဆန်နှင့်လဲ၊ စံစံအိမ်ထဲ မှာလ၊မြတာစေ၊ မောင်ချစ်တဲ့ခင်မေခင်မေ၊ သည့်ရောင်ချစ်ကဲ့ကြင်ဆွေကြင်ဆွေ၊ အိုယဉ် နွဲ့ယိမ်းကိုလေး၊ ငြိမ်းပါစေ့ပါစေ့မယ်။ ။ကြော့ဆိုးကေသွယ်၊ ငွေမွယ်နှစ်ကာယ်တို့၊ မောင်လှုရေညစ်တယ်လို့၊ချစ်ဘူးသုန်၊ ရုပ်ရေဂုဏ်ငယ်နှင့်တပုံကြွား၊ ခင်ခင်မေထားငယ် တို့၊မှားကြမယ်။ ။ယောကျ်ားလေး လူထယ်လူထယ်။ အိုထောက်ထားလေး မြူတွယ် လူကွယ်၊သည်သူကြွယ်လောင်းကိုလေး၊ပေါင်းရအောင်တဲ့ရွှယ်။

---

* မှတ်ချက်။ ။ဤကစ၍ စာလုံးငယ်ဖြင့် ပြထားသောစာတို့မှာ၊ဦးကူး၏စာများ ဖြစ်သည်။ မသင်ကြားဘဲ၊ချန်ထားနိုင်သည်။

ပထမသဖြန်တွင်၊စလေဆရာ၏ အသုံးအနှုန်းမျိုး ပြောင်ပြောင်တလုံးမျှ မပါသည်ကို ၎င်း၊အချဉ်း—“ကဲသာဆင့်မွဲ”ဟု၊ ဝက်နင်းမလွတ်ဘဲ ချထားသည်ကို၎င်း၊ သတ်ပြုလေ၊ ဒုတိယသဖြန်မှာကား၊ပထမသဖြန်ထက် တော်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးထပ်သံ။ ။ညနေဆီ၊ သချွေမှီ၊ မြရေကြည် အိုးမှာလ၊ ဆိုင်းညီနောင်၊ သိုင်းချီဆောင်၊ ဝိုင်းသီအောင် ထမ်းပိုးငယ်နှင့်၊ ရေဗျိုးရေဗျာ့ ဝယ်လိုက်ကြပါ။ ။ကြွေးဟစ်လို့ သံတစာစာ၊ ညံ့တဖွာဖွာ၊ ချွေးသစ်လို့ဖြာလေ့နော်ဗျ၊ ချွေးလေသစ်လို့ဖြာလေးနော်ဗျာ့၊ ချွေးလေလော၊ ချွေးလေလေ၊ ချွေးလေလေ၊ သစ်သစ်လို့ဖြာ။ ။ရေသည်မောင်ဖေဘငယ်၊ ထယ်လှပါ၊ ဝယ်ကြရာ။ သောက်တော်ရေချိုတွင်းငယ်မို့၊ သင်းလို့ဖြာ၊ မင်းဘို့မှာ၊ သုံးလေပါက၊ အိုလေနုန်းပြေရာပ၊ နုန်းပြေရာပ၊ သုံးလေးခါ သောက်မျှိုမိလျှင်၊ ကိုယ်ရှိလေဝေဒနာ၊ ဘေးမျိုးစင်ကွာပါလှ၊ မြရေ၊ လှဆွေ၊ ညနေချမ်းမို့၊ မောင်ကမ်း၊ ဆောင်လှမ်း၊ အောင်စခန်းလေ သာခဲ့တယ်။ ။သည်ရေတပေါက်၊ ကြည်စေအလျောက်၊ နည်တွေမနောက်၊ လေးမယ်တို့မှာတဲ့ကွယ်။

ငှင်းသုံးထပ်သံ။ ။ကာသလံ၊ ထုအခံ၊ ပြုအမှန်ရွေးငယ်က၊ ပုဗ္ဗာမုဉ်၊ ယုတ်စွာထုံ၊ ကျုပ်မှာမစုံရေးငယ်ကြောင့်၊ နှံလေးပါလှ၊ ဘဝလူ့ပြည်။ ။ကြီးဒုက္ခတောင်တာ တရှည်၊ မောင်မှာတလည်၊ မီးပုံမျှ စည်လေးတဲ့မှ၊ မီးလေပုံမျှ၊ စည်လေးတဲ့မှ၊ မီးလေလောမီးလေလေ၊ မီးလေလော၊ မီးလေလေပုံချစည်။ ။ဝမ်းစာသည်အတွက်ကယ်ကြောင့်၊ ရေတက်လည်၊ အသက်တည်၊ တဏှာရမက် ဇောငယ်နှင့်၊ မျော့ကြသည်၊ လောတမည်၊ သြဃရှည်ဖို့၊ အိုလေလောဘသည်တို့၊ ဒေါသစည်လို့၊ ရှစ်မည်ပါယ်ငရဲမှာ၊ ကျဆွဲလေတန်တန်၊ မြဲလေ ဖန်ဖန်ခံရ၊ လွတ်မည်၊ ကျွတ်မည်၊ ဝဋ်ရှည်ညောင်းလို့၊ လူပေါင်း ဆူသောင်း၊ မှုမကောင်းလော ကြံကြချေ၊ အဝိဇ္ဇာလွှမ်း၊ အနိဋ္ဌာပြွမ်း၊ ဒလိဒ္ဒါလမ်းကိုလော၊ ထွင်ကြလေ။

သဖြန်ဘောလယ်ခွေးချီး။ ။မျှားလှသဗွေ၊ ပွါးလေငယ်နော်ဗျာ၊ အိုသင့်ရပေပ၊ စဉ်အခြေအမှန်မဆနိုင်လို့၊ နန္ဒဆိုရေး။ ။ပေါင်းမျှားဝေနေ၊ ကောင်းကြရယ်ပါလေစေလို့၊ ခါမသွေ ရွှေဉာဏ်ချိန်တဲ့၊ မာလေ ရဇိန်နော်ဗျာ၊ အိုဓမ္မဂုံငယ်လေး၊ သွန်းမြတ်ဆုပေး။

သဖြန်ဘောလယ်လေးကြော့။ ။ဒါနကိုအလွန်ဝေးပါလို့၊ စာဂဆို တမလွန်ရှေးငယ်က၊ အရေးတဲ့မမှုပါ။ ။မစ္ဆရကိုလ၊ လှစ်ကြွကာ တမှုဖန်လို့၊ အလှူခံသူ့မှာပိတ်ချေပေါ့၊ ဂြိုဟ်တမန် ဆူလျှံကြိတ်ကသ်နှင့်၊ ကြီးရိပ်ဋ္ဌသ။ ။တဆိတ်စာမလှူရက်တဲ့ပြင်၊ အဘိဇ္ဈာကူရမက်ကယ်ကြောင့်၊ ဆူပွက်ပွက်ဆင်းရဲတာ၊ ရှည်ပါဘိ ဒုက္ခကြီး။ ။ဟောခုမျက်မြင်၊ စောရှုကာ သံဝေတင်လို့၊ ဖန်လေးစေချင်နော်ဗျာ၊ အိုမောင့်ကိုနှုန်းတယ်လေ၊ ထုံးမှတ်ဆို့ပါတဲ့မှီး။

တေးထပ်။ (အဖျားမှာတကြော့ဘင်၍တကြော့ချ)။ ။ဒါနမှာဒါသတဲ့၊ ကျွန်စာငှပုံမသွေ။ ။ညွှန်ကာပြဘုံအခြေငယ်၊ မစုံလေဘရား။ ။မှန်းရာရှိ၊ လမ်းသာဘိ၊ ကျမ်းပါရမီ့ထုတ်အဆိုငယ်၊ လှူပုဂ္ဂိုလ်ယွင်းခဲ့ဖေါက်ပြား။ ။သဒ္ဓါက၊ မပါလှ၊ ပမာမျှ ပန်းတသွင်ငယ်၊ လန်းမရှင်သေငြား။ ။ကျမ်းအမြင်ထွေမပြားပြီဘူ၊ ဂဇေဖွားဆင်နက်အို။ ။ငွေသဒ္ဓန်နကသေးငယ်သို့၊ သူ့အသွေးမဖြူတည့်နိုင်လို၊ သည်တမျှ၊ ကြည်မရှေ၊ သည်ဟဒယသဒ္ဓါကိုယ်ငယ်၊ ပမာဆိုစံတနဲပ၊ ရန်အထိစစ်မြေပြင်၊ နင်းချွတ်ဖေါက်ငြား။ ။

www.burmeseclassic.com

www.burmeseclassic.com


တချက်မျှ၊သန့်လျက်ကြွ၊တဖက်သွားဦးပေ့ည်စင်ကို၊ ခူးသည့်တွင် ရကောင်းငဲ့လေး။ ။ခဲသည်ထက်၊ရဲရှည်လျက်၊မြကြည်သက် သဒ္ဒါဟုန်ကို၊တခါကြို ရခဲမျှလေး။

ဘောလယ်ထပ်။ ။ဝေးပါလှ၊တွေးဆခက်ဖွယ်၊လှူရေးရေးကကျယ်။ ။ရွှေးလေခါဝယ်၊ခါဝယ်၊အိုရေသည် မွဲနွာလေး၊ ကဲသည်ထက် သာလိမ့်သာလိမ့်။ ။မျှော်တွေးဆင်ခြင်၊ပြုအင်ဒါနကိုတဲ့၊ဆုနင် ကွာလှသူမို့၊မွဲတာပဟာယ်၊ရှာပေတယ်လို့နင့်မှာဝေး၊ဥစ္စာမှန်ရေးကိုလ၊ကံပေးမှပြောင်။ ။မရှိလို့ပူလောင်ပူလောင်။အိုသတိနှင့်ယူဆောင်၊ယူဆောင်၊နင် သေအောင်ခံပါဟယ်၊မွဲဇာတ်ပါတဲ့မွဲလေး။

*လွမ်းချင်း။ ။ဘယ်သူမွဲကြမတုံး၊ဇွတ်ဆွဲငယ် ပေါင်မြှောင်၊လွှတ်ကြဲငယ်ထောင်၊ဖွတ်မွဲရောင် နှစ်ကောင် ကပါတဲ့၊ ပြာရထားယာဉ်ကျော်ပေါ်မှာ၊ သခင်မော်ကိုယ်တော်အိမ့်ပါလို့၊ ငြိမ့်ငြိမ့်ကလေးမဟာဂုဏ်နှင့်၊ ပြာပုံမှာ ဝပ်လိုက်တော့မယ်လေး။ ။မွဲဘယ်ငယ်ဆို၊အပိုသာပ၊သူတကာ့မှာ၊ဆန်စရေစ၊ထမင်းစနှင့်၊ဟင်းစကိုသာ၊ မတော်တနေ့၊တော်တနေ့ငယ်မျှ၊တွေ့ရပါမယ်၊ ကျုပ်မှာဘောဆို၊ ဆန်ညှာဆန်ကွဲ၊ နုနုဖွဲကိုမှ၊ ရေနဲငယ်ကျိုလို့၊အလိုဝဝ၊မမျိုရလို့၊တော်လှတဲ့မောင်၊ မွဲလိုသူ ရှောင်ကြဘော့၊ ဖွတ်နှစ်ကောင် ယဉ်သာငယ်၊ မင်္ဂလာ ပြာရထားမှာလ၊ မွဲမျက်နှာ အပြောင်သားငယ်နှင့်၊ အိုခင်လေးတို့၊ကြွားလိုက်မယ်လေး။

**တခန်းရပီ။**

---

မြို့ တောင်မျက်နှာက၊ရေရောင်းမိန်းမ ထွက်ဆိုရန်စကားမှာ–

ခြော်–ဗာရာမည်ခေါ်၊သည်ပြည်တော်မှာ၊အကျော်ဇေယ၊ ခေါင်မှာစွဲအောင်၊မွဲတောလှတဲ့၊ ကျွန်မ ကိုယ်ငယ်၊ တခါတရံ၊ လောကဓံမှာ၊ ကံမျက်စေ့ လယ်လို့မှ၊ ပြောင်နိုင်တယ်မရှိ။ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ယိုခဲ့ပြီ။ ပဲ(စိ)တဝက်၊ ပြောင်းတဝက်နှင့် ၁၀၊ ဆန်–ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။ ဟင်းလျာက ပိလော၊လည်ချောင်းကိုမြဲလှန်၊ဂလုံဆန်အောင်၊ဗုံကန်လို့မျှောရတယ်၊ကောလိုက်တဲ့ကံ ၁၁၊ မုရင်းဆန်နှင့်၊ ပွဲရုံချဉ်ပေါင်၊ ကျွေးနိုင်တဲ့မောင်များကို၊ လူ့ဘောင်ဘွင်တခါ၊ ကြိမ်စမ်းချင်ပါဘိ၊ ဇာတာထွန်းပေါ်၊ကံနိုးဆော်လို့၊ မတော်တဆ၊ မုရင်းမောင်မောင်၊

---

*နောက်ဆုံးလွမ်းချင်းမှာ၊စလေဆရာ၏ စာယောင်ယောင်ရှိ၏။သို့ရာတွင်၊ ''ဖွတ်မွဲရောင်'' ကိုလိုသဖြင့် ''ဇွတ်ဆွဲငယ်ပေါင်မြှောင်၊ လွှတ်ကြဲငယ်ထောင်'' တို့ကို သုံးထားလေရကား၊အခု စကားလုံးများ ဆင်းရဲ ခေါင်းပါးလှ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးချည်ပေါင်ရို့နှင့် ၁၂၊အိမ်ထောင်များ ကျခါမှ၊ ၀၀ကြီး-ပေါင်းလန် အောင်၊ဝမ်းစည်းပိမ် ခံတော့မယ်။

ဩော်-တောင်ကြီးမြောက်ကြီ၊ ဘရုံတောက်တီး၊ ဆင်းရဲခန်းကို၊ နိဒါန်းသွယ်လို့၊ ဘွဲ့နှယ်ပင်ငြိုးသော်လည်း၊ ဆန်နိုးမယ်မဟုတ်၊ ရေကြပ်ကြပ်ရောင်းနိုင်မှ၊ ပြောင်းဆန်ကို ကုပ်ငိုမယ်၊ ရုတ်ပေတော်ဝင့် ထ(မိန်)၊အစ္စပ်ကတရာ၊အပါကဘရပြစ်၊ မှောင်ကျအောင်ညစ်ပါတဲ့၊ ပဆစ်အိမ်ကို ၁၃၊ သုံးလွန်းလိမ် ခါးတင်ထိုးလို့ ၁၄၊ ရေအိုးကို ရွက်၊မူရာတော်နွဲ့နောင်းနှင့်၊ရေချိုရောင်း ထွက်တော့မည်၊ ကိုးမျက်ရုံ ၁၅၊မှန်ပိုင်းလယ်က၊ရေ(သယ်)ကို နေမမြင့်ရအောင်၊အိုးပင့်တော် မူလိုက်စမ်း–မောင်ကြီးရှင့်။

တေးပေးရန်ပတ်ပျိုး။ ။မယ်ကြမ္မာ၊ဇာတာ ဘယ်ဂြိုဟ်ဆိုးလေသလေး။ ။ခေါင်းမှာတင်၊နေ့စဉ် သည့်ရေအိုးငယ်နှင့်လေး၊ ဆိုးလေကံကံ၊ ညိုးလေဖန်ဖန်၊သည့်ရေသည် ကြမ္မာဝဋ်ကို၊ ငိုင်းချွတ်ပါ့ထက်မိုးစုံ၊ မိုးတဲ့မှ မိုးတော်ထံ၊ အိုတိုးတဲ့မှ တိုးဝင်ပန်။ ။ ခုအခမြန်တင်လျှောက်လဲ၊ ထက်ဝတီနိပြည့် လမ်းပေါက်ဘဲ၊ ဇာန္ဒာလေ စိုးကဲစိုးကဲ၊ရှုဘဲ ငယ်နေနိုင်နေနိုင်၊ထားရက်ပေ့ခြောက်ဘုံပိုင်။ ။ရွှေမဏ္ဍိုင် တောင်မြင့်ဖျား၊ ကမ္ဘလာ တော်၊အိုတင်းသင့်သား။ ။သည့်မယ်လေနွမ်းပါး၊ပန်းအားငယ်လို့၊ကံဖို၊ရှေးဝိပါက်၊ တွေးသိခက်၊လေးဘိချက်တောင်သို့ကို။ ။ဆိုယောင်ယမ်း၊ တောင်နန်းလေမေရှုမေရှု၊ ဇာန္ဒာမင်း၊ မတင်းလေ ပဏ္ဍုပဏ္ဍု၊နှုကမ္ဗလာ၊ခုအခါ၊ ရေးမထား၊လေးပါးငယ် သူဇာ သူဇာ၊ မိုးဘုရားကြီးစားတော် မူရှာမူရှာ၊မြူဖျော်ခါနှင့်သာ၊ လူ့ရွာသို့ရှုနိုင်ပါ။ ။ခေ အကြောင်း၊ ရေရောင်းသူမယ်နှင့်မယ်နှင့်၊ ဖူးစာရေး၊ကွာဝေးလေရှာထင့်ရှာထင့်၊ ခွင့်မ သာ၊ လင့်စရာ၊ မအေးကြောင်း၊ ရှေးဟောင်း ကံသာ၊ ဖန်ရာ၊ အဆွေးလောင်း၊ ဝေး တောင်းမှန်ခွာ၊ကြိကာ၊ အိုဘယ်ခါမှ၊ပူတာနှင့် ကင်းနိုင်ရာ။

သုံးထပ်သံ။ ။သတ္တဘာ၊နတ်မသမာ၊ လှပ်ဗလာရေးလေရေ့သလား၊ ဖူးစာကံ၊ ထူးခွာဖန်၊ မှုံးကြာရုံဝေးပါဘိ ခင်လေး၊ကြင်ရေး၊လင်ဈေးတော်စွန်၊ရှားပါဘိ ကြောက် ဖွယ်အလွန်၊ ထောက်တွယ်မညွန်၊ ကြီးဒုက္ခဝန်လေးတဲ့မှ၊ ကြီးလေဒုက္ခဝန်လေးတဲ့မှ၊ ကြီးလေလေ ကြီးလေလေ၊ ကြီးလေလေ ဒုက္ခဒုက္ခဝန်။ ။ဆက်ကြာ၊ ထက်ကာလ ငယ်က၊လက်စညွှန်၊ ကြက်မတွန်၊ ရောင်နီအရုဏ်လင်းတယ်လို့မှ၊သတင်းမွန်၊ အရှင်း လွန်၊ထက်ဆိုညွှန်ပြ၊ အိုလေးကြက်ဖိုတွန်မ၊ကြက်ဖိုတွန်၊ဆက်ညွှန် အမှန်ကုံးတယ်၊ဆံ ထုံးလေးတာထောင်၊ တလုံးရွှေရောင်ဆောင်မှ၊ လှမယ်၊ငမယ်၊ဆန္ဒယ်ကိုးလို့၊မယ်ကြီး၊ (သယ်)ပိုး၊ တကယ်တိုးလေ ကြိုလျက်ပါ။ ။ခေတယ်ကံရင်း၊ ရေ(သယ်)ကြီမဖွင်း၊ သွေဖယ် ဆန်မငြင်းလေ သည့်ကမှာ။

www.burmeseclassic.com

www.burmeseclassic.com


ဂုင်းအသံ။ ။ကြံမြောက်လျှင်၊ တန်လောက်ထင်၊ ဆန်ကောက်လျှင်ကြီးငယ်နှင့်၊ ဆိုင်းလွှင်မှောင်၊ နှိုင်းအင်ရှောင်၊ ကိုင်းချဉ်ပေါင်သီးမှာလ၊ ရွက်ကြီးရော်ရင့်၊ပေါ်ပွင့်စုံလင်။ ။ဆားပြတ်သိ-ထည့်ကာရုံပင်၊ရာကုန်စင်၊ ဖြုန်းကြိုချက်ပြင်လေတဲ့မှ၊ သုံးလေမျိုးသောက်ချင် လေးတယ်မှ၊ သုံးလေလေ၊ သုံးလေလေ၊ သုံးလေလေမျိုးမျိုးသောက်ချင်၊ နီစွာသည်စပ်သီးကိုတဲ့၊ ကျက်မီးကင်၊နှပ်ပြီးလျှင်၊ ပွတ်ချေလျှာပေါ်စိမ့်ပါလို့၊လိမ့်ကာတင်၊ငြိမ့်ကာယင်၊ ဆိမ့်ပါချင်လှ၊အိုလေအိမ့်ပါချင်လှ၊မျိုခင်သည့်ဘဝတွင်၊မြင်ရလေမှန်ပြီ၊မုရင်းဆန်နီမောင်နှင့်၊ ထင်ယောင်မြင်ယောင်၊ ချဉ်ပေါင်ဟင်းတို့၊ရှောင်ကွင်း၊ပြောင်တင်း၊မောင်မင်းကြီးမကြွလာ၊တသက်ပန်အလုံး၊ နှစ်ဖက်နံ အသုံး၊မရှက်ကံ အဆုံးလေ တိုင်တော့သာ။

လွမ်းချင်း။ ။ဦး‌ရေငယ်စပ်ပါပေါ့၊မ‌ရေုပ်ကယ်မ (တယ်)။မြှိုလုံးငယ် (လယ်)။တလ မယ်ဆန်မရခင်က၊ပြန်ရပုံအလွန်ခက်ပါဘိ၊ ခေါင်းထက်မှာရေပြည့်အိုးငယ်နှင့်၊ကုပ်ကျိုးလု လျှောက်ခဲ့ပြန်၊ နောက်မှာဆံစိုလို့ရွှဲပါပေါ့၊ ခေါ်မြင်ငယ်ဘယ်အိမ်ပေါ်ကမှ၊မခေါ်းလိုက်ကြတာလေး။ ။ဝယ်ပါဝယ်ပါ၊တစာစာငယ်၊ ခါခါခေါက်ခေါက်၊ ဟိုတတန်း နှင့်သည်လမ်းကိုလျှောက်လှပေါ့၊ တယောက်ကယ်မခေါ်၊ အပြန်ကစ်ပါလို့၊ဆန်ပြတ်ပုံ ပေါ်လှချေ့၊ ရေသည်ကျော်မိန်းမဥာဏ်ငယ်၊ ဗလာကံ သည်တနပ်မှာလ၊ ဆန်ကွဲပါ ဆန်ညှာကပ်ပါလို့၊အိုမောင်ကြီးတို့၊တော်တော့မယ်လေး။

**တခန်းရပ်**

---

တကျွာသိုလ်ပြည်ကပြန်သော မင်းသားထ၍၊ပြည်တော်သို့ရောက် စေ။ ခမည်းတော် လွှန်နှင့်သောကြောင့်၊ မှူးမတ်တို့က နန်းတင်၊ နန်း သိမ်းပွဲခံ။

**တခန်းရပ်စေ။**

---

အထက်ကရေသည် ယောကျ်ားနှင့်၊ ရေသည် မိန်းမတို့တွေ့ကြ ရာ၊မိန်းမက ဆိုရန်–

ဝါးကွဲထမ်းပိုး၊ ဆိုင်းပေါင်ကျိုးနှင့် ၁၆၊ပုဆိုးညစ်တော၊ရောင်ထန်း စေ့မှတ် ၁၇၊ ခေါင်းမွေးရုတ်တဲ့၊ ကျုပ်ဖအေငယ်၊ ရေကိုရောင်းစား၊ မောင့်စွမ်းအားနှင့်၊ စီးပွါးတနှစ်၊ ဘဲ့လောက်များဖြစ်ပါတုံး၊ စစ်စစ် ပေါက်ပေါက်၊ဝမ်းရေးလောက်၍၊ စားသောက်သည့်ပြင်၊လက်ကပ် ခြေကစ်၊ ပိုရိုမြတ်လို့၊အဖတ်တင်၊ ဇိမ်တွင်ထုပ်ရ၊ကျုပ်မောင်မှာ၊

www.burmeseclassic.com

www.burmeseclassic.com

ငွေစတဲ့လောက်များသလဲ။ ခါးဝတ်လဲမှာ၊မလွဲစင်စစ်၊မျက်မြင်ဖြစ်၍၊ မစစ်သာဘူး၊ဘဲလချာချွတ်ခြို၊ ၁၈.ဖွားဖက်တော်မှ မပေါ်ရုံ၊လုံအောင် အနိုင်ဖုံးရတယ်။ စားဖွယ်သောက်ခင်း၊ ဘယ်ထမင်းနှင့်၊ ဘယ်ဟင်း ချဉ်ချို၊ဘဲ့နှယ်များ မျိုရတုံး၊နှစ်မလိုစိတ်ကစွဲလို့၊ ဖြစ်နဲ့ကိုပြန်စမ်းပါ၊ မောင်ကြီးရယ်။

ရေသည်ယောက်ျားဆို။ ။ဆံထုံးတော်ကြီး၊တမာသီးနှင့် ၁၉၊ခါး စည်းဝတ်လဲ၊ ချုပ်စပြဲကို၊ တဲအပ်နှင့်တွယ်၊ လျှမြင်သမျှ၊ စိတ်ပျက် အောင်လှပါတဲ့ ၂၀၊မရေ(သယ်)။ကုန်သွယ်ရေရောင်း၊စီးပွါးကြောင်း နှင့်၊လှုကောင်းကိုယ့်မောင်၊ ရုံးလှဆောင်၊ဝအောင်စား၍၊ ခါးဝတ်တဲ့ ဖြင်၊လက်ကပ်ခြေကပ်၊ ပိုရိမြတ်လို့၊အဖတ်တင်၊ဇွိမ်တွင်အများ၊ သံ သေတ္တာနှင့် လုံစွာထား၊ ငွေသားလေးရွေး ရှိပါတယ်။ သည်ပစ္စည်း တွေ၊လေးရွေးငွေကြောင့်၊ စိတ်သေလက်ချ၊ မဇွိပ်ရနိုင်ဘူး၊ ညမှည လျှ၊ သူခိုးများပူလွန်းလို့၊ ကိုယ်ထုကိုယ်ထ၊ ကင်းဝတ်လှည့်၍ ၂၁၊ စောင့်ခဲ့ရ၊ ကာလမနည်းကြာပါပြီ။ ညစာနံနက်၊စားရရက်မှာတော့၊ မြက်သီးရောရော၊ မုရင်းဆိုတဲ့၊ ဆန်အိုတာကို၊ ရတနာချဉ်ပေါင်၊ငါးပိ အလျှော်၊ဆီမဆင်းတဲ့၊ဟင်းများနှောင်နှင့်၊ အာခေါင်ကိုဆွတ်၊မဝင်မ ချင်း၊လည်ချောင်းကိုစင်းပြီးလျှော၊အတင်းသာသွတ်ရတယ်။ခါးဝတ်လဲ မှာ၊မျက်မြင်ပါဘဲ၊ ညစ္စာပြည့်ရုံ၊ခနဂုဏ်နှင့်၊ ကုံလုံဘိခြင်း၊ မသိမ်ဖျင်း ပါဘူး၊လျှုဆင်းရဲ မမှတ်ပါနှင့် အမိငယ်။

သဖြန်လေးကြော့။ ။ထင်မသေးပါနှင့်၊ ခင်တသွေးငယ်က၊ စဉ်သူဌေးခံတဲ့သူ။ ။ မှုမထားပါဘူး၊ ခုအများသူပ၊ထုအားအင် ဂုဏ်ရည်သွေးနိုင်ငဲ့၊ လေးရွေးနှင့်လူ။ ။ မပွေကြပါနှင့်၊အခြေလှသူမို့၊ အနေမျှကြပါလိမ့်၊ငွေမနဆိုသည့်မူ၊တူပါငဲ့ဂုဏ်ရည်ချင်း၊ ကာလဝယ်ကို၊ ဌာနငယ်ဘယ်မဆိုပ၊ ရွှယ်ပျိုအို ဝေဝေလျှံလို့၊ ငွေမနံပိုက်ဆံပြောကြ တယ်မျှ၊လောကခေတ်တွင်း။

ရေသည်မိန်းမဆို။ ။ငွေလေးရွေးနှင့်၊ဌေးအောင်ကြွယ်ဝ၊ဉစ္စာပေါ တဲ့ဇော်တိကငယ်၊ နှစ်မမှာလဲ၊သည်လိုဘဲ၊မြေထဲသိုမြှုပ်၊ ကိုယ်သ ဘောကျ၊ ခင်ပွန်းများရခဲ့လျှင်၊ သူဌေးမ–လုပ်မယ်လို့၊ ငွေထုပ်ကြီး မား၊လူမသိအောင်၊ဖုံးဖိလို့ထားလိုက်တယ်၊ စီးပွါးဆောက်ဦး၊ကံချင်း ဘဲနီးရော့ထင့်၊ မောင်ကြီးနှင့်တူရာမှာ၊ ငွေမြှုလေးရွေး ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည့်ငွေလေးရွှေး၊ ဥစ္စာဝန်လေးလွန်းလို့၊ အရေးမတော်၊ ခိုးသူလုယက်၊ မင်းနှိပ်စက်၍–ဖျက်ခဲ့သော်၊ ကူပေါ်လောင်ဖက်၊ မရှိလျှင်ခက်ထာမို့၊နှစ်သက်လောက်သူ၊ စည်းစိမ်ကြီးကို ထိုးလိုအုပ်၍၊ ချုပ်မည့်လူကို၊တာဆူယောကျ်ား၊ဇမ္ဗူမှာရှားလွန်းလို့၊ လင်သားမယူ၊အပျိုကြီးလုပ်၍၊ ရွက်အုပ်သိုးပူရတယ် ၂၂။ ကံတူတဲ့မဲ့သခင်၊ ဘယ်ခါမှရရုံးလို့၊ရွှေပုံးရည် ချဉ်မယ်သိ၊ ထင်ရမက်ကာယိနှင့်၊ စောင့်လျက်သာ နေရပါတော့တယ်၊ကျုပ်မောင်ငယ်။

သဖြန်လေးကြော့။ ။သခင်ကို ထင်မသေးပါဘူး၊ရှင်သူဌေးခေါ်လောက်ပေ။ ။သပြာမကြီးမှာလ၊ ကွာဝေးပေါင် ရည်တူကြပါရဲ့၊ လေးရွှေးမျှငွေ။ ။မရှိလျှင်အလွန်ခက်ပါသတဲ့၊ အတိအင ညွှန်မပျက်ပါနှင့်၊ မွန်အနက် သည်အခြေကို၊ တည်စေတော့ ကျုပ်မောင်ကြီး။ ။ကြွားမဝါ၊ တန္တုးငယ်ကိုယ်မှာသာပ၊ ဓမ္မတ လူတို့တမ်းပေမို့၊ ဥစ္စာဂုဏ် တပုံဖမ်းတယ်ဖေ၊လမ်းနှင့်အပြီး။

ရေသည်ယောကျ်ားဆို။ ။သုံးစွဲမကုန်၊ တောင်နှယ်ပုံ၊ ငွေမှုံလေးရွှေး၊ ပြိမ့်အောင်ကြွယ်တဲ့၊ မယ်သူဌေးငယ်–ရွှေးလွန်းလျှင်မရ၊ သေးလွန်းသျှင် မလှတဲ့၊ ဈေးကပုံထား၊ လူထဲမှာနေ၊ လူ့ဖြစ်တွေကို၊ အကျေသားနှင့်၊ဇာတ်သွားရှည်အောင်၊အရေးဆောင်လို့၊ကျွေချောင်ဝေဝုစ်၊ဘောက်စရာလုပ်ရတုံး၊ ငွေထုပ်ချင်းတူ၊ လူရွယ်ချင်းမျှ၊ အလှချင်းနတ်ဖက်၊ တိုင်း၍ရက်တဲ့ ပက္ကလာ ၂၃၊ ရိုးယ်ရှာသည်နှင့် အခန့်သင့်၊အခွင့်ဆိုဆိုင်၊အတိုင်အလှဲ့၊အစပ်ဖြင့်တဲ့လှပေါ့၊ဂျင်ပဲ့ချင်းပေါက်ကြမို့၊နောက်မဆုတ်တမ်း၊ သည်ယနေ့ကွင်ဖြင့်၊ ဘိလူးတွေ့ လက်ရသိမ်းလို့၊ အစိမ်းဖမ်း ဖမ်းတော့မည်၊ ပတ်ကြမ်းတီး၊ ပွဲပြီးစေကြစို့ငဲ့လေ အမိရယ်။

သဖြန်။ ။မသွယ်ဝိုက်ပါနှင့်၊တကယ်ထိုက်ကြပြီမို့၊ အကျယ်လိုက်မဝင့်ချင်၊ ထယ်မပပြီဘု၊ဘယ်ကပင် သာချင်သောငယ်လို့၊မပြောသာ နဂိုရှိပါပေါ့၊လင်းသိမျက်မြင်။ ။ဇာတ်လမ်းရှည် ပြည်မပျိုးပါနှင့်တော့၊ တတ်စွမ်းရှည် သည်အမျိုးမှာလ၊ တည်အရိုးခံလို့ပင်၊ကြိုဖို့အင်တခန်း။ ။ဇာတ်လုံးငယ်ဖေါ်၊ဖြတ်ရုံးကာ မြိုင်အမော်က၊ပြိုင်နှစ်ဖေါ်လက်တော်တွဲပါလို့၊အိုဝဲငယ်တစာစာနှင့်၊သာဖိုက်ခါမောင်မယ်ထွက်ကြစို့။ ဌာနငယ်မှန်၊ကာလဥာဏ်သည့်အချက်မှာမေ၊လွှမ်းဇာတ်ကွက်ဖမ်း။

ရေသည်မိန်းမဆို။ ။မကြီးသက်လှယ်၊ မျက်ထားချိုတဲ့၊ကိုရေ(သယ်)ငယ်၊ချစ်တယ်ကြိုက်တယ်၊အတင်းအကြပ်၊နောက်မိုးထပ်လို့၊

www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့ကပ် တွယ်လေသည့်၊ ဘယ့်နှယ်တုံး ခုတင်ရ၊ အရပ်မှ ဆော်သလို၊ တော်ရုံပင်သော့ပါရော့၊ ပေါ့ပေါ့တန်တန်၊ ဟင်းရွက် ကန်စွန်း၊သရေနွမ်းအောင်၊ တလတွန်းကြိတယ်လို့၊ ဟန်ပန်ရနိုင်ပါ့ မလား။

သမြန်။ ။ဆော်ဘစောင်ယ်နှင့်၊အပေါ်ကြောဟာမို့၊ သရော်ပြောထင်လှပါ။ ။ သူ့သမီးပါကလေ့၊ ခုအပြီးငယ်လို့၊ မှုနီးတော်မှုချင်တဲ့လေ့ကော၊ လမ်းမှာခေါ်၊ဗျော် လို့(မှ) သည့်နှယ်၊ဆန်းတဲ့မူရာ။ ။ပဲလျှော်ပင် ပော်တော်နှင့် ကျက်သမို့လား၊ကဲ ဖေါ်ခါ မော်ခမော်လို့တက်ပါပေ့၊ တောဟင်းရွက် ကန်စွန်းညှာလို၊ ပမာမျှ ဖေစိတ် ထား။ ။မကိုင်ခင်၊ခြေဆင်းပုံအမြန်လျှင်မို့၊ တသက်တွင် လင်ကုန်ရှုံးလျှင်လှ၊ အခက် ပင် ထင်ရုံနှင့် နုံးလှတယ်ဖေ၊ဆုံးလိမ့်မမှား။

တနပ်စားမကြိ၊တကယ်တမ်းမှန်ပါလျှင်၊စားရန်ခန်းဝင်၊ သေတ္တာ နှင့်အခလေး၊ ငွေလေးရွေးကို၊ ကြိုက်ကြေးတင်မှ၊ အကြင်လင်မယား၊ လူနှင့်တူလို့၊လူခန့်ညားတော့မပ၊ငွေသွားလို့ယူ၊ငွေမြင်လျှင် လင်လုပ် မည့်၊အဟုတ်ပ ဟာလူရယ်၊ဇမ္ဗူလုံးနတ်၊ တို့မင်းမြတ်မှာလဲ၊ ပြာသာဒ် ဘုံပျံ၊နန်းသိမ်းပွဲ ခံလိမ့်မည်၊ ပန်းမာလ်နံ့သာ၊ လိမ်းကျံခါနှင့်၊ကြင်ရာ မကွဲ၊ အချိုဝယ်လို့၊ ပွဲလယ်မှာတဲရအောင်၊ ပဲဝက်သပြာ၊ လေးရွေး ဟာကို၊မြန်စွာသာ ယူချေတော့ မောင်ကြီးရယ်။

ရေသည်ယောက်ျားဆို။ ။အလှဆုံးတွင်မှ၊ ဘဝလုံးရွှေ့၊ရှာမတွေ့သည့်၊ ညာသ ပြေ့ခွင်၊ မပေါ်နှစ်ယောက်၊ တစ်ခေါ်လောက်ပါတဲ့ မယ်မောက်တင်ငယ်။ ။ကြင် မည်ချစ်မည်၊မယ့်နှုတ်ရည်ကို၊ယုံကြည်ရရေး၊ ကျုပ်စိတ်က လေးလှသည်၊ မတွေးမဆ၊ စိတ်လက်များချရအောင်၊နေဥစ္စာ၊တင်သောခါဝယ်၊ကြင်ပါမည့် သဘောဖြ၊ ဆိုသစ္စာ မှုမှပင်၊ငွေယူနိုင်ပါလိမ့်မယ် နှမရယ်။

ရေသည်မိန်းမဆို။ ။ချိုပြေတသွယ်၊အဆိုပွေတဲ့၊ကိုရေ (သယ်) ငယ်။ ။တကယ် ဖေက၊ဥစ္စာရေးကြောင့်၊နှောင့်နှေးလှ၍၊ဒွိဟာသက်ာ၊ရှိခဲ့ပါမူ၊သစ္စာနှုတ်သီး၊မန္တာန်ကြီး ပါတဲ့၊အပြီးမနှေး၊ကြိုက်ရာကိုပေးပါတော့၊ကြေးငွေရေးဖြစ်ပါပေ့ မောင်ကြီးရယ်။

သစ္စာနံ့။ ။မာလာဂန္ဓာအလိုက်၊တလှည့်စီဆို။

ယောက်ျားစဆို။ ။ကြင်မယ်ခင်မယ်၊ဇင်နွယ်ဖြူဝင်း၊ ကြူကြူသင်းဘ၊ နောင်မြင်း သွေမယ်၊ဖေငယ်ကြောက်ဘယ်၊ငွေကြေးငယ်လို့၊င်သူ၊နိုင်မြူမြူ ကိုဥဿာကြွယ်။ ။ ဟောလေးသူငါ မောင်မယ်တို့၊ ခက်ဖွယ်သည်ပုံများလေးကိုလ၊ တကယ်ကြားမယ်၊ ရှက်အားကြွယ်၊ မဖွယ်ညာကွယ်၊ သက်ထားငယ်၊ ယောက်ျားတို့ချိန်ခါ၊ ကိုယ်စာနှင့် ကြိုက်ရပေမယ်၊လေးခင်မိ မောင့်သက်လျှယ်ရွှေကုံး၊ငွေရေးပေါ် စိတ်ဆိုးနှင့်နုံး။

www.burmeseclassic.com

www.burmeseclassic.com



ဘောလယ်ရိုး။ ။ငွေကြေးဥစ္စာ၊ သည်သပြာထုပ်ကယ်ကြောင့်၊ ကြည်မသာရုပ်တွေနှင့်၊ ဟောဂုဏ်လုပ်ချေ။ ။လေးရွေးတိုင်ငွေပေမို့ အခြေကောင်း၊ အိုသူကြွယ်လောင်းကိုဘဲ့၊ ပေါင်းပါရအောင်။ ။ကျွန်သစ္စာတူနှောင် တူနှောင်၊ အိုကြံဆောင်ခဲ့တယ်လေး၊ မြဲစေဖို့မောင်။

ငွေကြေးဆိုတာ၊ အိုရတနာနှစ်ပါကလား၊ ကိုယ်စေနာရစ်ပါလို့၊ ချစ်သူမို့ကို။ နှံ့မယ်ဆိုပါတဲ့ ကတိတိုင်း၊ မောင် မဆုတ်ဆိုင်းပါဘူး၊ ဖေါ့ပိုင်းမေ။ ။မြတ်ဖျားလေး စိန္တေ့စိန္တေ့၊ ကျွန်ရွှေစာသုံးလျှင်လေး၊ လုံးအပ်မှဲ့ငွေ။

ဖျားစိန္တေ့၊ ပွါးလေ ထိန်ဝေနော်ရှင်၊ အိုခါတ်တော် သိပါစေ့မောင်ကြီးအိတ်လုံး။ ။လေးရွေးငွေ၊ ရေးရေးငယ် လှိုင်ထွေကွေနှင့်၊ ပိုင်လေစေလျှင် နော်ရှင်၊ အိုဘဏ္ဍာမှုံကြ၊ နံ့သာထုံ ကုံကုံနှင်းမယ်လေး၊ မင်းစိတ်ရှိသုံး။

နှင်းအမှန်၊ ချွင်းငြေလေးမချန်နော်ဗျာ၊ အိုသပြာကြေးမှာလ၊ လေးရွေးငွေဥစ္စာနှစ်ကိုတဲ့၊ ညှာချစ်ပြီဘူး။ ။ခန်းအိတ်ဝင်၊ မှန်းလေးစိတ်ထင်နော်ဗျာ၊ အိုစားရန်မှတ်ပါတော့၊ စံရပ်ကယ် အိမ်ဂေဟာနှင့်၊ သိန်လေးဆွေလျာနော်ဗျာ၊ အိုမောင်မယ် သစ်ကယ်လေး၊ စည်နစိမ်ရစ်မူး။

ဂုင်းသဖြန့်ဘောလယ်။ ။မောင့်သပြာ ဟိုအထုပ်ကိုလ၊ ဖြောင့်အသာ ချိုသရုပ်ကယ်နှင့်၊ ပျိုပျိုတုတ်ကယ်မမြင်ခင်။ ။ပစပ်ကြွားငယ်နှင့်၊ ပတ်သမားချဉ်တာမိုလို့၊ ထင်စွာဆိုကိုယ်မဟုတ်သေးပါကလ၊ ခင်ညာကို မရှုပ်ထွေးပါနှင့်၊ ရေးဖျက်မဲ့အင်။ ။တခါမြင်၊ လာစဉ့်တွေ့ငယ်နှင့်၊ ညာခင်ကို ကာတင်ထေ့မယ်လို့၊ တာထွင်၍မရပ်နှင်၊ နပ်ချင်ပေ့မောင့်စိတ်ကူး။ ။သရုပ်ကယ်ဆင်၊ မောင်ကြီးရေ၊ ရောင်ကြီးခွေ၊ သရုပ်ကယ်ဆင်တယ်လေလေ၊ ဆင်တယ်လေလေ၊ အဟုတ်ကို တကယ်ထင်လို့၊ စမွယ်လွင် နှစ်ငုံဖူးကိုလ၊ ကုန်ခူးရုံဘယ်မှာ က–မယ်တုံး၊ ပင်လေးခြေကိုနော်ရှင်၊ အိုခင်ဖေဘရယ်၊ မင်းဆွဲ၍ဘူး။

အိုသူ့နှယ်မသဒ္ဒါရက်ရန်ကော၊ ပျိုနုနယ်ကညာထက်သော်မှ၊ သာအခက်မယ်ကပို။ ။ချိန်လွန်ကြပါပေါ့၊ သည်မျှတိုင်အရွယ်ဆိုက်တောင်မှ၊ ကြည်မြလှိုင် မတွယ်လိုက်ကြတာဖြင့်၊ လားမထိုက်ကိုယ်။ ။အနိတ်မှာ၊ ဆိတ်စာဘေးသူမို့၊ မရိပ်ရှာလိပ်ပြာဇေးပေထင့်၊ စိတ်သာရေးမရှုလို။မှုကိုယ်နှင့်သူမနီး။ ။ဟိုင်းချက်နာ၊ လှဆုံးရွှေ၊ မြကုံးဆွေ၊ ဟိုင်းချက်ကယ် နာတယ်လေလေ၊ ဆိုင်းရက်တွေဗလာမို့၊ ကြံလေးခါကိုနော်ဗျာ၊ အိုစုံစွာနှင်းတယ်လေး၊ ခင်း ဘဲ့လောက်ကြီး။

မိန်းမက စည်းလွတ်သဖြန့်နှင့် အဆုံးသတ်။ ။ချွေလှစ်ကယ်သာ၊ ရွှေသစ္စာ ၂–ဖုံတင့်ပါလို့၊ ယုံသင့်ပြီယုံတော်မူခဲ့လျှင်၊ ငွေဖြူကိုဖေယူအပ်ပါတော့၊ ချန်လုပ်မခြွင်း။ ။အထုပ်ပါ၊ ဥစ္စာကို ဖေမမက်ပါနှင့်၊ အချက်ပုံအလိုပြိုင်သော့ခါ၊ နှစ်ကိုယ်ပိုင်သည့်အထုပ်ကယ်နှင့်၊ မယိုနိုပ်မယ်က အုပ်မယ်ဖေ၊ ကဲထုတ်ဖို့ရှင်း။

www.burmeseclassic.com



ရေသည်ယောကျ်ားဆို။ ။ဟဲ့ဘကြီးသား၊တခါများဖြင့်၊သိကြားစောင်မ၊မယာ လည်းရပေပြီ၊လူ့တကာ့နဲ့၊ကြွင်ရာနတ်ဖက်၊မောင်ကြီးသက်ကို၊ လက်ချင်းတွဲလို့၊ မင်္ဂလာပွဲသဘင်၊ မုံ့ပဲစား၍၊ အခဲသားဝင်ရအောင်၊ငွေစင်ပဲဝက်၊မသုံးရက်တဲ့၊အနဂ္ဃရတနာ၊မြောက်မြှုရိုးကြားငါဖွက်လို့ထားခဲ့တဲ့၊ ကြေးများစွာကို၊ မကြာချက်ချင်း၊ မီးနှင့်အတူ၊ ကျိုက်ကျိုက်ဆူတဲ့၊ သဲပူတွင်းမှာ၊ သိုင်းနင်းဘွက်ကျ၊ရေသည်မလူ၊ ကြွင်သည်းအရူ၊ငွေစယူကြွတော့မည်၊ဗေဒ္ဓုဝေါင်း၊ငါးကွင်းဥသျှောင် ၂၄၊ နတ်မင်းဆောင်တဲ့၊ သန်းကောင်မောင်း ၂၅မှာ၊ ခုနစ်ချောင်းညှို့ ၂၆၊ဆိုင်ရာတို့ပြီးလျှင်၊ချောပို့ ၂၇၊တော်မူလိုက်စမ်း–ကိုးရွာစား။

## တခန်းရပ်

---

ရေသည် ယောကျ်ား မရပ်မနား ပြေးသွားသည်ကို မြင်သောကြောင့်၊မင်းကြီးဆို။ ။မြင်းရိုရ်မြော်ယံ၊တန်ခိုးထန်သည့်၊ဂုဏ်တော်များထီး၊ ဝေဿဝဏ်နတ်၊ ပုံနှိုင်းစပ်တဲ့၊ အမတ်ကြီးတို့–ငါဘုရင်သည့်၊ ဥကင်ညာမော် ၂၈၊ နန်းမြင့်ပေါ်က၊ ရွှေးတော်ယူပြင်၊ ရုံးရှေ့ခွင်သို့၊ မျက်ရှင်လျှံမောင်း၊ ရွှေမှန်ပြောင်းဖြင့်၊ လမ်းကြောင်းတရူရူ၊ရူစားတော်မူရတွင်၊လူ့တယောက်ဟာ၊အပူမစဲ၊မီးလောက်ရဲတဲ့၊ သဲပြင်သာမှာ၊ နေဝါညီးညီး၊ မွန်းတည့်တုံးနေ၊ အခိုးဝေတဲ့ နေပူကြီး မှာ၊လက်သီးချီမြောက်၊ လက်ပန်းပေါက်နှင့်၊ဝမ်းမြောက်အရူရှူင်၊က–ခါပြေးလို့၊ဟန်ရေးဆင်၊ဖြစ်အခင်ထူးလှပါတကား။ ကျော်လွှားခုန်ပေါက်၊ တီးလက်ဖျောက်နှင့်၊ မြောက်သို့တရူရူ၊ မျက်နှာမူ၍၊ပူမှန်းမသိ၊ ချွေးတလုံးလုံး၊ လမ်းမဆုံးအောင်၊ပြေးတုံးပင်ရှိသေးသည့်၊ဗိတိ ဌ္ဌင်ရှူင်၊အရူကိုလေပင့်၊ မျက်နှာပွင့်တဲ့၊ချင့်ရုပ်သွင်မှာ၊ဘဝင်မြူးလှပါတကား၊ဖြစ်လျားကြောင်းရေး၊ မှန်ရာကိုမေးရအောင်၊ ပြေးတဲ့လုင်၊ မဝေးခင်၊ လျင်စွာခေါ်၍၊ ရှေ့တော်သို့သွင်းခဲ့ကြ အမတ်ကြီးများ။

အရပ်သား ရှေ့တော်သို့ ရောက်လျှင်

မင်းကြီးဆို။ ။လုင်ယောကျ်ား၊ အရပ်သားငယ်–အများတကာ၊ မမွတ်ဘနှင့်၊ နင့်မှာမတူ၊ မွန်းတည့်တုံးနေ၊ အခိုးဝေတဲ့၊ သဲမြေပူမှာ၊

www.burmeseclassic.com



တရှုမနား၊ က–လျက်ပြေးကာ၊ဝမ်းပန်းသာတဲ့၊ ကြောင်းလျာများကို၊ မှုသားမဖန်၊ ဟုတ်တိုင်းပြန်၊အမှန်တင်စမ်းဟဲ့ အရပ်သား။

ရေသည်ယောက်ျားတင်။ ။တင်ပါသည်ဘုရား၊ကျွန်တော်ငမွဲ၊လူဆင်းရဲမှာ၊ ရင်ကွဲသုမျှ၊ ရေရောင်းလုပ်စာ၊တသက်လုံးရှာလို့မှ၊သည်တခါရဘူးတဲ့ ငွေစငွေညှိ၊ ပဲဝက်ခန့်ကို၊ ရွှေနန်းသနင်း၊ ဘိသိက်ပွဲကျင်းရာတွင်၊ လူချင်းတူတူ၊သူများနဲ့ပင်၊ ငွေစရိပ်ဖြူ နီး၊ဝယ်ကာသုံး၊ လူလုံးပြဝင်မယ်လို့၊ ချစ်ခင်သက်ထား၊ ကျွန်တော်မျိုး မယားကာ၊သွား၍ယူချေ၊ အပြင်းစေသောကြောင့်၊ နေပူမရှောင်၊ သဲလောင်မစိုး၊ မြောက်မြို့ရိုးမှာ၊ကြိုးကြိုးစားစား၊ ဖှက်၍ထားခဲ့တဲ့၊ငွေသားလေးရွေး၊ ပဲဝက်ကြေးကို၊ အပြေးမြန်စွာ၊ယူမယ်လို့လာပါသည်၊ထိပ်ချာရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ဖြစ်ရလေနဲ့၊လူဆင်းရဲငယ်-ပဲဝက်သပြာ၊တဆိပ်စာနှင့်၊ကျို မဲ့ရာသီး ၂၉၊ နေပူကြီးကို၊တထိုးလွှာလွှား ၃၀၊နှင့်မယားက၊ စေစားခိုင်းခန့်၊ ခရီးနှယ်စန့်ပလေ၊ ရွှေနန်းမြောက်ကို၊ ခြောက်ယူဇနာ၊တောင်မှာ ထို့ဟန်၊၁၂-ယူဇနာ၊ သချာမချို၊ တာငန်းမို့တဲ့၊ မြို့နှစ်ပြန်ကို ၃၁၊ မြူဆန်သောက်သေး၊ ပဲဝက်အရေး၊ ကြိတ်စာဟျောတဲ့ ၃၂၊ငွေကလေးနှင့်၊ ဘေးကိုမတာ၊ သက်စွန့်ကြီးပမ်း၊ သွေးသန်ပင်ခန်းဇ်သာက်အောင်၊ တရကြမ်းလာခဲ့တယ်၊ ယူဇနာတာထောက်၊တဝက်လဲရောက်ကပြီ၊ နောက်ကိုသော၍၊ ကရောကပါး၊ နင်မသွားနှင့်တော့၊နင်ထားတဲ့ငွေညှိ၊ ပဲဝက်ခန့်ကို၊ သန့်သန့်ရှိစေ၊ အခြားရှစ်ရွေး၊ တပဲကြေးကို၊ ငါပေးမည်၊ ငွန့်ရှည်ခရီး၊ နေပူကြီးကို၊ ချွေးစီးတဖြာ၊ မပြေးပါနှင့်တော့၊ သည်သပြာငွေတပဲနှင့်၊ ရောင့်ရဲလို့နေပါတော့ဟဲ့၊အရပ်သား။

ရေသည် အရပ်သားတင်။ ။တင်ပါသည်ဘုရား၊သနားတော်မူ၊ တပဲဆိုတဲ့ ထိုငွေဖြူကိုလဲ၊ခံယူပါမည်၊ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလဲ၊ပြေး၍ ယူချင်ဖှာပါသေးသည်၊အထည်အထုပ်၊ငွေစသာဟုတ်ပါစေ၊ဖြတ်မျက်လုံးလောက်၊ သေးလို့ပင်ပျောက်ကတဲ၊ မထောက်မရှု၊ ဆနည်း

www.burmeseclassic.com

ငယ်မှုကိုလို့၊ တယ်ကရ မပြုသင့်ဘူး၊ ဝဋ္ဋကာမဂုဏ်၊ ငွေစနှင့်ကြုံသောခါ၊အာရုံကိုဖြတ်နိုင်ခဲလှပါသည်၊ရွှေနန်းရှင်ဘုရား။

*မင်းကြီးဆို။ ။လုင်ယောကျ်ား၊အရပ်သားငယ်၊သွားမည့်တောင်တာ၊ ယူဇနာခြောက်ပြန်၊ ဆမတန်၊ကန္တာရကွာသေးသည်၊ ပူဆာညှိုးငွေ၊ ပင်ပန်းလို့သေရော့မည်၊ နင့်ငွေကိုထား၊ သဲပူပြင်ကို၊ နင်မသွားနှင့်၊မယားကြင်ရာ၊နင့်သည်းချာမှာ၊ မျက်နှာရသလောက်၊ ဗိတ်ရွှင်လန်း၊ ဝမ်းပန်းမြောက်အောင်၊ လက်ရောက်မနှေး၊တသောင်းသပြာ၊ချိန်တရာကို ၃၃၊ခုမကြာပေးမည်ဟဲ့၊ဝေးလှသည့်နေရာ၊ မြို့ရိုးမှာဂှက်ခဲ့တဲ့၊ ပဲဝက်ဟာကို၊မတာမတွယ်၊တဏှာကိုပယ်ပါရော့။ ကိုယ်ဝယ်အသက်၊မထောက်မထား၊ မတော်သွားမိလို့၊ဆုံးပါးပျက်ခဲ့လျှင်၊ပဲဝက်သပြာ၊မကယ်ရှာပေဘူး၊မြန်မာချိန်ငွေစ၊ တရာပင် ရမှကို၊ဗိတ်ချ၍ နေပါတော့လေဟဲ့၊အရပ်သား။ (သည်အခန်းတွင်၊ တပဲ၊ တမူးတမတ်ကစ၍၊ဆတက် ဆတက်၊ပေးသည့်စကားမှာ စကားဖန်ချပ်၍ပြောစေ။)

*ရေသည်အရပ်သားတင်။ ။တင်ပါသည်ဘုရား။သနားတော်မူ၊တရာဆိုတဲ့ ထိုငွေဖြူကိုလည်း၊ ခံယူပါမည်။ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ငွေစလေးရွှေး၊မြို့ရိုးကြားမှာ၊ သူနေရှာတဲ့ ဟိုဟာကလေးကိုလဲ၊ပြေး၍ယူချင်လှပါသေးသည်။အထည်အထုပ်၊ ငွေစသာ ဟုတ်ပါစေ၊ဖြုတ်မျက်လုံးလောက်၊ သေးလို့ပင်ပျောက်ကတဲ၊ မထောက်မရှု၊အနည်းငယ်မှုရယ်လို့၊တယ်ကရမပြုသင့်ဘူး။ ဝဋ္ဋကာမဂုဏ်၊ငွေစနှင့်ကြုံသောခါ၊အာရုံကို ဖြတ်နိုင်ခဲလှပါသည် ရွှေနန်းရှင် ဘုရား။

မင်းကြီးဆို။ ။လုင်ယောကျ်ား၊ အရပ်သားငယ်–မုံ့စားရင်းလှည်းစီး၊ငါးနှစ်ကောင်ဖမ်း ၃၄၊ငွေပဲခြမ်းကို၊ စွဲလမ်းချက်ကြီးပါဘိ၊မငြိုးငွေ့လို၊နင် သည်လောက်ဆိုမင့်၊ဟိုပဲဝက်ငွေ၊ဆုံးပါစေ၊တကုဋေတိတိ၊နင့်မယားကို၊ ငွေသားနှင့်ဖိုလောက်အောင်၊ ကျိုကျိုတက်ဖွေးဖွေး၊တခါတည်းချွေးလောက်ကဲ့၊ ငါပေးတဲ့ငွေကုဋေကို၊ ရှုမြွေဝေချပ်၊အသာယူပြီးလျှင်၊လူလှလှလုပ်သေတော့၊ ဟိုအခုတ်ချပ်ကြားငွေ

* ဤတပုဒ်လုံးကို ဆရာကူး ချမြုပ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲဝက်သားဟာကို၊လူကြားလို့ မကောင်းပါဘူး၊မျက်စောင်းမှ မထိုးပါနှင့်တော့ အရပ်သား။

ရေသည်အရပ်သားတင်။ ။တင်ပါသည်ဘုရား။သနားတော်မူ၊ တကုဋေဆိုတဲ့၊ထိုငွေဖြူကိုလဲ၊ခံယူပါမည်။ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ငွေစလေးရွေး၊ မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလည်း၊ပြေး၍ယူချင်လှပါသေးသည်။ အထည်အထုပ်၊ငွေစသာဟုတ်ပါစေ၊ဖြုတ်မျက်လုံးလောက်၊ သေးလို့ပင်ပျောက်ကတဲ၊ မထောက်မရှု၊အနည်းငယ်မျှရယ်လို့၊တယ်ကရ မပြုသင့်ဘူး၊ဝဏ္ဏကြာမဂုဏ်၊ ငွေစနှင့်ကြုံသောအခါ၊ အာရုံကို ဖြတ်နိုင်ခဲလှပါသည်၊ ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။လုင်ယောကျ်ား၊အရပ်သားငယ်–ဘိန်းစားဆေးငတ်၊ ဆေးမပြတ်သည့်နှယ်၊ တပ်မက်ခြင်းတဏှာ၊ အားကြီးပါဘိ၊ မဟာကုသိုလ်၊ငါ့ရွှေကိုယ်မှာ၊ အလိုတော်အား၊ ပါရမီပွါးစေတော့၊ ဆင်းရဲသားဆို၊ သည်ပုဂ္ဂိုလ်လဲ၊အလိုပြည့်ရုံ၊မင်းတို့မှာသာ၊လူ့ပြည်ရွာမှာ၊ချမ်းသာမှု ကုန်တော့မည်။ရွှေဘုံထောင်တည်၊ကာသိတိုင်းပါ၊ ပွင့်လိုင်းသာတဲ့၊ဗာရာပြည်ကို၊ ချစ်ကြည်မြတ်လေး၊ တဝက်ခွဲမ်းလို့၊ မင်းခမ်းပါပေးမဟဲ့၊ ဟိုဈေးကသပြာ၊ ပဲဝက်ဟာကို၊နေပါစေတော့၊ အစတုံးအောင်၊ စိတ်လုံးလုံးလျှော့ပေရော့၊ ရွှေနန်းကြော့ စည်းစိမ်၊ ပြည်တခွဲမ်းပေါက်၊ လျှမ်းလျှမ်းတောက်တဲ့၊ မြောက်စံအိမ် ၃၅ မှာ၊ ချမ်းငြိမ်ကြက်သရေ၊ အိမ်ရွှေမင်းအရာနှင့်၊ ကြီးကျယ်စွာ နေပေတော့၊(ပြေ)ကိုဝက်လို့ မင်းဖက်ပြုမည်ဟဲ့၊အရပ်သား။

ရေသည်အရပ်သားတင်။ ။တင်ပါသည်ဘုရား။သနားတော်မူ၊ အိမ်ရှေ့အရာ၊မင်းချမ်းသာကိုလဲ၊ဝမ်းမြောက်စွာယူပါမည်၊ရေကြည်ရောင်းခ၊အဖိုးရတဲ့၊ငွေစလေးရွေး၊မြို့ရိုးကြားမှာ၊ သူနေရှာတဲ့ ဟိုဟာကလေးကိုလဲ၊ပြေး၍ယူချင်လှပါသေးသည်။အထည်အထုပ်၊ငွေစသာဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေး၍ပင်ပျောက်ကတဲ၊ မထောက်မရှု၊အနည်းငယ်မျှရယ်လို့၊တယ်ကရမပြုသင့်ဘူး၊ ဝဏ္ဏကြာ

www.burmeseclassic.com

www.burmeseclassic.com


မဂုဏ်၊ငွေစနှင့်ကြို့သောအခါ၊ အာရုံကို ဖြတ်နိုင်ခဲလှပါသည်၊ ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ကမ္ဘာ့ရှေးလမ်း၊ နီတိကျမ်းနှင့်၊ ထုံးတမ်းညီညွှိ၊ မင်းကိုလိုက်တတ်၊မင်းကျိုးနပ်တဲ့၊ မတ်ကပိတ္ထိ–ငါ့ကြေရာဇ်မင်းမြတ်သည်။ သဗ္ဗညုဉာဏ်၊ မြိုက်နက်တန်ကို ၃၆၊ ထဲသန်ရည်ရော်၊ ရကြောင်းမြော်၍၊သူတော်ပီပီ၊ ဘုရားလောင်းတို့၊ ထုံးဟောင်းကိုမှီပြီးလျှင်၊ပါရမီသုံးဆယ်၊ ကျင့်ထုံးနွယ်ဟု၊ သုံးသွယ်စရိယ၊ စွန့်ခြင်းငါးရပ် ၃၇၊ ဗောဓိသတ်တို့ ၃၈၊ မြတ်စာဂကို၊အရလှမ်း၍၊ မဂ်ငြမ်းထူတော်မူတော့မည်။ သည့်ဆင်းရဲသား၊ မျိုးမမြတ်တဲ့၊ လူကပ်ပါးကို ၃၉၊ သနားကြင်နာ ဧည်ရွှေအပ်နှင်း၊ကြီးကျယ်ဝင်းတဲ့၊မင်းချမ်းသာကို၊ညာဇမ္ဗူမော်၊ သောင်းလုံးကျော်အောင်၊ ဆုတော်ပေး၍၊ အရေးလွှဲတော်မူလိုသည်။ ထီးစည်ဝေယာဉ် ၄၀၊ ထမ်းစင် မင်းခမ်း၊ ဧည်ရွှေမင်္ဂလာ၊ ဆောင်နှင်းရာတဲ့၊ စာ စာတမ်းများကို၊ ရုံစမ်းဆင်ခြင်၊ဧည်ရွှေအပ်နှံ၊ မိုလ်ပေါင်းရုံ၍၊ သကြွန်ယင် ၄၁၊ မြောက်တင်ခြီးမြှင့်ကြရမည် မှူးမတ်များ။

ဧည်ရွှေမင်းအဖြစ်သို့ ရောက်၍၊ပြည်ကို တဝက်စံ။

ဧည်ရွှေမင်း ဆိုရန်စကားမှာ–

ရာဇဝသတီ၊ကျမ်းဂန္ထိနှင့်၊အညီမလွန်၊ငါ့ထံနီးရင်း၊ဉာဏ်ကျယ်(ဝင်း)တဲ့၊ အတွင်းဝန်တ္တ–ဖုန်းဝှန်ဘုရား၊ ဇမ္ဗူသနင်း၊ တဆူချင်းတဲ့၊ ထွတ်မင်းဖျားက၊သနားကြည်ဖြူ၊ မြှောက်စားတော်မူသောကြောင့်၊ ကြီးထူစည်းစိမ်၊စံရွှေဧည်နှင့်၊ ချမ်းငြိမ်ကြည်မြေ့၊ တန်ခိုးတွေ့၊ ဧည်ရွှေအရာရပေပြီ။ သိင်္ဂီသော်မှော် ၄၂၊ ရွှေဧည်ပေါ်မှာ၊ ဖြေဖျော်စေရန်၊ဧည်ရွှေမိဖုရား၊ ခြီးမြှောက်စားလို့၊ ထားထိုက်တန်တဲ့၊ ဖုန်းကံဆောက်ဦး၊ရှုံလောက်သူကို၊ ရွေးယူတိုင်းထွာ၊ လိုက်၍ရှာသော်၊ သံသရာရှေးဟောင်း၊ ဘဝပေါင်းက၊ ဆုတောင်းပါကြ၊ နန်းတော်ရွှေဝယ်၊ရေရောင်း(လယ်)တဲ့၊ ရေ(သယ်)မနှင့်၊ ချစ်စလက်ဟောင်း ရှိခဲ့သည်။ရေကြည်ရောင်းသူ ရှေးအထက်က၊ အသက်အသွင်၊ ငါချစ်ခင်တဲ့၊ကြင်သည်းအရှုကို၊ဇမ္ဗူမင်းစံ ၄၃ ရွှေပိန်းမံတဲ့၊ယာဉ်ပျံပေါင်းချုပ်

www.burmeseclassic.com

www.burmeseclassic.com


ထိန်ထိန်ညီးအောင်၊ ထီးကျိုင်း ၄၄ အုပ်၍၊ ကိုယ်လုပ်တော်များ၊ ရံရွေးပေါ်နှင့်၊ ရွှေးတော်နားတွင်၊ သွား၍ဆောင်ချေရမည်၊ အတွင်းဝန်တို့။

မှူးမတ်တို့ ထွက်သွား–မေးမြန်း–စုံစမ်းရှာဖွေ၍ ရခဲ့သဖြင့်၊အိမ်ရှေ့မင်းထံသို့ရောက်၍၊ ဝမ်းမြောက်ဝမ်းသာ ကြင်နာ စုံမက်ခြင်းရှိသည်နှင့်အညီ၊ ၎င်းရေသည်မကို အိမ်ရှေ့မိဖုရားအရာ၌ ထား၍၊စံစားပျော်ပိုက်ကြလေ၏။

အိမ်ရှေ့မင်းဆို။ ။အတွင်းဝန်တို့–အလွန်တရာ၊ ရခဲစွာတဲ့၊ မဟာဥပရာဇ် ၄၅၊အရာစည်းစိမ်၊တန်ခိုးရှိန်နှင့်၊ အိမ်ရှေ့မင်းဖြစ်ပေပြီ။ သို့ကတဲ၊ငါ့ဝမ်းထဲမှာ၊အခဲမကျေ၊ ပဲဝက်ငွေကြောင့်၊မနေနိုင်အောင်ရှိခဲ့သည်။အတည်တည်အဝဝ၊ ငါ့ကိုယ်အားကို၊တရားချ၍၊မရနိုင်ပါ၊ ပဲဝက်ခန့်မျှ သည်ငွေစကို၊ မတန့်လို့၊ တကဲ့သဘော၊ ငါ့ရွှေနားက၊ ဘုရားမတ်မတ်၊ စက်ရုံ ၄၆ ရပ်၍၊ အတပ်ပင် ဟောကတဲ၊ သည်ဇောကိုအဟုတ်၊ ငါမချုပ်နိုင်ဘူး၊ အုတ်မြို့ရိုးကြား၊ ငါ၄က်လို့ထားခဲ့တဲ့၊ ငွေသားသပြာ၊ ပဲဝက်ဟာကို၊ ကြာ–မဖြစ်ဖူး၊ သူတကာဦးရေ့မည်၊မှူးမတ်များက၊ရထားဆင်မြင်း၊တပ်တော်ခင်းပေရော့၊ချက်ချင်းထ၍၊ငါကိုယ်တိုင်ယူတော်မူမည်၊အတွင်းဝန်တို့။

အိမ်ရှေ့မင်း ပဲဝက်အသပြာကို၊အယူသွား၍အပြန်တွင်၊၎င်းအိမ်ရှေ့မင်းနှင့်တကွ၊ မှူးမတ်ဗိုလ်ပါ၊ မောင်းမမိဿံခြံရံလျက်၊ မင်းကြီးဥယျာဉ်သို့ ထွက်တော်မူလေ။

ဥယျာဉ်သို့ရောက်လျှင်၊ မှူးမတ်ဗိုလ်ပါ မောင်းမမိဿံတို့ အလိုရှိရာ အရပ်သို့သွား၍နေကြစဉ်၊ အိမ်ရှေ့မင်းက ဆိတ်ငြိမ်သည့်အခါကိုရ၍၊မင်းကြီးကိုသတ်ပြီးလျှင်၊ဗာရာဏသီပြည်ကိုမင်းတယောက်တည်း ပြုမည်ကြံရာ။

အိမ်ရှေ့မင်း ဆိုရန်စကားမှာ–

သည်တခါဖြင့်၊ငါသည်းနန်းလောင်း၊၄၇ ငါ့အကြောင်း၊ဆုတောင်းတိုင်း (ပြေ့)၊ နန်းဦးကိုင်ကို၊ပိုင်ပိုင်ကြီးတက်ရအောင်၊ ချက်ကောင်းကိုတွေ့ပြီ။ ဖုန်းပေ့ ၄၈ ဘုရား၊ငါ၏အားကို၊ ကိုယ်စားထပ်၍၊ ယုံကြည်တော်မူသောကြောင့်၊ သက်ရှူဖြောင့်ဖြောင့်၊ စိုးမနှောင့်ဘဲ၊ ငါ့

www.burmeseclassic.com

ပေါင့်ထက်မှာ၊ စက်တော်ခေါ်လို့၊ ပျော်တော်မူရှာလေသည်။ ဗာရာပြည်ငယ်၊ ဇင်ဂလယ်ကလေးကို ၄၉၊ နှစ်နယ်ခွဲလို့၊ သိမ်ဖွဲ့သေးနုပ်၊ မင်းနှစ်ယောက် လုပ်ရတယ်၊ပိတ်ရှုပ်စရာ၊သည့်တခါဖြင့်၊ဗာရာပြည့်ရှင်၊ ငါ့လက်ထဲသို့၊ မခေါ်ဘဲဝင်လာပေါ့။ မင်းပိတုန်းရောင်၊ မြကေသျှာင်ကို ၅၀၊မြအောင်ခိုင်ခိုင်၊ ကြပ်ကြပ်ကြီးကိုင်လို့မို့၊ လည်တိုင်ဆတ်ဆတ်၊ သန်လျက်နှင့်ဖြတ်ရလျှင်၊ ပတ်တိတ်လို့ပိမ်း၊ တဖက်ရန်ငြိမ်းရော့ပ၊အုပ်ထိန်းနိုင်ငံ၊ ရွှေနန်းလွတ်ရုံး၊ တိုင်းပြည်ပါကျုံး၊ပြီးလျှင်၊ ငါလုံးလုံးစံရအောင်၊ အကြံမြောက်စေတော့မည်လေဟယ်။

ဩဗ်–ငါကြံတဲ့အခွင့်၊ လမ်းပမ်းဖြင့်သင့်လှပေါ့၊ ခြင့်ခြင့်နှိုင်းနှိုင်း၊ ပြန်လှန်ထောက်လို့၊ ရွှေနောက်ကို တိုင်းလိုက်လျှင်၊ ရိုင်းနိုင်မှုအမှု၊ငါလူစတုံး၊ လူအဆုံးကို၊ဖုန်းဘုရားသူကောင်းပြုလို့၊ အတုအပ၊ဒွိမ်ရွှေနန်းဆက်၊ စည်းစိမ်နက်နှင့်၊ ပြည့်တဝက်ရပေတယ်၊ အနန္တကျေးဇူးရှင်ကို၊ သို့စင်ရက်စက်၊ခင်ပွန်းဖျက်လို့၊ ဝက်စားကျင်းကော် ၅၁၊ပြုချေသော်၊တော်နိုင်မယ် မသင်ပါဘူးလေဟယ်။

ဟယ်–ယောကျ်ား၊တရားဆက်ဆံ၊သူတော်ကောင်းသဘောနှင့်၊ လောကကိုကြံလျှင်လဲ၊ ပစ္စုပ္ပန် အကျိုးဆက်၊ စီးပွါးရေးပျက်တတ်သည်။ရက်ရက်ရောရော၊ကျေးဇူးမမြော်၊အခွင့်တော်လျှင်၊ကိုင်သော်ကောလို့၊ တွေးတောမထောက်၊ ပေါက်ပေါက်ရှရှ၊ တောနိုင်တဲ့လူမှဘဲ၊ ယေဘုယျအား ၅၂၊ကြံရွယ်ဆောင်လို့၊ အောင်သူသာ များတတ်တယ်၊ တပါးတည်းပိုင်ပိုင်၊ ဧကရာဇ်မင်းခမ်းနှင့်၊ ရွှေနန်းကို ထိုင်ရအောင်၊ချိုင်လိုက်တော့မည်လေဟယ်။

ဩဗ်–မတော်လွန်းပေဘူး၊ ရွှေစွန်းနောက်စ၊ဆင်ခြင်လို့ဆလိုက်လျှင်၊ဒုက္ခတကြီး၊အထိုးကျန်ခဲ့ ၅၃၊ကိုးရာမဲ့၊ ရတ်ပဲ့ချွတ်ခြုံ၊ ငါကဲ့သို့လူပုံကိုပင်၊ကြည်ယုံစိတ်တော်၊နောင်ရေးမြော်၍၊သူတော်သူကောင်း၊ မြတ်ဆုကိုတောင်းပေတဲ့၊ ဘုရားလောင်းကျေးဇူးရှင်၊ဆယ်ကယ်တင်လို့၊ သို့စင်ကြီးလှ၊ ဒွိမ်ရွှေဥပရာဇ၊ စည်းစိမ်နှစ်ကို၊ ငါစင်စစ်ရပေတယ်၊ဘဝသခင်၊ ကျေးဇူး (ရှင်) ကို၊ အရှင်မထား၊ သတ်တော့မည့်အကြံနှင့်၊ ကျင့်ဖောက်ပြန်မှားချေက၊ ဘုရားကိုသတ်သကဲ့သို့၊ ကပ်

www.burmeseclassic.com

www.burmeseclassic.com


ကမ္ဘာအနန္တတွင်၊ မလွတ်ရအမြဲ၊အစိုးစိ အောက်ထပ်မှာ၊ချိုးကပ်လို့ ဖွဲ့ရေ့မယ်၊ငရဲကိုကြောက်၊ကျေးဇူးကိုထောက်ပြီးလျှင်၊ ဆင်ခြင်ဦးမှ တော်ချည့်မလေ။

ဟယ်ယောက်ျား၊လူ့ပြည်များမှာ၊မျောက်သားခင်မင်၊ စားသောံ ချင်မင့်၊အတွင်းသာပြု၊ မျောက်မျက်နှာကို၊ ဘဟာတွက်ရှုတော့မလဲ၊ ကျေးဇူးရှင်သော၊ သခင်သော၊ မထောက်မထား၊ ပေါက်တိုင်းစားမှ၊ အမှုသွားချောတော့မယ်၊ ဒလဟောမလွတ်၊ ကြက်မခွပ်သလို ၅၄၊ ရွတ်ရွတ်ချွံချွံ၊ မကြံဘဲညှာလိုက်လို့၊အခါလွန်လျှင်၊ ကိုယ့်ဝန်တစ်၊ခွင့် မတော်ကိုယ့်ပေါ်မှာပိရေ့မယ်၊တိကနဲဖြတ်၊ဦးခင်အောင်သတ်လိုက် မှ၊ တဇာတ်ပြောင်း၍ ၅၅၊ သူကောင်းဖြစ်တော့မယ်လေဟယ်။

ဟာ–မကောင်းဘူး၊စိတ်မကူးနှင့်၊ကျေးဇူးကြီးမား၊ စင်ကြယ်သန့် ရှင်း၊အပြစ်ကင်းတဲ့၊ မင်းတကား၊ တရားမထောက်၊ ပျက်ချော်ယွင်း ပါး၊စင်းလုံးချွတ် ၅၆၊ကြံမိငြားလျှင်၊မှားလို့သာ မှောက်ကရေ့မည်၊ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊တိုင်းထွာဦးမှ ကောင်းမလေ။

ငို။ ။အမယ်မင်း ချွတ်ယွင်းတိမ်းပါး၊စင်းလုံးကျွတ် ၅၇ မှားပေါ့ဟဲ့၊ ဘုရားတဆူ၊လုံးတော်ဖြူပါတဲ့၊ ဇမ္ဗူလုံးသခင်၊ ကျေးဇူး (ရှင်) ကို၊အ ရှင်လတ်လတ်၊သန်လျက်နှင့်ဖြတ်မယ်လို့၊ မအပ်မရာ၊ကြံမိချက်ကယ် နှယ်၊ပက်စက်ရှာလေတယ်၊ စိတ်ဖြာစေ့စေ့၊နောက်နှင့်ရှေ့ကို၊အောက် မေ့လိုက်က၊ငါ့ဖြစ်ချက်ကို၊ကြက်သီးထပါဘိ၊စိတ်ချပေါ့တခါ၊မကြံပါ ဘူး၊သုံးခါလုံးလုံး၊ယူကျုံးမရ၊မှားမိတဲ့ကိစ္စကို၊ဖုန်းဘုရေ့ထံ၊သဘော ရိုးဖြန့်ပြီးလျှင်၊ မာန်ခွယ်ကိုချိုး၊ အသနားခံ၊ ရှိခိုး တောင်းပန်ရတော့ မလေ။

သဖြန်ဒွေးချိုး။ ။ကြံချက်ကယ်အို၊ ရမ္မက်ပိုသသေနိမှာလဲ၊ သံသရာ ခံရှာဘိလေ တော့၊စိစိအဆုံး ။နရက်ဘုံ၊မတက်ပြိုကမ္ဘာကုန်တော့၊တဏှာဟုန် သည့်ရမ္မက်ကယ် ကြောင့်။နှင့်ပုံမှာ၊ခွင့်ကြံချက်ကိုဟယ်၊အမယ်လေး တွေးစက်ပါအုံး။

ရှင်းသဖြန်လေးကြော့။ ။အဝိဇ္ဇာတဏှာဖုံးပါဘူ့၊အနိဋ္ဌာမသာဆုံးငယ်နှင့်၊ကမ္ဘာ လုံးတိုင်တော့မယ်။ ။ဘဝဟောင်းငယ်က၊ မကောင်းကံ၊ လောင်းဖန်တွက်ကယ်နှင့်၊ တစောင်းဉာဏ်၊ပြောင်းဆန်လို့ပွတ်သူမို့၊သည်သက်တွင်နှင်ကြံရပေပေါ့၊ ရှည်သက်ပင် သည်ပုံကျပါလိမ့်၊ ကြီးဒုက္ခသယ်။ ။ကျေးဇူးရှင် သူတော်မြတ်ကယ်က၊ ညီးတိန့်ထိန်၊



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်အစ်လျှင်ဘဲ၊ မကြံအပ်ကြံလေကယ်၊ မဖွယ်တဲ့နှင့်စိတ်တိုင်း။ ။ယုတ်ပလေ၊ ဖုတ်တရွှေ သဘက်မျိုးငယ်နှင့်၊ တိရစ္ဆာန်၊ ဟိတ်ကံညှိုးသော်မှ၊ နှင့်သဏ္ဍာန် ကြံမဆိုး တယ်ဟယ်၊အမယ်လေး တိုးဆယ်ဆရိုင်း။

မင်းကြီးကိုတင်ရန်။ ။ဗောဓိဆုယူ ၅ဂ၊ သဘောတော် ဖြူလှသည့်၊ဇမ္ဗူကျွန်းလုံးရှင်ဘုရား–ကျွန်တော်မျိုးသည်၊ မွဲရိုးမကာ၊ မွဲတေလှတဲ့၊ဒုက္ခိတအကောင်၊ ရှုးကြောင်ကြောင်ကို၊ ရွှေတောင် ၅၉ ကြီးသခင်၊ မြတ်ရာကိုတင်သောကြောင့်၊ သို့စင်အထူး၊ ဇိပ်မက်တွင်မှ၊ မမြင်ဘူးတဲ့၊ကျေးဇူးကြီးလှ၊ ဇိမ်ရွှေအရာ၊ မင်းချမ်းသာကို၊ စိတ်လိုရာရပေတယ်၊မစခြီးပင့်၊ရာထူးမြှင့်တဲ့၊ ထမင်းသခင်၊ ကျေးဇူးရှင်ကို၊ သုတ်သင်သတ်ဖြတ်၊ ပြည်ကိုပိုင်နှင်း၊ တပါးချင်း၊ မင်းတံဆိပ်ခတ်မယ်လို့၊ မအပ်မရာ၊ သုံးကြိမ်တိတိ၊လောဘငြိ၍၊ကြံမိတာကို၊ ထွတ်ချာဖုန်းလျှံ၊ကျွန့်ထိပ်ပန်၊သည်းခံတော်မူပါ ရွှေနန်းရှင် ဘုရား။

မင်းကြီးဆို။ ။ဗာရာအောင်ခန်း၊ ပြည်တခြမ်းကို၊ သိမ်းမြန်းစိုးမှုး၊သမ္ဘာထူးသည့်၊ ကွန့်မြူးဖုန်းရောင်၊ ဇိမ်ရွှေမောင်–ရွှေတောင်နန်းဖွား၊နွယ်မပြားတဲ့၊ ညီသားကောန်၊ မဟုတ်မှန်လျက်၊ တရံတွေ့လူ၊ မဆိုင်သူကို ကြည်ဖြူမြတ်လေး၊ ထီးစည်ကြငှန်း၊ ပြည်တခြမ်းနှင့်၊ မင်းခမ်းကိုပေးသေးသည်၊ကျေးဇူးသခင်၊ ငါဘုရင်ကို၊လုင်မဖြစ်မှားသင့်ဘူး။သူတထူးက၊ပျံပျူးသာညောင်း၊လို၍တောင်းလျှင်၊ဦးခေါင်းတော်မြတ်၊ မြဉ္စက္ကဌ်ကို၊ ဖြတ်၍ကောန် ငါလှူမည်။ ဖုန်းစည်သနင်း၊ ငါသည့်မင်း၏၊ရင်တွင်းသည်းချပ်၊ မနောခတ်ကို၊ဖြတ်၍ပေးပါ၊ တောင်းသူလာခဲ့စေ၊မျက်နှာမနွမ်း၊ရင်တော်ကိုခြမ်းဖြီးလျှင်၊ ချိပ်ပန်း ၆၀ သွေးရှင်၊ရွှေရင်ချပ်ကို၊ဖြတ်ခါတွင်၊လျှင်လျှင်ငါလှူဒါန်းဝံ့သည့်။ရွှေပြည်ကြီးနတ် ၆၁၊ဘုရားပညာ၊ရကြောင်းရှာတဲ့၊ ငါမင်းမြတ်ကဘဲ၊ သတ်၍အသုံး၊ယူရ(အုံး)မလား၊ လုံးလုံးပိုင်လို၊ အမောင်ဆိုလျှင်၊ ပဟိုရ်ထီးစည်၊ တိုင်းပါပြည်ကို၊ မရှည်ရက်ချိန်း၊ ယနေ့သိမ်း၍၊ အုပ်ထိန်း အမောင် စံလေတော့။ စိတ်လျှော့မာန်ပျောက်၊ မောင်မင်းအောက်က၊ လက်ထောက်ငယ်သား၊ငါ့ကိုပင်ထားပါတော့၊ ခစားဝံ့ပါငဲ့၊ ဇိမ်ရွှေမောင်ငယ်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ရှေ့မင်းပြောဒို။ ။အမယ်မင်းငယ်မှ၊ ကြားရလေခြင်း၊ ရေသည်ကရှေ့ပါတဲ့၊ အိမ်ရှေ့မင်းငယ်၊ သတင်းအကြောင်း၊ သည်ဘဝအခွင့်မှာလဲ၊ မောင်မင့်းတွင် ကောင်းနိုင်ပမလား၊ ပြောင်းတုံဘဝ၊ တမလွန်သို့ကျလျှင်လဲ၊ မိဘအသွင်၊ ကျေးဇူးငယ်ပြန့်ပါတဲ့၊ ရာနန္ဒးရှင်ကို၊ မာန်ဝင်မျက်ငြိုး၊ အသေတောင် ပြုပေမည့်၊ မကောင်းမှု သည်အကျိုးကြောင့်၊ ရှည်တန်ခိုးပွင့်ပါလိမ့်။ ။ဘုရင့်မှန်ကူ၊ မြန်တဆူတွင်၊ ရန်မူရန်တုံ့၊ ပြန်မလှုံ့တဲ့။ ။စံဘုံ့သခင်၊ နန်းကြီးရှင်ကို၊ နင်မို့မထောက်၊ ရေသည်ငမွဲ၊ အတင့်ငယ်ရဲလို့၊ နင်အကဲ ရောက်ပါဘိ၊ နောက်ကိုတခါ၊ ရှေ့မျက်နှာကို၊ မော်ကာမရှုံ၊ နင်ရှုဝံ့ပါဦးမလား၊ မတွန့်သို့စင်၊ နင်ပြုအင်ကြောင့်၊ ယခုပင် နန်းကိုနှင်းပါပေါ့၊ ထီးရှစ်ဆူ၊ ရိပ်ဖြူကျင်းပါလို့၊ အမယ်လေး ဘုရင်မင်းလုပ်ပါဦးတော့လားဟဲ့ ရေသည်ရဲ့။

သမြန်ဒွေးချီးဒို။ ။အခြေငယ်တွယ်၊ ငရေသယ်တသိန်မွေ့ပါတဲ့၊ အိမ်ရှေ့ကိုအမှန်ရလျှင်တဲ့၊ ဉာဏ်ကတန်။ ။ကျေးဇူးရှင်၊ ရေးမှုငယ်မြော်မမြင်လို့၊ မိုက်ဉာဏ်ဝင် နင်တန်ချက်ကိုလ၊ ကမ္ဘာဘာ စဉ်အဆက်မှာဟယ်၊ အမယ်လေး ထုံးပျက်နိုင်ခဲ။

ဒိုပြန်၊ သဖြန်လေးကြော့။ ။လူတို့ပြည် ဆိုစရိုးမှာလ၊ မဲဝတ်ထည် သည်ပုဆိုးငယ်က၊ ပိုးကလေးတဲ့ပေါင်လိုက်ချင်။ ။ပိုးပေါင်ကို ဝတ်ဆင်မြန်းရလျှင်၊ ကျစ်စုံကို သစ်ခုံလှမ်းပါလို့၊ မှန်းပေါ့စိတ်တွာ။ ။သစ်တပုံ၊ ကျစ်စုံကသော်မှ၊ လှစ်တဂဏ်၊ ဖြင်ပုံရပြီလို့၊ ကုန်ငွေသပြာကြေးငယ်နှင့်၊ သူဌေးဖို့စိတ်ကြီးဝင်။ ငွေးပြန်ယှဉ် ရွာစား။ ။ရွာရှင် မင်းငယ်ကလေ၊ သတင်းငယ်ဂုဏ်တံခွန်နှင့်၊ အတွင်းဝန် အိမ်ရှေ့နတ်ပေပ၊ ဘုရင်တိုင်အစဉ်မှတ်ပါတော့၊ ငရေသည် လူဆန်ပြတ်မှာပါယ်၊ အမယ်လေး နည်းထပ်မခြား။ ။ (ဤစာ-အနက်ကောင်း၏။)

ဧင်းသဖြန်လေးကြော့ သံဝေဖွဲ့ပုံ။ ။ညွန်တဏှာတွယ်ရမ္မက်ကိုလ။ လွန်မသာ ပယ်မထွက်နိုင်လို့၊ နွယ်အဆက်ရှည်လှချေ။ ။ရုပ်အဆိုးငယ်ကြောင့်၊ ထုပ်ပိုးကာလုံ့ခွာထပ်ပါလို့၊ ကာမဘုံရာဂမ္မတ်ကယ်တို့၊ စွဲကပ်ထွေထွေ။ ။တဏှာကို ဘယာတွက်ကယ်လို့၊ အသာပင် ခွါမထွက်နိုင်ဘူ့၊ ဗျာရမ္မက်ဖြိုးလို့ဝေ၊ မသေကြပြီမေနှမ်း။ ။လောဘငယ်ထူ၊ ဒေါသတွေကမ္ဘာဆူလို့၊ မောဟမူ ဇာအစိဇ်ငယ်ကြောင့်၊ ကိလေကို တိချေရိတ်တော့မယ်ဗျာ၊ အမယ်လေး ကျွန်းထိပ်သောင်ကမ်း။

အိမ်ရှေ့မင်းဆို။ ။သံသာကမ်းရပ်၊ ကူးမြောက်ခပ်၍၊ မြတ်နိဗ္ဗာန်ပြည်၊ ဖိုးအံ့ရည်သည်၊ ဖုန်းစည်ထိပ်ခေါင်တင်ဘုရား။ ကျွန်တော်မျိုးသည်၊ ကိုးဌာနဘုံ ၆၂၊ လောကသုံးဖြာ ၆၃၊ သတ္တဝါတို့၊ တဏှာချုပ်ပု၊ ကာမဂုဏ်ငါးရပ် ၆၄၊ ဥပဒ္ဒဝေါ ၆၅၊ သစ်ကျွားပေါတဲ့၊ တောမြောင်ချပ်မှာ၊ ချဉ်းကပ်လွှန့်လွှန့်၊ မနေဝံ့ပြီဘူး၊ လေးကျွန်းဥတ္တဌ်၊ မင်းမန္တာတ်သည် ၆၆၊ နတ်တို့စည်းစိမ်၊ တာဝတိံနှ်ကို၊ ဒေဝိန် မြတ်ရေး၊

www.burmeseclassic.com



တဝက်ပေးလို့မှ၊ ပေးရာတွင်မရပ်၊ သိကြားနတ်ကို၊ သတ်၍ယူမည်၊ အကုန်မှူးချင်လို့၊ ကြံဘူးသည်။ အောက်ပြည်နရက် ၆၇၊ သည်ကတက်၍၊ဘဝင်တိုင်အောင်၊ တဏှာလောဘ၊ ကျယ်ပြောလှတဲ့၊ ဘဝဘောင်ကို၊ပုပ်ပဟောင်နံညှီ၊ နှလုံးနောက်လို့၊ ကြောက်လှပြီ၊ လောကီအာရုံ၊ကာမဂုဏ်မှာ၊ပုံဥပဒေ၊ ကျစ်တွင်းရေသို့ ၆၈၊ သောက်လေသောက်လေ၊ငတ်မပြေဘူး၊ဇေးထွေမနောက်၊လေးမင်ရေကို ၆၉၊ ရှာဖွေလို့သောက်ရမှ၊ ဝမ်းမြောက် ရွှင်ပြုံး၊ ရေငတ်စ တုံးတော့မယ်၊ ဗုန်းဘုရားစည်းစိမ်၊ ဘုံကြငှန်းနှင့် နန်းရွှေအိမ်ကို၊ ကြိုးလိမ် ထူးပတ် ၇၀၊ ထောင်တန်း ၇၁ လောက်မှတ်ပြီမို့၊မမြတ်နိုးချင်၊လက်ငင်းချဘဲ၊ လျှော်တေလဲလို့၊ မြိုင်ထဲသို့ဝင်ပါတော့မည်၊ ထိပ်တင်မင်းမျှော်နောင်ဘုရား။

မင်းကြီးဆို။ ။ဥပရာဇ်ဟု၊ဆုသစ်မြဲနှောင်၊သမ္မာကြွေ့တဲ့ အိမ်ရှေ့မောင်ငယ်။ ။လူ့ဘောင်လောက၊တဏှာဝန်ကို၊ကြောက်ရွံ့လှ၍၊ ဒုက္ခအစု၊ ထိုတဏှာကို၊ ဘယာရှုလျက်၊ယခုစိတ်ချ၊ နိက္ခမဖြင့်၊ကိစ္စပြီးစေ၊ကြံပချေ၍၊မှန်ပေသမှု၊ မြာ်ရာဆုငယ်မို့။သာဓုခေါ်သင့်လှပေသည်။ လူ့ပြည်၌ဖြစ်။ စည်းစိမ်နှစ်ကို။ ယစ်သူသားများ။ သတိအားဖြင့်၊ တရားပိုက်သူ။ရှားသသူကြောင့်။ပွါးယူမြဟ္မစိုရ်။ သဘောကိုယ်နှင့်။ တောခိုမည့်ကိစ္စကို။ တဝတည်းခွင့်တော်သာလိုက်ကဲ့။မြတ်ရာသို့လှမ်းလေတော့။အိမ်ရှေ့မောင်ငယ်။

အိမ်ရှေ့မင်းကန်တော့။ ။မှန်လှပါ ကျေးဇူးသခင်။မြတ်အရှင်ကို။ ကြည်လင်ညွတ်ပြေ့။မာန်ဖြေလျှော့၍။ကန်တော့ ပူဇော်ခဲ့ပါသည်။ကျေးသမျှဒဏ်။ သုံးပါးကံကို။သည်းခံတော်မူပါတော့ ဘုရား။

မင်းကြီးဆုနှင်း။ ။သာဓုသာဓု။မြတ်သောဆုနှင့်။ ယခုပြည့်စုံ။တရားလှူ၍။ ပွါးထုံဘာဝနာ။ ကိုယ်စိတ်ဝမ်း။ လွှန်ချမ်းသာလျက်။ မှန်းရာတိုင်း ပေါက်ပါစေ။ အိမ်ရှေ့မင်းမောင်ငယ်။

အိမ်ရှေ့မင်းက၊ တောထွက်မည့်အကြောင်းကို၊ အိမ်ရှေ့မိဖုရားအားခေါ်၍ ပြောသည့်အခန်းတွင်၊အိမ်ရှေ့မင်းဆိုရန်စကားမှာ–

မျက်ရှင် မြစိန်၊ လှတာသိန်နှင့်၊ မြောက်အိမ် တော်စံ၊ အလျှင်းမထောင့်၊သီတင်းစောင့်တဲ့၊မောင့်သက်နှံ့ငယ်–အကြံ့ယွင်းပါး၊မှားခြင်းကြီးမှားခဲ့ပြီ၊ ဘုရားတဆူ၊ ဗုဒ္ဓက်၂ ၇၂၊ဇမ္ဗူလုံးထိး၊ ကျေးဇူးသခင်မြတ်ရာတင်တဲ့၊ရှင်မင်းကြီး၊ကြက်သီးထဖွယ်၊ပြည်ကိုလုယက်၊နန်းဦး

www.burmeseclassic.com



ကိုတက်မည်ဟု၊ အသက်ကိုရှယ်မိတယ်။ ဖွယ်၊ ရိုင်းပလေ၊ လူ့တိုင်း (ပြေ) မှာ၊နေမှ်မကောင်း၊ ရွှေရင်ကြွားကို၊ ခေါ်နှင့်မွေ့လို့၊ သေမှိုသာကောင်းတော့တယ်။ တောင်းတောင်းပန်ပန်၊အကြောင်းကိုဖြန်သော့အခါ၊ သည်းခံသည့်ပြင်၊ဖုန်းရှင်ပင်က၊ကြင်သနားလို့၊ငါ့အားပြည်လုံးနှင်းသေးတယ်၊အံ့ဖွယ်သရဲ၊ရာဂါမြူမှုင် ၇၃၊စွန်းမထင်တဲ့၊ ရွှေစင်ခဲကို၊ ရိုက်မဲတွေဝေ၊မှားမိချေ၍၊ နေမဖြောင့်ပြီ၊တဏှာမစပ်၊အာရုံဖြတ်လို့၊ မြှင်ရပ်ကိုမှီတော့မယ်၊ သာကီလုံ့းမျက်ဖျော် ၇၄၊ ဟ်မနော်မှာ ၇၅၊ အိမ်တော်သာ စံရစ်တော့မအေငယ်။

အိမ်ရှေ့မိဖုရားဆို။ ။အော်ကြုံရပလေ၊မဲ့ကေရှင်မှာ၊သဇင်လိုကုံးပါတဲ့၊ဖုန်းမြဲဆွေငယ်-တောခြေမြိုင်ဝ၊ ကိုယ်တော်မြတ် ကြွခဲ့လျှင်၊ ဟ်မနော်နတ်၊တညှိုးခွေခွေ၊ ဘယ်ပုံနှင့်ဖြေရမယ်၊အနေတော်ကစ်တော့မပ၊ မအပ်တဲ့စကား၊ ကြောက်ပါဘိ-နားရှိလို့ကြားရတယ်၊ပတ္တမြားအပွင့်၊မြကေဆင့်၊မေခင့်လည်ဆွဲ၊ ရဝေရိပ်ကြာ၊ရွှေလိပ်ပြာ၊သေခါမှခွဲမယ်လို့၊စွဲမိတဲ့သခင်၊ လေနွဲ့မည်စိုး၊ရွှေသဲမှာပျိုးပါတဲ့ ၇၆၊မညှိုးပင်ကို၊ရှင်ကွဲဘဲ့နှယ်၊မသေဘဲနှင့်၊ခွဲရမယ်၊ဖုန်းကြွယ်ရွှေကိုယ်၊ မြိုင်ဦးမှာခိုခဲ့လျှင်၊ ငြိုငြင်နွမ်းညစ်၊ မျက်စေ့သူငယ်၊ သူ့တိုင်းလယ်မှာ၊ မယ်နေရစ်ပါဘူး၊လမ်းဆစ်တဲ့မြိုင်ပေါ်သို့၊ကိုယ်တော်နှင့် လိုက်ပါတော့မည်ဘုရား။

အိမ်ရှေ့မင်းဆို၊ သဖြန်စည်းလွှတ်။ ။ရဝေမှာ၊နေ့ရှာရစ်တော့ကွယ်၊ တခွေလျှာ၊ မေမာစေကယ်သို့၊ သေလာသစ်ခိုတော့မယ်။ ။ဖေါ်နှစ်ဝငယ်နှင့်၊ ပျော်ကြရန်တော်မသင့်လေဘူး၊စံအိမ်မှာလျှံသိန်မြင့်ပါလို့၊ညီးထိန်ထိန်၊စည်းစိမ်တင့်တယ်၊ ကဲဆင့်သွယ်သွယ်။ ။ဖေါ်အစုံ၊ဇော်မှုန်နှစ်မှာလ၊ ကာမဂုဏ်၊ အာရုံသစ်ကယ်နှင့်၊ ပျော်ရစ်တော့မောင့်သက်လှယ်၊ လိုက်မယ်လို့ကြံသင့်ဘူး။ ။နိက္ခမံ၊ ဆိတ်အညံလိုစတောင်းငယ်မို့၊ ခိုအောင်းရန် တကိုယ်ရေပ၊ ဖေါ်ခြွေရွှေမစုံသင့်ပါဘူး၊ ဟေမဝါ-ဟေလာမြင့်မှာမေ၊ ဖုန်းခင့်ကိုထူး။

အိမ်ရှေ့မိဖုရားဆို၊ဘဖြန်ဒွေးချိုး။ ။မိန့်ပလေ၊သိန့်တခွေမြတ်ရှယ်ဆုငယ်က၊ မယ်ခုပင်ရွှေရင်တုန်လှချည့်၊ ကြံပုံသဘော။ ။စိမ်းရက်အင်၊တိမ်းချက်ကယ်ကိုယ်တော်လျှင်လို့၊ချစ်မကြင်ပြင်ပြင်မုံးနိုင်ပေ့၊ မခေါ်ချင်၊ လော်စင်ကုံးငယ်ဖေ၊အမယ်လေး၊ဖုန်းသည်ကိတ်စော။

www.burmeseclassic.com

www.burmeseclassic.com

ငိုပြန်၊လေးကြော့။ ။လိုက်ပါရစေတော့လား၊ထိုက်သမျှကျင့်မြိုးခြိ။ ။အေးအတူပူအမျှသာပ၊ လေးတမူခြုမခပါဘူး၊တိုးဆဆယ်ပြန်။ ။ဘွေပူကိုဖေသူမြန်းလျှင်လ၊ ဆွေတမူ၊ရေပူလှမ်းပါလို့၊ ရေချမ်းနှင့်အတန်တန်၊ သခင့်ထံညွတ်ရှုး။ ။မယ်မဒ္ဒီ၊ဆွယ်တညီသမ္ဘူလငယ်နှင့်၊မယ်ပါရီတူတမျှသာဗ၊သီးချိုချဉ်၊ ခိုဝင်ခတယ်ဖေ၊ အမယ်လေး၊ ရှေးသူများ ထုံး။

အိမ်ရှေ့မင်းကာ၊ဘောလယ်ဘောက်၍ဆို၊တလှည့်စီ။

လိုက်အားတော်သန်၊ညက်စံဖြူဖြူဝင်းငယ်ကလေး။ ။ပိုက်ဖြားခေါ်ရန်၊သက်နှံကြုကြုညှင်းပါဘိလေး။

ခင်းဘယ်သို့မျှော်၊မခေါ်ဖျူးငြင်း၊ တင်းရွှေစိတ်ကယ်၊ မြိုင်ကြီးလေကန္တာဘွေလယ်၊ အိုရွှေကိုယ်လှမ်းမယ်လေး၊ဆန်းဥာဏ်ကကြွပ်။

မောင်ကြီးသက်လှယ်၊အိုခင်မယ်ငြင်းပါဘိ၊ စံအိမ်ကျယ်ဝင်းငယ်နှင့်၊သင်းရုံရွှေ၊များဗိုလ်ခြေငယ်တို့၊ မယ်ဘပါး၊အို-ခိုခစားပါလို့၊ဝပ်တွားကာ၊ စံရစ်ပ သက်လျှာသက်လျှာ၊ အိုစံရစ်ပ သက်လျှာသက်လျှာ၊မောင်တကိုယ်တမ်းငယ်လေး၊လှမ်းရန်ခွင့်သာ။

မိန့်ခွန်းတော်ချွေ၊ဗျာရွှေကမုဒ်ကယ်က၊ ခါခါမပွရှုပ်ပါဘိ၊ခွန်းချွေထုတ်သံ။ ။နိုက္ခမ်ကိုတဲ့ရိပ်ဟန်လား၊ အို-ဘယ်စိတ်ထားငယ်နှင့်ကြွသွားပုံ၊ ခင်လေးကမယုံ့တယုံ၊သည်ခင်လေးကမယုံ့တယုံ၊ထုံနံ့သာပေါ်တယ်လေး၊တောတွေကစုံ။

ဘောလယ်သဖြန်။ ။ဆန်းပွေလီ၊နန်းလေးကေသီနော်ဗျာ၊ အိုဒေဝီသက်ကယ်က၊ နာသာတွင်ခံရာခက်အောင်လို့၊ကြံမြွက်ထာလား။ ။လေးလေးမောင့်အပူ၊တွေးနှောင့်ငယ်တပြုပြုနှင့်၊ မြွေလေးပူရာနော်ဗျာ၊ အို-ကူတဲ့ကင်းငယ်သို့၊ နှောက်ရာမှာ၊ လှောက်ခါသွင်းတယ်လေး၊ ခင်းဟုတ်ကဲ့လား။

ဖုန်းမယ့်သခင်၊ထုံးလေးချွတ္ထင်နော်ရှင်၊အို-ဆိုမမိန့်ပါနှင့်၊ငိုလိမ့်မယ်ကုန်ကုန်ဟစ်ပါလို့၊ သုန်မေတ္တာကင်း။ ။ဆုံးသက်တိုင်၊ ဖုန်းလေးညက်ခိုင်နော်ရှင်၊အိုစမ္ပယ်နှစ်ကယ်သို့၊ မယ်ချစ်သူမောင်တဖေနှင့်၊ ရှောင်လေးမသွေနော်ရှင်၊ အိုသက်ပန်လုံးငယ်လေးဖုန်းမိန့်ခဲ့ရင်း။

ဖုင်းသဖြန်ဘောလယ်လေးကြော့။ ။ခုအခါကြုံတဲ့ခေတ်မှာလှ၊ဥပမာပုံစံနစ်ပေပ၊ အချစ်ကယ်တဲ့ ဟောကွေ့လယ်လယ်။ ။ခိုစလောက်ပါတဲ့၊ ရှုချောက်ကယ်အမြောင်မြောင်နှင့်၊ ဝိတောက်ချောင် တောင်ပေါ်ထက်မှာလှ၊ တယောက်မောင် ဖေါ်မမက်ပြီဘူး၊ တောတွက်တော့မယ်။ ။ရည်အမှန်၊ကြည်သန့်စိတ်ကယ်နှင့်၊စိဝရုံ၊ထည့်လှူ့ဖိတ်ပါလို့၊ သပိတ်ကိုတဲ့ပိုက်ခါလွယ်၊သားရေနွယ်ကိုတဲ့ရှာပါတုန်း။ ။တောရိပ်ကယ်နိုဇောစိတ်ကယ်တဖိုဖိုနှင့်၊ မယ့်မောင်ကို၊ တရွှေကိုက်မည်ကြောင့်၊ညာတဆွေ၊ ဗျာကေ စိုက်ကယ်လေး၊မင်းလိုက်ခဲ့အုံး။

www.burmeseclassic.com

www.burmeseclassic.com



နောင်အစဉ် မှန်အတိတ်ကယ်နှင့်၊ မောင်မကြင် ဆံပင်ရိတ်ပါလို့၊ ဘိက္ခုကျွန်မ—လုပ်ပမယ်။ ။လမ်းလူနှုန်းသဘ္ဘပ၊ ဘန်းခုံးငယ် ခွက်နီနှင့်၊ ရွက်ချိခါကေသီလျှော့တယ်၊ တောထွက်မဲ့ရှယ်။ ။မသက်သာမျက်နှာဖင့်ပါဘိ၊ တသက်လျှာ ရက်ကြာလင့်ပြီဘူး၊ ခက်မြွာဆင့်တောရိပ်လယ်၊ ဇောစိတ်ကယ်တဲ့မှကြည်လှတုန်း။ ။ကွန်းဓမ္မချောင်၊ ထွန်းညီငယ် ရွှေတန်ဆောင်သို့၊ ထေရ်ဘွဲ့ခေါင် ခြေတော်စက်မှာသ၊ ဘန်းခုံးနီ ချိကာရွက်တယ်လေး၊ တောထွက်လိမ့်ဖုန်း။

ဗိမ်ရွှေမင်း တောထွက်စေ။ မင်းသမီးလိုက်စေ၊ ဥယျာဉ်တော်ကမြင်းကြီးနန်းတော်သို့ ပြန်စေ။

ဂင်္ဂါမာလဇာတ်ခေါ်

## ရေသည်ပြဇာတ် ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

# နေ့ဘက်ဆက်တွဲ

## အဓိပ္ပါယ် ဖော်ပြချက်များ။

---

၁။ ခန်းဝါ။ ။(ပေါရာဏ) နေရာ၊အရပ်။

၂။ မုရင်း။ ။မိုးယံအခါမဟုတ်၊ မြစ်ရေ ချောင်းရေဖြင့် စိုက်သောစပါး။ အများအားဖြင့်၊ ဆောင်းရာသီတွင် စိုက်လေ့ရှိသည်။

၃။ ဆန်တွင်းက နက်လွန်းလို့။ ။ရေတွင်းများနက်သောအခါ၊ ရေရရန်ခက်သည် ရေနက်သည်ဟုဆိုသည်၊ ထိုစကားမျိုးကိုယှဉ်၍၊ ဆန်တွင်းနက်သည်ဆိုသည်မှာ၊ ဆန်ရရန်ခက်သည်ဆိုလိုသည်၊ အဓိပ္ပါယ်မှာ၊ အသက်မွေးကြပ်သည်ဆိုလိုသည်။

၄။ ကောက်လျှင်။ ။အခြား ကောက်ကြီး – စသော စပါးတို့ထက်၊ပွင့်လွယ်သီးလွယ်၍၊အလျင်စားရသော စပါးတမျိုး။

၅။ ငါးသန်သေးနုပ်၊သေးငယ်၍၊ပေါပေါရသော ငါးမျိုး။

၆။ ရေလုံပြုပ်။ ။ဆီပျားမပါ၊ ရေဖြင့်ပြုပ် ချက်ထားသော စားစရာ

၇။ ဝမ်းကျောင်း။ ။ဝမ်းစာ ရှာစား ရသည်။ နွားကျောင်းသည်ဆိုသော စကားနှင့် ယှဉ်ကြည့်လေ။

၈။ ဖွတ်ပြာ။ ။ဖွတ်ရောင်၊ပြာရောင်တို့သည် မွဲသောအရောင်ရှိ၍၊သို့ကြောင့်၊ဆင်းရဲ၍ မွဲဆိုသောစကားနှင့်စပ်၍သုံးသည်။

၉။ မှန်ပိုင်း။ ။ဆိုင်းပိုင်းကို၊ပိုင်းဟူ၍လည်းခေါ်သည်၊ မှန်ပိုင်းမှာ မှန်စီခြွယ်ထားသော ပိုင်းကိုခေါ်သည်။

၁၀။ ပဲစေ့တဝက်၊ ပြောင်းတဝက်နှင့်၊ ဆန်ပြက်သိကာ၊ အထက်အညာတွင်၊ဆင်းရဲသောသူတို့မှာ ဆန်သက်သက်ကို မစားနိုင်ကြသဖြင့်၊ ပဲ,ပြောင်းတို့နှင့် ရောနှော၍ ချက်စားကြရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖြက်သိကာမှာ၊ ပါကောင်းရုံ–အနည်းငယ်မျှကိုဆိုသည်။

၁၁။ ကောလိုက်တဲ့ကံ။ ။မကောင်းသော၊ အကျိုးမရှိသော၊ နုံဖျင်းသော ကံ။

၁၂။ မုရင်း မောင်မောင်၊ ဦးချဉ်ပေါင်။ ။မုရင်းဆန်သက်သက်နှင့်၊ ချဉ်ပေါင်ဟင်းကောင်းကောင်းကို ကျွေးမွေးနိုင်သူများ။ ဤတွင်၊ ဆန်နှင့်ဟင်းကို လူကဲ့သို့တင်စား၍ သုံးခြင်းမှာ၊ အလွန်နေရာကျသည်။

၁၃။ ပဆစ်ဒိမ်ကို။ ။အချုပ်အစပ်များလွန်း၍၊ပဆစ်ဒိမ်ကွက်များကဲ့သို့ ဖြစ်နေသော ထဘီ။

၁၄။ သုံးလွန်းလိမ်ခါးတင်ထိုးလို့။ ။ရှေးကထဘီကိုအထက်ဆင့်ရှည်စွာတပ်၍၊ ပထမရင်ရှားသည်၊ တဖန်ထဘီကို၊ ခါးဆီ၌အတန်ငယ် အထက်သို့ဆွဲတင်ပြီးလျှင်၊ တချက်လိမ်၍ ဝတ်ပြန်သည်။ဤသို့ပြုသည်ကို ခါးတင် ထိုးသည်ဟု ဆိုသည်။ သုံးလွန်းလိမ်မှာ၊သုံးလိမ် နာနာကျစ်ကျစ် ထိုးထားသည်ဟုဆိုလိုသည်။ အဓိပ္ပါယ်ကား၊ထဘီတိုတိုခိုင်ခိုင်ကြီးဝတ်၍ဟုဆိုလိုသည်။ နန်းတော်သူတို့မှာကား၊ ရင်စည်းသပ်သပ်ရှိ၍၊ ရင်၌စည်းထားပြီးမှ၊ ထဘီကိုခါးတွင် ဝတ်လေသည်။ ဤသို့ဝတ်သည်ကိုကား၊ခါးချပ်ဝတ်သည်ဟု ဆိုသည်။

၁၅။ ကိုးမျက်ရုံ။ ။ကျောက်စသော ၉–ပါးသော ရတနာတို့ဖြင့် စီချယ်သော။

၁၆။ ဆိုင်းပေါင်ကျိုး။ ။ထမ်းပိုးဖြင့် ထမ်းသောဆိုင်းအချို့တို့၏အောက်ခြေမှာ၊ သစ်သားပေါင် ခံထားသည်။ ၎င်းသစ်သားပေါင် ကျိုးနေသော၊ ဝါ၊ ဟောင်းနွမ်း၊ ကျိုးပဲ့၊ ချုချာသောဆိုင်း။

၁၇။ ရောင်ထန်းစေ့မှတ်။ ။ထန်းစေ့မျှရသော မှတ်ငယ်ခန့်မျှသာရှိသောရောင်၊သေးငယ်သောရောင်။



www.burmeseclassic.com

www.burmeseclassic.com



၁၈။ ဗလချာချွတ်ခြုံ။ ။ဗလာ–ဘာမျှမရှိ။ ။ချာ–ရတ်ချာသည်၊နွမ်းဖျင်းသည်။ ။ချွတ်ခြုံ–ခါးဝတ်ကို ချွတ်၍ ခြုံနေရသည်။ အဓိပ္ပါယ်အလုံးရုံကား၊ ရတ်ချာ နွမ်းဖျင်းစွာသော ခါးဝတ်ပုဆိုး။

၁၉။ ဆံထုံးတော်ကြီး၊ တမာသီးနှင့်။ ။တမာသီးမှာ သေးငယ်၏။ ဆံထုံးတော်ကြီးဟုလည်း ဆို၏။ တမာသီးလောက် ရှိသည်လည်းဆို၏။ဤသို့မညီမညွတ်ဆိုခြင်းပင်၊ အဓိပ္ပါယ်ကို လေးနက် ရှင်ကြည်စေ၏။

၂၀။ စိတ်ပျက်အောင်လှပါတဲ့။ ။ဤစကားလည်း၊ အထက်ပါစကားကဲ့သို့ပင် လေးနက် ရှင်ကြည်စေ၏။

၂၁။ ကင်းဝတ်လှည့်။ ။ကင်း–မှာစောင့်ခြင်း၊အစောင့်တို့ကို ဆိုသည်။ အချိန်မှန်မှန် ဝတ်ပြု၍၊ လှည့်လည် စောင့်ရှောက်ရသည်။

၂၂။ ရွက်အုပ်သီးပုရတယ်။ ။ရွက်အုပ်သီးမှာ၊အရွက်များ အုပ်ကွယ်နေသဖြင့်၊လူမမြင်ရချေ။ ထို့အတူ လူမသိဘဲ ဝမ်းထဲတွင် ကျိတ်၍ပူဆွေးနေရသည်။

၂၃။ ပဏ္ဏလာ။ ။ဦးခေါင်းတွင် ဆောင်းစရာ၊ ၎င်းပဏ္ဏလာကို၊ နှီး,ထန်းဖူး,ရွက်တို့ဖြင့် ရက်လေ့ရှိသည်။သို့ကြောင့်၊ စတုဗ္ဗြို့တည် မင်းတရားကြီးလက်ထက်ရေးသည့်၊တောင်သူကြီး ဒုံးချင်းတခုတွင်၊ "နေပူရိုးစားစွပ်၊ ဆောင်းမချွတ်၊ အထွတ်မတက်၊ထန်းဖူးရွက်၊ပုံးပဏ္ဏလာ ဆောင်းတော်မူ၊ ဆူးလွတ်နေပူ၊လွှာဘိနပ်နှင့်"ဟု စပ်လေသည်။

၂၄။ ငါးကွင်း ဦးသျှောင် နတ်မင်း။ ။ဥသျှောင် ငါးခုရှိသော နတ်မင်း။ ဇိနတ္ထပကာသနီတွင်၊ "ဦးသျှောင်ငါးခုရှိသော မကိုဋ်ကို ဆောင်း"သောဟု ရှိသည်။ ထိုနတ်သားမှာ၊စောင်းအတတ်ကို အထူးတတ်သည်။၎င်းနတ်၏ စောင်းအမည်မှာ၊ ဗေဠုဝ–ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


၂၅။ သန်းကောင်မောင်း။ ။စောင်းကိုဆိုသည်။ ညဉ့်နက် သန်းကောင်အခါ၌၊ သာယာစွာမြည်ခြင်းကိုစွဲ၍ ခေါ်ဟန်ရှိသည်။ စောင်းများကို၊ဒေဝဏ္ဏန္တာ၊ သန်းကောင်မောင်း၊ သန်းကောင်ကျူး-စသည်ဖြင့်၊အမည်မှည့်တတ်သည်။ ဤတွင်ကား၊ "ဇေကဗိန္ဒနာမ်"ကို၊ "ဝေါဟာရနာမ်"အနေနှင့် သုံးထားသဖြင့်၊ စောင်းတခုတည်းနှင့် ဆိုင်သည့်မဟုတ်၊ စောင်းသာမညအမျ်ားနှင့် ဆိုင်သည်။

၂၆။ ခုနစ်ချောင်းညှို။ ။စောင်းတီးရာတွင် အရင်းမူလ အသံ ၇-ပါး။

၂၇။ ချောပို့သည်။ ။ဆောင်ပို့ခြင်း၊ စခန်းထောက်၍ ဆောင်ပို့ခြင်း၊စာပို့သည်ကိုလည်း ဆိုသည်။

၂၈။ ဥကင်ညာမော်။ ။ရာဇပလ္လင်၏ မုတ်ဦးအထွတ်ကို၊ ဥကင်ခေါ်သည်။ မြတ်သောအနက်ကို ဟောသော ဥက္ကံသ သဒ္ဒါမှ လာသည်။ညာမှာ လက်ျာဖြစ်၍၊မြတ်သောအဓိပ္ပါယ်ဖြင့်သုံးသည်။မော်မှာ၊အမြင့်ကို ဆိုသည်။

၂၉။ ကျိုးရာမဲ့သီး။ ။အကျိုးမရှိစွာ။

၃၀။ တထိုးလွှားလွှား ။ဆင်းရဲပင်ပန်းစွာ၊အားတိုက် ခွင်တိုက်ပြု၍။

၃၁။ ရွှေနန်းမြောက်ကို.... မြို့နှစ်ပြန်။ ။တောင်တံခါးမှ နန်းသို့ ၆-ယူဇနာ၊နန်းမှ မြောက်တံခါးသို့ ၆-ယူဇနာ၊ပေါင်း ၁၂-ယူဇနာ။မြို့ ၂-ပြန်မှာ၊ တောင်တံခါးမှ မြောက်တံခါးအထိ တခေါက်၊အပြန် တခေါက်၊ပေါင်း ၂၄-ယူဇနာ ရှိလိမ့်မည်။

၃၂။ ကြိတ်စာကျော့တဲ့။ ။စပါးကို ဆန်ဖြစ်အောင် ကြိတ်သောအခါ၊အချို့မှာကျေ၍၊သေးသေးဖွဲ့ဖွဲ့၊ဆန်ကွဲဆန်ညှာတို့ ဖြစ်လာ၏။ ၎င်းတို့ကို ကြိတ်စာကျေဟု၊ အထက်ဆိတွင် ခေါ်သည်။အဓိပ္ပါယ်မှာ သေးဖွဲ့ သေးနုတ်၊ နည်းပါးသည်ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



၃၃။ တသောင်းသပြာ၊ချိန်တရာ။ ။ကျပ်ရေအားဖြင့် တသောင်း ရှိသည်။ပိဿာချိန်အားဖြင့် ပိဿာတရာ ရှိသည်။

၃၄။ မုံ့စားရင်း၊ ဟှည်းစီး၊ ငါး ၂-ကောင်ဖမ်း။ ။ဟှည်းစီးစဉ် တွင် မုံ့စားသည်။အမှု ၂-ခုကို တပြိုင်တည်းပြုသည်။၎င်းတွင်၊ ဖုက်ထားသောငွေနှင့် သူရင်ပေးသနားသောငွေ ၂-ရပ်လုံး ကို ယူလိုခြင်း။

၃၅။ မြောက်စံအိမ်။ ။ရှေးထုံးစဉ်လာအတိုင်း၊ နန်းတော် သစ် တပ်ပြင်ဖက်၊ မြောက်ဖက်အရပ်တွင်၊ အိမ်ရှေ့မင်းတို့စံရန်၊ အိမ်တော်ကို ဆောက်ရသည်။ ထို့ကြောင့်၊ အိမ်ရှေ့မင်း စံ သောအိမ်ကို မြောက်အိမ်တော်၊ သို့မဟုတ်၊ မြောက်စံအိမ် တော်ဟု ခေါ်လေသည်။ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင် ရေး"ရှစ်ဆုံရွက်ကြွာ"၏၊ ပတ်ပျိုးတွင်၊ "မြောက်အိမ်တော် စံရိပ်မှာ လွမ်းစိတ်နှင့်ဆွေး"ဟု ပါလေသည်။

၃၆။ မြှက်နက်တန်။ ။အမတ=အမြှက်=နိဗ္ဗာန်၊(ပါဠိ)။နက်တန် အဟုတ်အမှန်။(ပေါရာဏ)

၃၇။ ပါရမီသုံးဆယ်။ ။ပါရမီဆယ်ပါးတွင်၊ တပါးတပါးလျှင်၊ အယုတ်,အလတ်,အမြတ်,သုံးမျိုးစီ ရှိသဖြင့်၊ ပေါင်းသုံးဆယ် ရှိသည်။

သုံးသွယ်စရိယ။ ။ဘုရားဖြစ်ရန်ကျင့်သည်မှာ အကျိုးသုံးပါးကို လို၍ ဖြစ်သည်။၎င်းတို့ကား၊ (က)ခပ်သိမ်းသော လောက၏အကျိုး။ (ခ)ဆွေတော်မျိုးတော်တို့၏အကျိုး။ (ဂ)မိမိကိုယ်တိုင် ဘုရားဖြစ်ရန် အကျိုး။

စွန့်ခြင်းငါးရပ်။ ။(က)ဥစ္စာပစ္စည်းဝတ္ထုတို့ကိုစွန့်ခြင်း၊(ခ)မယား ကိုစွန့်ခြင်း၊(ဂ)သားသမီးကိုစွန့်ခြင်း၊ (ဃ)ကိုယ်လက်အင်္ဂါတို့ကိုစွန့် ခြင်း၊(င)အသက်ကိုစွန့်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com 

၃၈။ ဗောဓိသတ်။ ။ဘုရားလောင်း။
၃၉။ ကပ္ပါး (ပေါရာဏ) ဆင်းရဲသား၊ အခြားနယ်မှလာရောက် ကပ်ခိုနေသူ။
၄၀။ ဝေါ။ ။အမိုးမရှိသော ထမ်းစင်။
ယာဉ်။ ။အမိုးရှိသော ထမ်းစင်။ စီးစရာ။
၄၁။ သကြဲန်ယင်။ ။ခေါင်းဆေးမင်္ဂလာ ပြုသည်။
၄၂။ သင်္ကီသော်မှော်။ ။သင်္ကီမှာ၊ ရွှေ။ သော်မှော်မှာ၊ နူပ်နူပ်စစ အပွင့်များ။သို့ကြောင့်၊နူပ်နူပ်စစလှာသှပပရွှေပွင့်ကြဲထား–ရေး ထား–ချယ်ထားသော။
၄၃။ ဇမ္ဗူမင်းစံ။ ။စံပြုလောက်သော ဇမ္ဗူရာဇ်ရွှေ။
၄၄။ ကျိုင်း။ ။ထီးကဲ့သို့သော မင်းသုံးအဆောင် အယောင်တမျိုး၊၎င်းမှာထီးကဲ့သို့ဆောင်းသည်မဟုတ်၊ ပိုင်ဆိုင်သူ၏ရှေ့ က၊အဆောင်အယောင်အဖြစ်ဖြင့် ယူသွားရန်သာ ဖြစ်သည်။
သိုင်း။ ။၃-ပေခွဲလောက်ကြိမ်၊ နွယ်၊သဏ္ဍာတခုခုကို၊ထိပ် ဖျားတပေခန့်မှာ အနည်းငယ်ကွေး၍၊ ၎င်းအကွေး၌၊ ကြိုး ပန်းဘွား ၂-မြွာခွဲထားသော အဆောင် အယောင် ဖြစ် သည်။
၄၅။ မဟာဥပရာဇ်။ ။အိမ်ရှေ့မင်း။
၄၆။ စက်ရုံ။ ။ခြေတော်ရုံ။
၄၇။ နန်းလောင်း။ ။ဘုရင်လောင်း၊ အိမ်ရှေ့မင်း။
၄၈။ ဖုန်းဟော့။ ။ဖုန်းရှိ။ (ပေါရာဏ) ဟော့-ဟိ-ရှိ။
၄၉။ ဇင်ဂလယ်။ ။ပါဠိ-ဇင်္ဂလ၊ ကြမ်းသော-ရိုင်းသော သေး သိမ်သော (တိုင်းငယ်-ပြည်ငယ်-ရွာငယ်)။
၅၀။ မြကေသျှောင်။ ။ကေသာသျှောင်၊ရောင်၊ဆံထုံး။
၅၁။ ဝက်စားကျင်းကော်။ ။ဝက်များသည်၊ စားကျင်း၌ အစာ ကိုစားပြီးလျှင်၊ ထိုးကော်၍ ပစ်တတ်သည်၊ ကျေးဇူးရှင်ကို ဖြစ်မှားသည်ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

၅၂။ ယောဘုယျ။ ။အများအားဖြင့်။

၅၃။ အတိုးကျွန်သည်။ ။ဆင်းရဲသည်။

၅၄။ ကြက်မ-ခွပ်သလို။ ။ကြက်မများ ခွပ်ခဲသည်၊ခွပ်လျှင်ကား၊ မလွှတ်တော့ပြီ၊တခါတည်းဆွဲ၍ သဲသဲမဲမဲ ခွပ်တတ်သည်။

၅၅။ တဇာတ်ပြောင်း၍။ ။တဘဝ-တဖြစ်ပြောင်း၍။

၅၆။ } စင်းလုံးကျွတ်။ ။ကုန်သည် စကားကလာဘဟန်ရှိသည်။
၅၇။ } သင်၏ လှေတွင် ပါသမျှ ကုန်ကို၊စင်းလုံးချွတ်၍ယူမည်၊ဘဲ့ လောက် ပေးရမည်နည်း။ စင်းလုံးကျွတ် ယူလျှင်၊တရာသာ ပေးပါတော့။ ဤတွင်၊ အလုံးရုံ၊အကုံ၊ အကြွင်းမရှိ၊ တက် တက်စင်-ဟု အဓိပ္ပါယ်ရှိသည်။

၅၈။ ဗောဓိဆုယူ။ ။ဘုရားဆုကို တောင်းသော။

၅၉။ ရွှေတောင်။ ။(ပေါ်ရာဏ) နန်း။

၆၀။ ချိပ်ပန်းသွေး။ ။ချိပ်ရည်သွေး၊ နီစွာသော အရောင်။

၆၁။ ရွှေပြည့်ကြီးနတ်။ ။ရှင်ဘုရင်။ BURMESE CLASSIC .com

၆၂။ ကိုး၌ာနဘုံ။ ။၃၁-ဘုံကို၊ ကိုယ်-ရုပ်နှင့် ပဋိသန္ဓေစိတ်ကို စွဲ၍၊တမျိုးခွဲခြား ပြသောအခါ ကိုးဘုံရသည်၊ဝင်းတို့ကား။

နာနတ္တကာယ နာနတ္တသညီ၊ အထူးထူးသော ကိုယ် အထူးထူးသောပဋိသန္ဓေစိတ်ရှိသောဘုံ၊ ဘုံအရသော် ကား၊ ကာမသုဂတိ ၇-ဘုံကိုရ၏ .... ၁

နာနတ္တကာယ ဧကတ္တသညီ၊ အထူးထူးသော ကိုယ်၊ တူသောပဋိသန္ဓေစိတ်ရှိသော ဘုံ၊ရူပါဝစရ ပထမ စျာန် ၃-ဘုံနှင့်၊အပါယ် ၄-ဘုံကို ရ၏ .... ၁

ဧကတ္တကာယ နာနတ္တသညီ၊ တူသောကိုယ်။ အထူး ထူးသောပဋိသန္ဓေစိတ်ရှိသောဘုံ၊ရူပါဝစရ ဒုတိယ စျာန် သုံးဘုံကိုရ၏ .... ၁

www.burmeseclassic.com

www.burmeseclassic.com



ကေတ္တကာယ ကေတ္တသညီ၊ တူသောကိုယ်၊ တူသော ပဋိသန္ဓေစိတ်ရှိသော ဘုံ၊ တတိယဈာန်သုံးဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံ၊တို့ကို ရ၏။ .... ၁

အသညိဘဝ၊ ကိုယ်မျှသာ ရသော ဘုံ၊ အသညသတ်ဖြပ္ဗာဘုံကိုရ၏။ .... ၁

အရူပဘဝ၊ ပဋိသန္ဓေစိတ်မျှသာ ရသော ဘုံ၊အရူပလေး-ဘုံကို၊တခုစီ ယူလေ .... ၄

ပေါင်း .... ၉

၆၃။ လောကသုံးဖြာ။ ။ဤနေရာတွင်၊ ကာမ၊ရူပ၊ အရူပ၊ ဟူသောလောကသုံးပါးကို ယူရာသည်။ ဤလောကသုံးပါးမှာ၊ ၃၁-ဘုံပင်ဖြစ်သည်။

၆၄။ ကာမဂုဏ် ငါးရပ်။ ။ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ (ရုပ်၊အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့။)

၆၅။ ဥပဒ္ဒဝေါ။ ။ဘေးရန်။

၆၆။ မန္တာတ်မင်း။ ။လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း။

၆၇။ နရက်။ ။ပါဠိ-နိရယ) ငရဲ။

၆၈။ ကျွတ်တွင်းရေ။ ။(ပေါရာဏ) ကျွတ်ငန်ရေ၊ ဆားငန်ရေ။

၆၉။ လေးမဂ်ရေ။ ။မဂ်လေးပါး (သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊အနာဂါမိမဂ်၊အရဟတ္တမဂ်။)

၇၀။ ကြိုးလိမ်ထူးပတ်။ ။ကြိုးဖြင့်ခြေလက် စသည်တို့ကို ချည်နှောင်သည်။ထူးမှာခြေကိုချည်သော ကြိုးကွင်းကို ဆိုသည်။

၇၁။ { ထောင်။ ။အပြစ်ရပြီးသူတို့ကို ချထားရာ။<br>တန်း။ ။အပြစ်မပေးရသေး၊ မစီရင်ရသေးမီချုပ်ထားသောအချုပ်ထောင်။

www.burmeseclassic.com


၇၂။ ဇုန္တကိုး ။(ပါဠိ) ဇုန္ဓ=ဘုရား၊ အင်္ဂါရ=အညွှာက် အညွန့်။ ဇုန္ဓကိုရ=ဘုရားလောင်း။

၇၃။ ရာဂီမြူမှုံ။ ။(ပါဠိ) ရာဂ=အရောင်၊ အရောင်စွဲခြင်း။ အရောင်မြူအညစ်အကြေးဟု အဓိပ္ပါယ်ရသည်။

၇၄။ သာကီလုံးမျက်ပျော်။ ။သာကီဝင် အနွယ်ဖြစ်၍၊ မျက်စေ့ကို ပျော်အောင်ပျော်နိုင်သော မိဖုရား။အဓိပ္ပါယ်ကား၊ကြည့်၍ ကောင်းသော လှပတင့်တယ်သော မိဖုရား ဆိုလိုသည်။

၇၅။ လှမနော်။ ။လှပသော မနော်နတ်သမီး။

၇၆။ လေညွှန်မည်စိုး၊ရွှေသဲမှာပျိုးပါတဲ့။ ။လေတိုက်လျှင် ယိမ်းနွဲ့ပျက်စီးမည်စိုး၍၊ရွှေသဲနှင့် ပျိုးစိုက်ထားသော၊ယုယစွာ စိုက်ပျိုးထားသော။

ပြီး ပြီး။

www.burmeseclassic.com